ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday 30 December 2018 ၉၅၁၆

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေအိမ်၌ ကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း နေ့လယ်စာစားပွဲသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ခရစ်တော်မွေးနေ့(ခရစ္စမတ်) ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း နေ့လယ်စာစားပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏နေအိမ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ခရစ္စမတ်အထိမ်းအမှတ်ကိတ်ကို အတူတကွ လှီးဖြတ်ပေးကြစဉ်။

ဗန်ကောက်မြို့ ဆာနမ်လွန်တွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သခြင်းအခမ်းအနား ကျင်းပ

စာမျက်နှာ » ၅



လွတ်လပ်ရေးတန်ဖိုး လွတ်လပ်ခြင်း တန်ခိုး

စာမျက်နှာ » ၆

ကလေးစာပေပွဲတော်(မူဆယ်) ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ

စာမျက်နှာ » ၈

မေတ္တာလေနအေး နှစ်သစ်ကို ပြေးလို့ကြို

စာမျက်နှာ » ၁၉



ကြေးမုံ

# ဒီမိုကရေစီအနှစ်သာရဖြင့် ပြည်သူ့အကျိုးကို သယ်ပိုး

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတနိုင်ငံတော် ပေါ်ထွက်လာသည့်အချိန်မှစ၍ အခြေခံဥပဒေအသက်ဝင်ပြီး ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်နှင့် အချုပ်အခြာအာဏာသည် ပြည်သူတို့၌ တည်လေသည်။ ပြည်သူတို့၌ တည်သည်ဆိုရာ၌ ပြည်သူတို့က ရွေးချယ်တင်မြှောက်ပေးလိုက်သော ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံ့အရေးအရာကိစ္စရပ်များကို ပြည်သူတို့ကို ကိုယ်စားပြု၍ ဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကာလမှစ၍ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်သည်ဆိုသော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် ဒီမိုကရေစီစနစ်သည် မြန်မာနိုင်ငံတွင် တစ်ခန်းရပ်သွားခဲ့ရသည်။ ယင်းအချက်သည်ပင် မြန်မာနိုင်ငံသည် နိုင်ငံတကာတွင် နောက်ကျကျန်ရစ်ခဲ့ရသည့် အကြောင်းတစ်ချက်ဟု ဆိုရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံနှင့်ပြည်သူကိုအကျိုးပြုမည့် ဒီမိုကရေစီစနစ်ကို စတင်ပုံဖော်ထုဆစ်လျက်ရှိသည်။ ဒီမိုကရေစီစနစ်ကို စတင်တက်လှမ်းစ ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် ဥပဒေပြုရေးမဏ္ဍိုင်သည် ဒီမိုကရေစီစနစ်ကို စတင်ပုံဖော်ကြရသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကာလက နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံပြန်လည်ထူထောင်ရေး၊ နိုင်ငံတည်ဆောက်ရေး၊ နိုင်ငံအုပ်ချုပ်ရေးတို့အတွက် ဥပဒေပြုရေးကိစ္စအဝဝတို့ကို မြန်မာအမျိုးသား ကိုယ်စားလှယ်များပါဝင်သည့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ဒီမိုကရေစီစနစ်ကို အသက်သွင်းပြီး ပြည်သူ့အခွင့်အရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ခဲ့သည်။

ဒီမိုကရေစီစနစ်တွင် နိုင်ငံ၏အခြေခံအုတ်မြစ်ဖြစ်သည့် လွှတ်တော်များ ခိုင်မာအားကောင်းစေရန် လိုအပ်သည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း အရည်အချင်းပြည့်ဝနေရန် လိုအပ်သည်။ လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆက်ဆံဆောင်ရွက်ကြရန် လိုအပ်သည်။ လွှတ်တော်အတွင်း ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ကြရာတွင် ဒေသစွဲ၊ လူမျိုးစွဲ၊ ပါတီစွဲမထားဘဲ အများပြည်သူအကျိုး၊ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ကြမည်ဟု ခံယူထားရမည် ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေပြုရေး၊ ပြင်ဆင်ရေးကိစ္စများကို မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းကမဆို ဆောင်ရွက်ရာတွင် ကြိုဆိုရမည်ဖြစ်သည်။ ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးကြရမည်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အတွက် လိုအပ်သည့်ဥပဒေများနှင့် ပြင်ဆင်သင့်သည့်ဥပဒေများကို ပြင်ဆင်အတည်ပြုပြဋ္ဌာန်းနိုင်ရေးသည် ပြည်သူ့အကျိုးကိုရှေးရှုဆောင်ရွက်သည့် ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်ပင် ဖြစ်သည်။

ကျင်းပပြီးသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း ၂၆ ခုရှိပြီး ကိုးခုကို အတည်ပြုနိုင်ခဲ့သည်။ လွှတ်တော်များတွင် ဆောင်ရွက်ရန် ဥပဒေကြမ်းစုစုပေါင်း ၃၀ ရှိသေးသည်။ ပြည်ထောင်စုလွှတ်တော်တွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအပါအဝင် ဥပဒေလေးခု ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ အခြားဆောင်ရွက်ရန်၊ ဆောင်ရွက်ဆဲနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများစွာတို့ကို ဆွေးနွေးညှိနှိုင်းဖော်ဆောင်နိုင်ခဲ့သည်။

သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ အဓိကအသက်သွေးကြောဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်မှ ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံနှင့်ပြည်သူအကျိုးရှိမည့် ဥပဒေများ၊ အရေးကိစ္စများကိုဆွေးနွေးညှိနှိုင်းအတည်ပြုကြရာတွင် တရားဥပဒေ၏ အခြေခံသဘောတရားဖြစ်သည့် တရားမျှတမှု၊ သာတူညီမျှရှိမှုနှင့် မှန်မြတ်သည့်စိတ်ထားများ ထားရှိဆောင်ရွက်ခြင်းဖြင့် လွတ်လပ်သော ဒီမိုကရေစီနိုင်ငံ၏ တန်ဖိုးနှင့် အနှစ်သာရများနှင့် ဆီလျော်ကိုက်ညီသည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

# ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

# လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် စွမ်းအားသစ် အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်တို့အကြား လျှပ်စစ်ဓာတ်အားဝယ်ယူရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် စွမ်းအားသစ်အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်တို့အကြား လျှပ်စစ်ဓာတ်အား ဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားဝယ်ယူနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် စွမ်းအားသစ် အိုအေစစ် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်တို့အကြား လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် ဓာတ်အားပေးစက်ရုံ နှစ်ရုံပါဝင်ပြီး စုစုပေါင်းစက်တပ်ဆင်အင်အားမှာ ၃၀ ဒသမ ၄ မဂ္ဂါဝပ် ဖြစ်ကြောင်း၊ ဒီဇိုင်းအရ နှစ်စဉ်ထုတ်လုပ်နိုင်မှုပမာဏမှာ ၁၃၄ ဒသမ ၄၈၂ ကီလိုဝပ်နာရီ သန်းပေါင်းဖြစ်ကြောင်း၊ စီမံကိန်းပြီးစီးပါက ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ သတ်မှတ်စီမံကိန်းကာလအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုအစီအစဉ်နှင့် လူမှုရပ်ရွာအကျိုးပြုမှု အစီအစဉ်အဖြစ် CSR လုပ်ငန်းအတွက် နှစ်စဉ် အသားတင်အမြတ်ငွေ၏ နှစ်ရာခိုင်နှုန်းကို အသုံးပြုမည်ဖြစ်ခြင်းတို့ကြောင့် ဒေသဖွံ့ဖြိုးရေးအပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စွမ်းအားသစ် အိုအေစစ် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာတို့က လျှပ်စစ်ဓာတ်အားဝယ်ယူရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာပေ ပထမဆုရရှိသည့် ဇာနည် (ဘူမိဗေဒ)၏ "အကြမ်းဖက်ဝါဒလုံခြုံရေးနှင့် လူ့အခွင့်အရေး" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စာရေးဆရာ Mahmood Monshipouri ရေးသားထားသည့် Terrorism, Security and Human Rights (Harnessing the Rule of Law) စာအုပ်မှ အခန်းနှစ်ခန်းကို ရွေးချယ်ဘာသာပြန်ထားသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် အကြမ်းဖက်ဝါဒက အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ၏အုပ်ချုပ်ရေးယန္တရားကို ဒုက္ခပေးလျက်ရှိရာ ယင်းအကြမ်းဖက်မှုများကို တန်ပြန်ချေမှုန်းရာတွင် ပြည်သူတို့၏ လုံခြုံရေးကို အလေးထားဆောင်ရွက်ရပြီး စစ်ရေးအရ အရေးယူဆောင်ရွက်ရပုံ၊ ဒီမိုကရေစီမြှင့်တင်ရေး၊ တရားစီရင်ရေး၊ သံတမန်ရေးတို့ ပူးတွဲဆောင်ရွက်ရပုံတို့ကို အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အာရှနိုင်ငံအချို့၏ဖြစ်ရပ်များကို သာဓကဆောင်ကာ ဘာသာပြန်ရေးသားသဖြင့် ယနေ့အကြမ်းဖက်ဝါဒ၏ ဆိုးကျိုးများကို သိမြင်နားလည်နိုင်မည်ဖြစ်ရာ စာဖတ်ပရိသတ်များ ဝယ်ယူဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ရောင်းဈေး ၁၂၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကြေးမုံ**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်




"လွတ်လပ်ရေး ဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့"

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု
နှစ်နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သိက္ခာတော်ရ ဆရာတော်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေနှင့် မိသားစုတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆုတောင်းမေတ္တာပို့သ**

နေ့လယ်စာစားပွဲတွင် နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာ တင်မောင်အေးက ခရစ္စမတ် ဆုမွန်ကောင်းတောင်း ဖွင့်လှစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် ဘုရားသခင်ကောင်းချီးမင်္ဂလာရရှိစေရန် ဆုတောင်းမေတ္တာပို့သသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေနှင့် မိသားစုဝင်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က ခရစ္စမတ် အထိမ်းအမှတ်ကိတ်ကို အတူတကွ လှီးဖြတ်ပေးကြသည်။

ယင်းနောက် နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသူများက ခရစ္စမတ်တေးသီချင်းကို သီဆိုကြသည်။

ထို့နောက် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရ ဆရာတော် ဦးချမ်းခေါက ကျေးဇူးတော်ချီးမွမ်း၍ ဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများက နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာစားပွဲ အပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့်အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခွဲခြားမှုမရှိ၊ ဘက်လိုက်မှုမရှိ၊ တရားမျှတစွာ ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာရှိ သုတစာအုပ်များ၊ ရသစာအုပ်များကို လေ့လာနိုင်ရန်၊ ဝါသနာပါသည့် သိပ္ပံဘာသာရပ်များ လေ့လာသင်ယူနိုင်ရန်အတွက် အင်္ဂလိပ်စာအရည်အသွေးမြင့်မားရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာ အရည်အသွေးမြင့်မားရန်အတွက် ပြုစုပျိုးထောင်သည့် ဆရာဆရာမများ၏ English Language Proficiency ကောင်းရန် အရေးကြီးပါကြောင်း။

သိပ္ပံဘာသာရပ်များ၊ နည်းပညာဘာသာရပ်များ၊ အင်ဂျင်နီယာဘာသာရပ်များကို လေ့လာရန်အတွက် သင်္ချာဘာသာရပ်သည် အခြေခံကျပြီး သင်္ချာစွမ်းရည်မြင့်မားမှသာ နိုင်ငံတကာ International Mathematical Olympic (IMO) ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် IMO ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများက ပထမအကြိမ်တွင် အဆင့် ၉၆၊ ၂၀၁၇ ခုနှစ် ဒုတိယအကြိမ်တွင် အဆင့် ၉၉ ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် နိုင်ငံတကာအဆင့်တွင် ၈၅ ရရှိအောင် ကျောင်းသား ကျောင်းသူများက စွမ်းဆောင်ရည်ကောင်းမွန်စွာ ယှဉ်ပြိုင်နိုင်သည်ကို တွေ့ရှိရပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဋ္ဌမတန်း အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်တည်တံ့၊ ဒုတိယဆုရရှိသူ မမေမြတ်နိုးဇင်နှင့် တတိယဆုရရှိသူ မထက်ထက်ဇော်မြင့်တို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်နေစိုးလွင်၊ ဒုတိယဆုရရှိသူ မဟန်နီလင်းနှင့် တတိယဆုရရှိသူ မနှင်းသီရိဝေတို့အား လည်းကောင်း ဆုများပေးအပ်ကြသည်။

ထို့နောက် သတ္တမတန်း၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆု မောင်ထိန်လင်း၊ ဒုတိယဆု မောင်လေးမာန်ခန့်နှင့် တတိယဆု မကြယ်စင်ရဲထွန်း၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆု မဖြူသန့်စင်၊ ဒုတိယဆု မောင်ကောင်းထက်နောင်နှင့် တတိယဆု မသွန်းနဒီဦး၊ ဆဋ္ဌမတန်း၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆု မအေးမြတ်ကြည်ဖြူ၊ ဒုတိယဆု မောင်ညီဟိန်းဇော်နှင့် တတိယဆု မမေမြတ်နိုးခေတ်၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆု မောင်မင်းလျှမွန်၊ ဒုတိယဆု မမေမျက်ခြယ်နှင့် တတိယဆု မောင်စိုးသွေး၊ ပဉ္စမတန်း၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆု မောင်စိုင်းခေးသျှံ၊ ဒုတိယဆု မနှင်းယမုံဦးနှင့် တတိယဆု မောင်နေထက်သာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆု မောင်ညဏ်လင်းထူး၊ ဒုတိယဆု မောင်ဇေလင်းထက်နှင့် တတိယဆု မဖြိုးအိမွန်၊ စတုတ္ထတန်း၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆု မဆုလင်းထက်၊ ဒုတိယဆု မစိုးယုခိုင်နှင့် တတိယဆု ဆောင်းမြူနှင်းအိမ်၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆု မစုရတနာထွန်း၊ ဒုတိယဆု မောင်အောင်ဘုန်းခန့်နှင့် တတိယဆု မောင်ကောင်းမွန်ဆက်တို့အား ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး အကဲဖြတ်စစ်ဆေးခြင်းများတွင် ကူညီဆောင်ရွက်ပေးသော တက္ကသိုလ်များမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**သတင်းစဉ်**

✻ ကျောဖုံးမှ

အဆိုပါ ပြည်နယ်တရားလွှတ်တော် အဆောက်အဦကို တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ တရားရုံးအင်္ဂါရပ်များနှင့် ညီညွတ်သည့် တရားရုံးအဆောက်အဦများ တည်ဆောက်ရေး ဟူသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ သုည ဒသမ ၈၈၇ ဧက ကျယ်ဝန်းသော မြေပေါ်၌ အလျား ၁၆၇ ပေ၊ အနံ ပေ ၁၂၀ ရှိ RC သုံးထပ်အဆောက်အဦ တည်ဆောက်သွားမည်ဖြစ်ပြီး တရားခွင် သုံးခွင်၊ တရားသူကြီးနားနေခန်း လေးခန်း၊ တရားရေးအရာရှိများအခန်း၊ ဥပဒေအရာရှိများနားနေခန်း၊ ရှေ့နေများနားနေခန်း၊ လုံခြုံရေးအခန်း၊ သက်သေခံပစ္စည်း ထိန်းသိမ်းခန်း၊ စာကြည့်တိုက်ခန်း၊ အမှုတွဲထိန်းသိမ်းခန်း၊ အစည်းအဝေးခန်း၊ ဧည့်ခန်း၊ မီဒီယာတွေ့ဆုံမေးမြန်းခန်း၊ အမှုလက်ခံခန်း၊ ငွေသွင်း၊ မိတ္တူကူးခန်းများအား သတ်မှတ်အကျယ်အဝန်းနှင့်အညီ ဖွဲ့စည်းပါရှိကာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အဦအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ချင်းပြည်နယ် တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကျင်းပစဉ်။

# နေပြည်တော်အတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

**ကျော်သွင်၊ အေးအေးသန့်**
**ဓာတ်ပုံ- ထိန်နန်နော်**

**ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၉ ဇန်နဝါရီ ၁ ရက်အထိ ရုံးပိတ်ရက်ကာလအတွင်း မိမိတို့၏ သက်ဆိုင်ရာမွေးရပ်ဌာနေများသို့ ပြန်ကြသူများ ရှိသကဲ့သို့ နေပြည်တော်အတွင်းရှိ ထင်ရှားသည့်နေရာများဖြစ်သည့် ဉပ္ပါတသန္တိစေတီတော်၊ ဗုဒ္ဓဂယာဘုရား၊ ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ ဆာဖာရီတိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ ငလိုက်ဆင်စခန်း စသည့်နေရာများသို့ နေပြည်တော်အနီးတစ်ဝိုက်နှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိရာ ၎င်းတို့နှင့် တွေ့ဆုံ၍ ရင်တွင်းခံစားချက်များကို မေးမြန်းခဲ့ပါသည်။**

**ဦးကျော်သူထိုက် (အုပ်ချုပ်ရေးမှူး၊ တိရစ္ဆာန်ဥယျာဉ်- နေပြည်တော်)**

ဆာဖာရီ တိရစ္ဆာန်ဥယျာဉ်က နေပြည်တော် မြို့အစွန်မှာ ရောက်နေတဲ့အတွက် မိုးရာသီလိုကာလမျိုးမှာ လူဦးရေလျော့နည်းတာကို တွေ့ရပါတယ်။ နေ့စဉ်ကတော့ လူဦးရေ ရာဂဏန်းလောက်သာဝင်ပြီး ပွင့်လင်းရာသီကာလမျိုးမှာ လူဦးရေ သုံးထောင်နဲ့ လေးထောင်ကြား ဝင်ပါတယ်။ လက်ရှိတိရစ္ဆာန်ဥယျာဉ်မှာ လာရောက်တဲ့သူတွေကို ဘာဂီကားတွေ ငှားပေးပါတယ်။ လျှပ်စစ်စက်ဘီးတွေနဲ့ လည်ပတ်ချင်တဲ့သူတွေကိုလည်း စီစဉ်ပေးပါတယ်။ နောက်ပြီး ဘာဂီနဲ့ လျှပ်စစ်စက်ဘီးမစီးချင်တဲ့သူတွေကို ဆင်တွေနဲ့လှည့်လည်ကြည့်ရှုနိုင်တဲ့ ဝန်ဆောင်မှုမျိုးပေးပါတယ်။ အခုလို ရုံးပိတ်ရက်များတဲ့အချိန်တွေမှာတော့ အရင်လတွေထက် လာရောက်လည်ပတ်မှု ပိုများပါတယ်။ လက်ရှိမှာတော့ ပြကွက်တွေ အများကြီးထားရှိပါတယ်။ ရှေ့ဆက်ပြီးတော့ ဆင်တွေနဲ့ ပိုပြီးလည်ပတ်နိုင်ဖို့ စီစဉ်သွားမှာပါ။ နောက်ပြီး ဘာဂီတွေ တိုးချဲ့နိုင်အောင်နဲ့ လာရောက်လည်ပတ်သူတွေ စိတ်ချမ်းသာစွာ အပန်းဖြေအနားယူနိုင်တဲ့ အခြေအနေဖြစ်အောင် ပြင်ဆင်ဆောင်ရွက်သွားမှာပါ။

**ဒေါ်အုန်းကြင်(ပြင်ဦးလွင်မြို့နယ်)**

ပိတ်ရက်မှာ ပြင်ဦးလွင်ကနေ လာရောက် လည်ပတ်တာပါ။ ကျိုက်ထီးရိုးဘုရားဖူးပြီး နေပြည်တော်ကို လာရောက်လည်ပတ်တာ ဖြစ်ပါတယ်။ နေပြည်တော်မှာတော့ ဗုဒ္ဓဂယာဘုရားဖူးပြီး အခု တိရစ္ဆာန်ဥယျာဉ်ကို လာရောက်လည်ပတ်တာပါ။ နေပြည်တော်ကို ရောက်ဖူးချင်နေခဲ့တာ ကြာပါပြီ။ အခုလို လာရောက်လည်ပတ်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ နေပြည်တော်မှာ ဗုဒ္ဓဂယာဘုရား တည်ထားပေးတဲ့အတွက် စိတ်ထဲကြည်နူးရပါတယ်။

**မနန်းနှင်းဝတ်ရည်လွင်(ကျောင်းသူ)**

ကျွန်မရဲ့ဇာတိက ရန်ကုန်က ဖြစ်ပါတယ်။ နေပြည်တော်ကိုတော့ ခဏခဏ ရောက်ဖြစ်ပါတယ်။



ဦးကျော်သူထိုက်



ဒေါ်လှမွန်မြင့်



ဒေါ်အုန်းကြင်



ဦးသန်းလှိုင်

နေပြည်တော်ရောက်ရင်တော့ ဗုဒ္ဓဂယာနဲ့ ရေပန်းဥယျာဉ်၊ ဉပ္ပါတသန္တိဘုရားနဲ့ တိရစ္ဆာန်ဥယျာဉ်တွေကို သွားရောက်လည်ပတ်ဖြစ်ပါတယ်။ နေပြည်တော်ကို လာရောက်လည်ပတ်ရတဲ့ ခံစားချက်ကတော့ လမ်းတွေကတော့ ကောင်းတယ်။ ဒါပေမယ့် တစ်နေရာနဲ့ တစ်နေရာက ဝေးလွန်းတယ်။ အခုလို မိသားစုနဲ့ လည်ပတ်ရတာ ပျော်ပါတယ်။

**ဦးနိုင်နိုင်ထူး(ကုမ္ပဏီဝန်ထမ်း)**

ကျွန်တော်က ဇမ္ဗူသီရိမြို့နယ် သီရိရတနာအဆင့်မြင့်ဈေးမှာ နေပါတယ်။ ဒီနေ့တော့ တိရစ္ဆာန်ဥယျာဉ်ကို လာတာပါ။ ကလေးတွေအတွက် ခြင်္သေ့ဖြူ၊ ကျားဖြူတို့လို ရှားပါးတဲ့ တိရစ္ဆာန်တွေကို လာရောက်ပြပေးတာပါ။ ရုံးပိတ်ရက် ရက်ရှည်က ဝန်ထမ်းတွေအတွက် ရှိသင့်ပါတယ်။ သင်္ကြန်တွင်း ရုံးပိတ်ရက် ၁၀ ရက်ကနေ ၅ ရက်လျှော့ချပြီး အချို့လတွေမှာ ထည့်ပြီးပိတ်ပေးတာကို ပိုကောင်းတယ်လို့ မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်္ကြန်တွင်းဆိုရင် ရက်တွေရှည်တယ်။ ကျွန်တော်တို့ ကုမ္ပဏီတွေဆိုရင် ဝန်ကြီးဌာနတွေနဲ့ ရုံးဆက်ဆံရေးတွေ ရှိပါတယ်။ ရုံးပိတ်ရက်များတော့ ကျွန်တော်တို့ အလုပ်တွေက အလွန်နှောင့်နှေးတာတွေရှိပါတယ်။ အခုလို ခွဲပိတ်လိုက်တော့ တစ်နှစ်လုံးမှာ နှစ်ကြိမ်လောက် ခရီးသွားလို့ရတာတွေ ကြုံလာတာပေါ့။ ကျွန်တော့်အနေနဲ့တော့ ပိုကောင်းတယ်လို့ မြင်ပါတယ်။

**ဦးသန်းလှိုင်(ဝန်ထမ်း)**

ကျွန်တော်က ဇေယျာသီရိမြို့နယ်ထဲမှာ နေပါတယ်။ ဒီနေ့ကတော့ ရုံးပိတ်လို့ မိသားစုတွေနဲ့အတူ အလည်အပတ် ထွက်ဖြစ်တာပါ။ ဒီရုံးပိတ်ရက် လေးရက်မှာ နောက်ထပ် ဘုရားတွေဖူးဖို့နဲ့ စစ်သမိုင်းပြတိုက်ကို သွားဖို့ရှိပါတယ်။ ပိတ်ရက်တွေမှာတော့ မိသားစုနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားကြတာပေါ့။ တချို့က အလုပ်အကိုင်တွေ ရှိသေးတော့ ပင်ပန်းတော့ မကြိုက်ကြဘူး။ ကျွန်တော့်အတွက်ကတော့ ခွဲပိတ်တာ ပိုပြီးအဆင်ပြေပါတယ်။

**မနှင်းဝတ်ရည်ထွန်း(ဘဏ်ဝန်ထမ်း)**

ကျွန်မက ရန်ကုန်က လာတာပါ။ ရုံးပိတ်ရက် ရက်ရှည်ပိတ်တော့ နေပြည်တော်က ဆွေမျိုးတွေဆီ အလည်အပတ်လာတာဖြစ်ပါတယ်။ နေပြည်တော်ကို ပထမဆုံးရောက်ဖူးပြီး ဒီနေ့တော့ တိရစ္ဆာန်ဥယျာဉ်ကို အရင်ဆုံးလာတာပါ။ နောက်ထပ် ဆာဖာရီ တိရစ္ဆာန်ဥယျာဉ်၊ ငလိုက်ဆင်စခန်း၊ ဉပ္ပါတသန္တိဘုရားတို့ကို သွားမှာပါ။ နောက်ရက်တွေကိုတော့ အထင်ကရ ဘုရားတွေ လိုက်လံဖူးမြော်ဖို့ စီစဉ်ထားပါတယ်။ ရုံးပိတ်ရက်တွေများတော့ မိသားစုနဲ့အတူ အလည်အပတ်လည်းသွားဖြစ်တယ်။ ဆွေမျိုးတွေလည်း ဆုံရတယ်။ ဒီလို ပိတ်ရက်ရှည်တွေရှိတော့ ကျွန်မတို့ ဝန်ထမ်းတွေအတွက် ဝမ်းသာရပါတယ်။

**ဒေါ်လှမွန်မြင့်(ခရီးသွား)**

ကျွန်မက ရန်ကုန်က လာတာပါ။ တူမတွေဆီ မရောက်တာလည်း ကြာတော့ သူတို့ ရုံးပိတ်ရက်ရှည်ရတုန်း ဘုရားဖူးရင်း အထင်ကရနေရာတွေ သွားဖြစ်တာပါ။ ရုံးပိတ်ရက်က နည်းရင်တော့ တွေ့ရဖို့ခက်ခဲပါတယ်။ အခုလို ပိတ်ရက် လေးရက်ဆိုတော့ ဆွေမျိုးသားချင်းဆုံရင်း အလည်အပတ်လေးတွေ သွားရတာပေါ့။ ဒီနေ့တော့ ဆာဖာရီတိရစ္ဆာန်ဥယျာဉ်ကို ရောက်ဖြစ်ပါတယ်။ ပြီးရင်တော့ ကျန်တဲ့နေရာတွေ ဆက်သွားဦးမှာပါ။



မနှင်းဝတ်ရည်ထွန်း



မနန်းနှင်းဝတ်ရည်လွင်



ဦးနိုင်နိုင်ထူး

❍ ပထမတန်းပြိုင်ပွဲမှ

၂၀၁၇ ရာသီကုန်တွင် အသင်းဖျက်သိမ်းခဲ့သော်လည်း ၂၀၁၈ ခုနှစ်ကုန်တွင် ပြန်လည်ဖွဲ့စည်းကာ ပထမတန်း၌ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းမှာမူ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ရှိုင်ရယ်သန်လျင်အသင်းသည် ပြီးခဲ့သည့် ရာသီတွင် ချန်ပီယံဆုရကာ တန်းတက်ခွင့်ရသော်လည်း MNL တွင် ယှဉ်ပြိုင်နိုင်သည့် ဘတ်ဂျက် အနေအထားမရှိသောကြောင့် ပထမတန်းတွင် ယှဉ်ပြိုင်ခဲ့ရပြီး ယင်းအသင်းအစား MNL မှ တန်းဆင်းလာရသည့် Chinland အသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရခဲ့သည်။

**ရှိုင်းထက်ဇော်**

❖ နိုင်ငံတကာခြေစမ်းပွဲများမှ

မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်သည့် တိုက်စစ်မှူး ထက်ဖြိုးဝေ၊ ကွင်းလယ်ကစားသမား လွင်မိုးအောင်၊ နောက်ခံလူများဖြစ်သည့် ရဲရင့်အောင်နှင့် ဝင်းမိုးကျော်တို့ကို အားဖြည့်ရွေးချယ်ထားသည်။

မြန်မာ ယူ-၂၂ အသင်းသည် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲမတိုင်မီ အကြိုပြင်ဆင်မှုအဖြစ် ဇန်နဝါရီ ၇ ရက်တွင် အိုမန် ယူ-၂၂ အသင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ကာတာ ယူ-၂၂ အသင်းတို့နှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

✻ ထိုင်းလိဂ်-၂ မှ

စည်သူအောင်နှင့် ဇော်မင်းထွန်း၊ မြောင်တောင်အသင်းက အောင်သူ၊ ဆာမတ်ပရာခန်အသင်းက ကျော်ကိုကိုတို့ကို ခေါ်ယူထားပြီး ရတ်ချာဘူရီအသင်းမှာလည်း သိန်းသန်းဝင်းကိုခေါ်ယူရန် သဘောတူညီမှုရထားသည်။

ဆာမတ်ဆာခွန်အသင်းသည် မြန်မာကစားသမားများကို ဆက်တိုက်ခေါ်ယူလျက်ရှိပြီး သန်းထက်အောင်မတိုင်မီက ကောင်းဆက်နိုင်(နှစ်ကြိမ်)၊ ရှိုင်းသူရတို့ ပါဝင်ကစားခဲ့သည်။

**ရှိုင်းထက်ဇော်**

# ပန်ကောက်မြို့ ဆာနမ်လွှန်တွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**
နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆာနမ်လွှန် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဆုတောင်းမေတ္တာပို့သခြင်းအခမ်းအနားသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ၁၆ ပါးနှင့် ဗဟိုဝန်ဆောင်ဆရာတော်များ၊ တိပိဋကဆရာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သံဃနာယက ဆရာတော်များအပါအဝင် သံဃာတော် စုစုပေါင်း ၃၁ ပါးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အပါအဝင် လူပုဂ္ဂိုလ် ၂၆ ဦး တက်ရောက်ခဲ့ကြသည်။

နှစ်သစ်အကြိုဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဆာနမ်လွှန် မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းအထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီမှ စတင်ကာ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ သံဃာတော်များက နှစ်သစ်ကူးအကြို ဝတ်ပြုဆုတောင်းခြင်းကို ပြုလုပ်သွားမည်ဖြစ်သည်။

နှစ်သစ်အကြို ဆုတောင်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဗဟို (ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက ကုန်ကျစရိတ်များကို ကျခံလှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယမန်နှစ် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်သို့ ကူးပြောင်းခဲ့ပြီးဖြစ်သည့် နှစ်သစ်ကူး ဆုတောင်းပွဲအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ရှိ ဇမ္ဗူဥဩဇ္ဈာင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်တွင် နိုင်ငံပေါင်းစုံမှ သံဃာတော်များကို ပင့်ဖိတ်ကာ နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားကို Asian Buddhist Community (ABC) နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းတို့ ပူးပေါင်းကာ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၂၉**
မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ဆွေးနွေးသည်။

အခမ်းအနားတွင် နှီးနှောဖလှယ်ပွဲ သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေက အဖွင့်အမှာစကားပြောကြားပြီး ညီလာခံမှ အဆိုပြုချက်များနှင့် ပတ်သက်၍ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုဆွေးနွေးကြသည်။



ထို့နောက် **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်** ခေါင်းစဉ်ဖြင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ဦးဆောင်ပြီး ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေး၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် (ငြိမ်း) ပါမောက္ခဒေါက်တာစန်းစန်းနွဲ့၊ တိုင်းရင်းဆေး ကောင်စီဝင် ဦးသန်းထွန်း၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ပါမောက္ခ ဝင်းနိုင်၊ အနာပေါက်ရောဂါကုသမှုပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခအောင်ကျော်မင်း၊ အကြော၊ အရိုး၊ အဆစ်ပညာဌာန ပါမောက္ခ/ဌာနမှူး (ငြိမ်း) ပါမောက္ခ မောင်မောင်သက်၊ ဆေးပညာဌာနပါမောက္ခ ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းတို့က ဆွေးနွေးတင်ပြကြပြီး တက်ရောက်ကြသူများက ပါဝင်ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖြည့်ဆည်း ဆောင်ရွက်ပေးမည့်ကိစ္စများကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် **မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ပိုင်းဝန်းဆောင်ရွက်ရန်** ခေါင်းစဉ်ဖြင့် အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်း ကျော်က ဦးဆောင်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး (သုတေသနနှင့်ဖွံ့ဖြိုးရေး) (ငြိမ်း) ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်) ဒေါက်တာ မြင့်မြင့်သန်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူ များနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ) ဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ အဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းမှ ဦးသိန်းဝင်း၊ စကြာမင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးမြင့်ဝေ၊ ရုပ်ပျိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးကျော်သက်နိုင်တို့က ဆွေးနွေး တင်ပြကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည် များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှော ဖလှယ်ပွဲပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာမိုးဆွေက နိဂုံးချုပ်စကားပြောကြားပြီး (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲ Panel Discussion တွင် ဆွေးနွေးခဲ့ကြ သော Panellists များနှင့် တိုင်းရင်းဆေးပြခန်း ပြသ ကြသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များ အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **သတင်းစဉ်**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)၏ (၃၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပ ရာ တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့များအပြင် ယခုနှစ်တွင် ပထမဆုံးအကြိမ် ချီးမြှင့်သည့် မွေးမြူရေးပညာဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ သည်။

**ပေးအပ်ချီးမြှင့်**

ယနေ့နံနက်ပိုင်းတွင် ပါရဂူဘွဲ့(Ph.D)ရရှိသူနှစ်ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(MVSc)ရရှိသူ ၁၀ ဦးနှင့် တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ (BVSc)ရရှိသူ ၂၁၈ ဦးတို့အား မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)မှ ပါမောက္ခ ချုပ် ဒေါက်တာမာမာဝင်းက ဘွဲ့လက်မှတ်များ ပေးအပ် ချီးမြှင့်သည်။

ထို့နောက် ပါမောက္ခချုပ်က အမှာစကားပြောကြားရာ နိုင်ငံတော်၏ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် မွေးမြူရေးဆေးကုဆရာဝန်ကောင်းများ အားသစ်လောင်းမွေးဖွားလာခြင်းကြောင့် နိုင်ငံတော်အနေ ဖြင့်လည်း ဂုဏ်ယူဝမ်းမြောက်ရသည့်နေ့ ဖြစ်ပါကြောင်း၊ ယနေ့ခေတ် မွေးမြူရေးဆေးကုဆရာဝန်များ၏ အခန်း ကဏ္ဍအနေဖြင့် တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေး သက်သက်မဟုတ်ဘဲ လူထုကျန်းမာ ရေး၊ တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သော ရောဂါ များ ကာကွယ်ထိန်းချုပ်ရေး၊ မွေးမြူရေးလုပ်ငန်းထွက် ထုတ်ကုန်များဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး စသည့် လုပ်ငန်းများပါ ပါဝင်နေ ခြင်းကြောင့် မိမိဝါသနာပါရာကို ရွေးချယ်လုပ်ကိုင်ရင်း နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ထူးချွန်ဆရာမဆုရရှိသည့် ဒေါက်တာရင်ငြိမ်းအေး၊ တိရစ္ဆာန် ဆေးပညာသိပ္ပံဘွဲ့ရရှိသူများထဲမှ တန်းစဉ်အလိုက် စုစုပေါင်း ရမှတ်အများဆုံးရရှိကြသည့် မမိုးမြင့်သွယ်၊ မလင်းချယ်ရီ စန်းနှင့် မချစ်စုထွေးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် မွေးမြူရေးပညာဘွဲ့(BASc) ရရှိသူ များအား ပါမောက္ခချုပ် ဒေါက်တာ မာမာဝင်းက ဘွဲ့ လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး မွေးမြူရေးပညာဘွဲ့ ရရှိသူများထဲမှ တန်းစဉ်အလိုက် စုစုပေါင်း ရမှတ်အများ ဆုံးရရှိကြသည့် မဖြိုးသီတာအောင်၊ မရှုမငြီး၊ မယမင်းနိုင် တို့အား အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ဆုများပေးအပ်ချီးမြှင့်သည်။




**ထိရောက်စွာအသုံးချ**

ယခုနှစ်တွင် ပေးအပ်သည့် မွေးမြူရေးပညာဘွဲ့ (BASc) သည် အထူးပြုဘာသာရပ်အလိုက် နက်နဲကျယ်ပြန့် စွာ သင်ကြားလေ့ကျင့်ပေးနိုင်ခြင်းဖြင့် လက်တွေ့နယ်ပယ် တွင် ထိရောက်စွာပြန်လည်အသုံးချနိုင်ပြီး ပြည်တွင်း၊ ပြည်ပ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ အပြည်ပြည်ဆိုင်ရာ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် များနှင့် လိုက်လျောညီထွေဖြစ်စေခြင်းဖြင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာပြုလုပ်နိုင်စေ ရန် ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ကာ တိရစ္ဆာန်ဆေးပညာဘွဲ့ ခြောက်နှစ်သင်တန်းနှင့် မွေးမြူ ရေးပညာဘွဲ့လေးနှစ်သင်တန်းအဖြစ် အထူးပြုဘာသာရပ် နှစ်ခု သီးခြားဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယနေ့တွင် ပထမဆုံး အကြိမ် ဘွဲ့လက်မှတ်အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ မွေးမြူရေးပညာဘွဲ့ရရှိသူ ၉၂ ဦး၊ ပါရဂူဘွဲ့(Ph.D) ရရှိသူ နှစ်ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(MVSc)ရရှိသူ ၁၁ ဦးနှင့် တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ (BVSc) ရရှိသူ ၂၁၈ ဦး တို့အား ဘွဲ့များပေးအပ်ချီးမြှင့်ခဲ့သည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သည် စတင် တည်ထောင်ခဲ့သည့် ၁၉၅၇ ခုနှစ်မှ နှစ် ၆၀ ကျော် ကာလအတွင်း ယနေ့ ဘွဲ့ယူသူများအပါအဝင် BASc ဘွဲ့ရ ၉၂ ဦး၊ BVSc ဘွဲ့ရ ၅၄၄၆ ဦး၊ DipLIS ဘွဲ့ရ ၂၂၀၊ DipLPAဘွဲ့ရ ၄၄၉ ဦး၊ MPhil ဘွဲ့ရ ၂၁ ဦး၊ MVM ဘွဲ့ရ ကိုးဦး၊ MVSc ဘွဲ့ရ ၂၇၉ ဦးနှင့် PhDဘွဲ့ရ ၁၉ ဦးတို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။
**ဇင်ဦး၊ ဝေသူနွယ်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးတန်ဖိုး လွတ်လပ်ခြင်းတန်ခိုး

ခင်မောင်ဌေး(ပညာရေး)

လွတ်လပ်ရေးနှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက"လွတ်လပ်ရေးဆိုတာ ကိုယ်တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားဖို့ဖြစ်စေလုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကိုမထိခိုက်ဘဲနဲ့ တစ်ယောက်တည်းလွတ်လွတ်လပ်လပ်ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာလွတ်လပ်ရေးပဲ"ဟု မိန့်မြွက်ခဲ့သည်။

မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခဲ့ရသည့် မှတ်တမ်းတွင်ခဲ့သည်။ သို့ဖြစ်၍ လွတ်လပ်ရေးရရန် တိုက်ပွဲဝင်နေစဉ်တွင် စည်းနှင့်ကမ်းနှင့် နေထိုင်ဖို့လိုသည်။ စည်းကမ်းသဘောကိုနားလည်ပြီး စည်းနှင့်ကမ်းနှင့် အလုပ်လုပ်ကြမှသာ လွတ်လပ်ရေးအမှန်တကယ်ရနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ဗိုလ်ချုပ်က "အဲဒီတော့ ခင်ဗျားတို့ဟာ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကိုလုပ်ကြပါ။ အဲဒီလိုလုပ်ပြီးနောက် ရှေ့ကိုလွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ သောက်ကျင့်တွေပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ကနေ့ပဲပြောခဲ့ချင်တယ်"ဟု ပြောခဲ့သည်။

**အာဏာလွှဲပြောင်းခြင်း**

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ အောက်မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက် နှစ်ပေါင်း ၁၂၃ နှစ်၊ အထက်မြန်မာနိုင်ငံသည် နှစ်ပေါင်း ၆၃ နှစ် သူ့ကျွန်ဘဝခံခဲ့ရသည်။ သူ့ကျွန်ဘဝနေထိုင်ခဲ့ရသည့် ခါးသီးလှသောတွေ့ကြုံခံစားမှုများကပင် လွတ်လပ်ရေးရရန်ဝံသာနုရက္ခိတတရားများ ပိုမိုထွန်းကားလာစေခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက် လှည်းနေလှေအောင်း မြင်းဇောင်းမကျန်တစ်ခဲနက်ပါဝင်ခဲ့ကြသည်။ ရရာလက်နက်ဖြင့် တစ်ဗိုလ်ကျ တစ်ဗိုလ်တက်ကာမြန်မာ့ဇာတိသွေးဇာတိမာန်များ တက်ကြွခဲ့ကြသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကဲ့သို့ ဇာတိမာန်စာဆိုများ၊ နဂါးနီစာပေနှင့် လူပုဂ္ဂိုလ်ရဟန်းပုဂ္ဂိုလ်တို့၏ မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေး ရခဲ့သည်။ နိုင်ငံတော်အာဏာလွှဲပြောင်းခြင်းအခမ်းအနားကား မှတ်သားဖွယ်လည်းကောင်း၊ ဝမ်းမြောက်ဖွယ်လည်း ကောင်းလှပါသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် ဘာမင်ဟန်စစ်သင်္ဘောကြီးမှ အမြောက်များ ပစ်ဖောက်အချက်ပေးသည်။ ထို့နောက် တိုင်းပြုပြည်ပြုလွှတ်တော်ရှေ့တွင် ဗြိတိသျှယူနီယံဂျက်အလံကို ဖြုတ်ချပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ခဲ့သည်။ နံနက် ၄ နာရီ ၄၅ မိနစ်တွင် လွှတ်တော်အစည်းအဝေးခန်းမထဲတွင် နိုင်ငံတော်အာဏာလွှဲပြောင်းသည့်အခမ်းအနား ဆက်လက်ကျင်းပခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်က ယာယီပါလီမန်ဖြစ်လာပြီး ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ယာယီသမ္မတ၊ ဦးနုက ယာယီဝန်ကြီးချုပ် ဖြစ်လာသည်။

**သစ္စာအဓိဋ္ဌာန်**

ယင်းနေ့ နံနက် ၆ နာရီ ၃၀ မိနစ်တွင် ဘုရင်ခံ၏ အိမ်တော်တွင် အာဏာလွှဲပြောင်းသည့် အခမ်းအနားပြုလုပ်ပြီး နံနက် ၈ နာရီ မိနစ် ၂၀ တိတိတွင် အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့် ဇနီးတို့ ဘာမင်ဟန်သင်္ဘောနှင့် မြန်မာပြည်မှ ထွက်ခွာသွားကြသည်။ ယင်းနေ့တွင် လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို အုတ်မြစ်ချခဲ့ပြီး ယင်းအခမ်းအနားတွင် ဖဆပလအထွေထွေအတွင်းရေးမှူး ဦးဗဆွေက သစ္စာအဓိဋ္ဌာန် ၉ ချက်ကိုတိုင်ပေးပြီး လူထုကြီးကလိုက်ဆိုခဲ့သည်။ ယင်းသစ္စာအဓိဋ္ဌာန် ၉ ချက်မှာ -



အောင်စေသတည်း။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအခါ၌ ငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်သတည်း။

၁။ ငါတို့သည်၊ ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သောငါတို့၏ ခေါင်းဆောင်ကြီး၊ ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း၊ တစ်သဝေမတိမ်း ချီတက်မည်။
၂။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံသားတို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကိုမသွေမဖည် စောင့်ထိန်းမည်။
၃။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံသားတို့၏ မွန်မြတ်သော အခွင့်အရေးကိုခံယူသည့်နည်းတူ လွတ်လပ်သော နိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။
၄။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီးသောအမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်သားကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်။
၅။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံသားဟူသရွေ့ကို ကြီးငယ်နီးဝေးမခြား၊ တသွေးတသားတည်းပြု၍၊ နည်းများနိမ့်မြင့် မရှိစေရ တူညီမျှပြုမည်။
၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတစ်ပါးကိုလည်းမတရားမပြု၊ ငါတို့အား မတရားပြုခြင်းကိုလည်းမခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။
၇။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံကြီး၏ တရားဥပဒေများကို ရိုသေစွာလိုက်နာကျင့်သုံးပါမည်။
၈။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။
၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကမ္ဘာအရှည်တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သား၊ မြေးနောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေသတည်း။ ဟူ၍ဖြစ်သည်။

ယင်းလွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကို မဟာဗန္ဓုလပန်းခြံထဲတွင် ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ကျောက်တိုင်ပတ်ပတ်လည်တွင် လွတ်လပ်ရေးကြေညာစာတမ်း၊ သစ္စာအဓိဋ္ဌာန် ၉ ချက်၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက်၊ သခင်နု၏ ပါလီမန်နှင့် လွတ်လပ်ရေးကျောက်တိုင် အုတ်မြစ်ချမိန့်ခွန်းတို့ကိုကျောက်သားတွင် ထွင်းထုထား၍ ပြည်သူအများဖတ်ရှုနိုင်သည်။

လွတ်လပ်ရေးကြေညာစာတမ်းအပိုဒ် ၆ တွင် "ငါတို့နိုင်ငံတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်း၏ အမွေအနှစ်မဟုတ်၊ မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်းက ချုပ်ကိုင်အနိုင်သိမ်းယူ အကျိုးခံစားအပ်သော နိုင်ငံမဟုတ်၊ အတိတ်ကာလက လည်းကောင်း၊ ယခုမျက်မှောက်တွင်လည်းကောင်း၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌လည်းကောင်း ငါတို့ပြည်ထောင်စုကြီးအတွင်း၌ ဝေးနီးကျားမ အခြားသစ္စာတော်ခံနိုင်ငံသားဟူသရွေ့တို့၏ အမွေအနှစ်ပိုင်ပစ္စည်းအကျိုးခံစားရာဖြစ်၏"ဟူ၍ ဖော်ပြပါရှိလေသည်။

လွတ်လပ်ရေးဆိုသည်မှာအဖိနှိပ်ခံဘဝတွင် ပြည်သူတိုင်းအမျှော်လင့်ဆုံး၊ အတောင့်တဆုံးဖြစ်ခဲ့သည်။ လွတ်လပ်ရေးရခါနီးတွင် ဆရာကြီးမင်းသုဝဏ်က "ဇာနည့်ထုံး" ဆိုသည့် ကဗျာလေးကိုရေးဖွဲ့ခဲ့သည်။

- လွတ်လပ်တော့မည်၊ မြန်မာပြည်တဲ့
  ဇာနည်တို့ထုံး၊ ပိုက်ယူကျုံး၍
  နှလုံးရဲစက်လှုစေမင်း။
- လွတ်လပ်တော့မည်၊ မြန်မာပြည်တည့်
  ဇာနည်တို့ထုံး၊ ပိုက်ယူကျုံး၍
  လက်ရုံးကျွန်းခက် လှုစေမင်း။
- လွတ်လပ်သောခါ အိုမြန်မာတို့
  ချူချာနုံနဲ့၊ တအားနွဲ့ကို
  ညှာငဲ့ထောက်တွေး၊ သားငယ်ထွေးသို့
  ပြုရေးညှံ့သက် ကြစေမင်းဟု ဖွဲ့ဆိုခဲ့သည်။

လွတ်လပ်ရေးရသည့် ၁၉၄၈ နံနက်ခင်းနှင့်ပတ်သက်၍ ဆရာကြီးဇော်ဂျီက "လွတ်လပ်ရေးနေ့အတွေး" ကဗျာကိုရေးဖွဲ့ခံစားခဲ့သည်။

- ဆွေးမိသည်တည့်၊ ဆွေးမိသည်
  မလေးမောင်သည်ယနေ့၊ ဆွေးမြည့်မိသည်။
  သွေးစက်နှင့် ကျမျက်ရည်၊ ပြည်နိုင်ငံအရေး
  လူ့လမ်းစဉ်လူ့ခရီးမှာ စီးရတယ်လေး။
- ငေးမိသည်တည့်၊ ငေးမိသည်
  မလေးမောင် သည်ယနေ့၊ ငေးမေ့မိသည်။
  ဝမ်းမဝမျှမညီ၊ ပြည်နိုင်ငံအရေး
  လူ့လောကီသည် ရှုပ်ထွေး၊ ရှင်းပါမှလေး။
- ရေးမိသည်တည့်၊ ရေးမိသည်
  မလေးမောင်သည်ယနေ့ ရေးမွေ့မိသည်။
  စီးခဲ့တဲ့ ကျမျက်ရည် ပြည့်နိုင်ငံအရေး
  စာတေးသည် မြိုင်ချောင်းက
  သည်ကလောင် ရောင်ခြည်လွှတ် ဦးညွတ်တယ်လေ။"

ဟူ၍ ရေးဖွဲ့ဂုဏ်ပြုခဲ့သည်။

ချုပ်၍ဆိုရလျှင် မိမိတို့ရရှိခဲ့သောလွတ်လပ်ရေးသည် သေးသေးဖွဲဖွဲပေ့ါပေ့ါတန်တန်မဟုတ်။ အသက်သွေးချွေးတို့ဖြင့် စတေးကာ နှစ်ကာလကြာရှည်စွာတိုက်၍ယူခဲ့ရသော လွတ်လပ်ရေးဖြစ်သည်။ လွတ်လပ်ပြီးနိုင်ငံတွင် အနေကြာလာခဲ့သည့် လူငယ်တို့သည် လွတ်လပ်ရေး၏တန်ဖိုး လွတ်လပ်ခြင်း၏တန်ခိုးကို ကောင်းစွာနားလည်ကြဖို့လိုသည်။ မလွတ်လပ်ခြင်းကြောင့် အဖိနှိပ်ခံ၊ အနှိပ်စက်ခံဘဝနှင့် ဆင်းရဲတွင်းနက်လှသည့်ဘဝမှ လွတ်လပ်ခြင်းကြောင့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကိုယ့်မင်းကိုယ့်ချင်း စီမံအုပ်ချုပ်နိုင်ခွင့်တည်းဟူသော လွတ်လပ်ခြင်းတန်ခိုးကို တန်ဖိုးထားကြဖို့လိုသည်။ သို့ဖြစ်၍လည်း လွတ်လပ်ရေးနေ့ကို အစဉ်မမေ့မလျော့စေဖို့ အထိမ်းအမှတ်ဟောပြောပွဲများ၊ ပြပွဲ ပြိုင်ပွဲများကျင်းပကာ အသိပေးနှိုးဆော်လျက်ရှိလေသည်။ နိုင်ငံသားတိုင်းလွတ်လပ်ရေး၏တန်ဖိုးနှင့် လွတ်လပ်ခြင်း၏တန်ခိုးတို့ကို နားလည်တန်ဖိုးထား လေးစားဂုဏ်ယူတတ်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ အောက်မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက် နှစ်ပေါင်း ၁၂၃ နှစ်၊ အထက်မြန်မာနိုင်ငံသည် နှစ်ပေါင်း ၆၃ နှစ် သူ့ကျွန်ဘဝခံခဲ့ရသည်။ သူ့ကျွန် ဘဝ နေထိုင်ခဲ့ရသည့် ခါးသီးလှသော တွေ့ကြုံခံစားမှုများကပင် လွတ်လပ်ရေးရရန် ဝံသာနုရက္ခိတတရားများ ပိုမိုထွန်းကားလာစေခဲ့သည်။



# ကျိုင်းတုံမြို့ ပန်ကွဲကျေးရွာအနီးရှိ ပန်ကွဲတောင်တော် ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်း သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသ အေးချမ်းသာယာမှုရှိစေရန်၊ ထေရဝါဒဗုဒ္ဓဘာသာတည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် ကျိုင်းတုံမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ပန်ကွဲတောင်တော် ဗုဒ္ဓဥယျာဉ်တော်အတွင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ရင်ပြင်တော်အလျား ပေ ၁၈၀၊ အနံ ပေ ၁၅၀၊ ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၅၄ ပေ စုစုပေါင်း ၇၂ ပေရှိသည့် အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးအား မြတ်စွာဘုရား၏ ၃၂ ပါးသော လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်တို့နှင့်အညီ သပ္ပာယ်ကြည်ညိုဖွယ်ရာ တည်ထားကိုးကွယ်လျက်ရှိပြီး ဒေသခံပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့အတူ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ သွားရောက်မဖူးမြော်နိုင်သည့် ဘုရားဖူးပြည်သူများနှင့် တောင်ပေါ်ဒေသမှ တိုင်းရင်းသားပြည်သူများ ဖူးမြော်နိုင်ရန်၊ ဒေသအေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၏ပုံစံတူ ဉာဏ်တော်အမြင့် ၁၀၈ ပေရှိ သတ္တသတ္တာဟ စေတီတော်မြတ်ကြီးကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် အဆိုပါ ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်တော်အတွင်း ပန်ကွဲတောင်တော်ထိပ်၌ ထပ်မံတည်ဆောက်လျက်ရှိပြီး သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓမြတ်စွာဘုရား၏ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနကိုလည်း မူလပုံစံများအတိုင်း ထည့်သွင်းတည်ဆောက်လျက်ရှိသည်။

အဆိုပါ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း စကျင်ကျောက်ဖြင့် ထွင်းထုထားသည့် အမျိုးမျိုးသော မုဒြာများဖြင့် ဗုဒ္ဓဆင်းတုတော်များ၊ ကျောက်ထက်အက္ခရာ ထွင်းထုရေးသားထားသည့် အထင်ကရဆရာတော်ကြီးများ၏ ဩဝါဒကထာများနှင့် ဓမ္မကဗျာများထားရှိသည့် ဩဝါဒပန်းခင်း၊ ပန်းအလှပင်များ၊ စမ်းချောင်း၊ ရေတံခွန်၊ ရေပန်းများဖြင့် အမြဲစိမ်းလန်းစိုပြည်ပြီး သာယာလှပစေရန် ဖန်တီးဆောင်ရွက်ထားခြင်းဖြစ်ကာ အများပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူနိုင်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီး၏ သက်တော်(၉၀)ပြည့်၊ ဝါတော်(၇၀)ပြည့် ဝိဇာတပူဇာမွေးနေ့မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ သက်တော် (၉၀)ပြည့်၊ ဝါတော် (၇၀)ပြည့် ဝိဇာတပူဇာမွေးနေ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ၊ သီလဓမ္မကုန်းသာတောရကျောင်းတိုက်(ဝဓိပိတ်) ဆရာတော် ဘဒ္ဒန္တဝိမလနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများက ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ၊ ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်ရှိ ဆရီကွမ်ထောင်းဘုန်းတော်ကြီးကျောင်းမှ ဆရာတော် Thong Siri Mongklom Thera၊ မိုင်းဖုန်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏသံဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး ၃၀၀ နှင့် သီလရှင်ဆရာလေး အပါး ၅၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။



ထို့နောက် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီး၏ သက်တော် (၉၀)ပြည့်၊ ဝါတော် (၇၀)ပြည့် ဝိဇာတပူဇာမွေးနေ့အခမ်းအနားကိုကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ မဟာမြတ်မုနိကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိအား ဖူးမြော်ကြည်ညိုကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား နဝကမ္မအလှူငွေများအားလည်းကောင်း၊ တပ်မတော်အရာရှိကြီးများက လှူဖွယ်ပစ္စည်းများအားလည်းကောင်း ဆက်ကပ်လှူဒါန်းကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မန္တလေး-မြစ်ကြီးနား-မန္တလေး လမ်းပိုင်းတွင် အမှတ်(၃၃)အဆန်၊ (၃၄)အစုန် လူစီးအမြန်ရထား၌ စက်ခေါင်းသစ်၊ တွဲအသစ်များဖြင့် စတင်ပြေးဆွဲ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် တည်ဆောက်သည့် စက်ခေါင်းသစ်များနှင့် လေအိတ်ပါဘိုဂီတပ်ဆင်ထားသည့် လူစီးတွဲသစ်များအား CMC Co, မှ လွှဲပြောင်းပေးအပ်ခြင်းနှင့် မန္တလေး-မြစ်ကြီးနား-မန္တလေး လမ်းပိုင်း၌ အမှတ်(၃၃)အဆန်၊ အမှတ်(၃၄)အစုန် လူစီးအမြန်ရထားများ စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် မြစ်ကြီးနားဘူတာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ကြီးထွားစေခြင်းအပြင် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာအခွင့်အလမ်းများ တိုးတက်ခံစားရမည်ဖြစ်ကြောင်း၊ ယခုလိုအပ်နေသည့် စက်ခေါင်းနှင့် လူစီးတွဲသစ်များကို မြန်မာ့မီးရထားအနေဖြင့် ကိုယ်တိုင်တည်ဆောက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေအမေရိကန်ဒေါ်လာ ၉၄ ဒသမ ၅၃ သန်း သုံးစွဲပြီး စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်) နှင့် လူစီးတွဲသစ်တည်ဆောက်ရေးစက်ရုံ (မြစ်ငယ်)တို့မှ စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် စက်ခေါင်းနှင့် လူစီးတွဲသစ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ခြင်းဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် ခရီးသည်၊ ကုန်စည်ဝန်ဆောင်မှုနှင့် လုံခြုံစိတ်ချရမှုတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် လူစီးရထား ၂၆ စင်းနှင့် ကုန်ရထား အစုန်/အဆန် ခြောက်စင်း နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း၊ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းအတွင်းရှိသည့် ဒေသခံအများစုမှာ ရထားကိုသာ အဓိကအားထားသွားလာရသည့် ဒေသကြီးဖြစ်သည့်အတွက် မြန်မာ့မီးရထားအနေဖြင့် လူစီးရထားများကို ရထားပြေးဆွဲနိုင်မှု Line Capacity ရနိုင်သမျှ တိုးချဲ့ပြေးဆွဲပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် CMC Co, မှ ဒုတိယဉက္ကဋ္ဌ Mr. Zhao Jun တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် CMC Co, မှ ဒုတိယဉက္ကဋ္ဌ Mr. Zhao Jun က မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းထံ တည်ဆောက်ပြီး စက်ခေါင်းသစ်များနှင့် လူစီးတွဲသစ်များ၏ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရထားစီးခရီးသည်များကို လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။



ယခုပြေးဆွဲပေးမည့် အမှတ်(၃၃) အဆန်၊ (၃၄)အစုန် လေအိတ်ပါအထူးအမြန်ရထားသည် မန္တလေးဘူတာနှင့် မြစ်ကြီးနားဘူတာတို့မှ စတင်ထွက်ခွာပြီး လမ်းခရီး၌ ရွှေဘို၊ ကောလင်း၊ နဘား၊ မိုးညှင်း၊ မိုးကောင်းဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ အထူးအမြန်ရထားသည် မန္တလေးမှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပြီး မြစ်ကြီးနားသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် လည်းကောင်း၊ မြစ်ကြီးနားမှ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ နောက်တစ်နေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော်(မူဆယ်) ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၂၉**

မူဆယ်တွင် ကျင်းပလျက်ရှိသော ကလေးစာပေပွဲတော် (မူဆယ်)ဒုတိယနေ့ကို ဒီဇင်ဘာ ၂၉ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိကျင်းပရာ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မန့်ဟီးရိုးမြို့နယ်နှင့် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်များမှ ပွဲတော်လာကျောင်းသားကျောင်းသူများ၊ စာပေဝါသနာရှင်များ၊ မိဘပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**ပညာပေးဆွေးနွေး**

မူဆယ်ကလေးစာပေပွဲတော်တွင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲတို့ ကျင်းပလျက်ရှိပြီး စာပေဆွေးနွေးပွဲတွင် အနာဂတ်အတွက် ကလေးစာပေ ခေါင်းစဉ်ဖြင့် ဆရာမောင်လင်းရိပ်က ဦးဆောင်၍ ဆရာမင်းထက်မောင်၊ ဆရာနှင်းခါးမိုး၊ ဦးဝင်းချိုနှင့် ဆရာမ ဒေါ်ကြည်မွေ့အိမ်တို့ကလည်းကောင်း၊ ကလေးများအတွက် စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် မောင်ကြည်ဝင်းကဦးဆောင်၍ မောင်ခိုင်လတ်၊ ဦးကျော်လှိုင်၊ ကိုလေးမြတ်နှင့် လှဲ့ဝင်းကြည်(ချို)တို့ကလည်းကောင်း ပညာပေးဆွေးနွေးခဲ့ကြသည်။

အသိပညာပေးပြခန်းများအနေဖြင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများပြခန်း၊ ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများပြခန်း၊ ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများပြခန်း၊ လီဆူးတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများပြခန်း၊ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများပြခန်း၊ မူးယစ်ဆေးဝါးအသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးပြခန်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးပြခန်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးပြခန်း၊ ကျန်းမာရေးအသိပညာပေးပြခန်း၊ အခြေခံပညာကျောင်းများပြခန်းနှင့် ICTC ကိုယ်ပိုင်ကျောင်းပြခန်းများကိုခင်းကျင်းပြသရာ ပွဲတော်လာ ဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။



လီဆူးတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပြခန်းကို တွေ့ရစဉ်။

**ကပြဖျော်ဖြေ**

ပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် အခြေခံပညာအထက်တန်းကျောင်းများ၊ ICTC ကိုယ်ပိုင်ကျောင်းမှ ကျောင်းသားကျောင်းသူများက အာဆီယံမြန်မာတေးသီချင်း၊ ကဗျာလွတ်အက၊ ယပ်တောင်ယိမ်းအက၊ ရှမ်းရိုးရာယဉ်ကျေးမှုအက၊ ကရင်ဒုံးယိမ်းအက၊ ကချင်ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေပြီး ကလေးသူငယ် ဉာဏ်ရည်မြင့်မားစေရန်အတွက် အထောက်အကူဖြစ်စေမည့် စာအုပ်အရောင်းဆိုင်များတွင်လည်း ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ ပွဲတော်သို့လာရောက်သူများကိုလည်း နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ သာဂူကျိုဖြင့် စတုဒိသာဧည့်ခံကျွေးမွေးခဲ့သည်။

ကလေးစာပေပွဲတော်များကို နိုင်ငံ၏နောင်အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာကြမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးများနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် နှုတ်မှုရေးရာပြောဆိုနိုင်သည့် စွမ်းရည်များမြင့်မားလာစေရန်၊ ကလေးစာပေနှင့် ထိတွေ့ရင်းနှီးခွင့်ရပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးနေရကြောင်း သိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**



အရုပ်ဆက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် ကလေးငယ်များကို တွေ့ရစဉ်။



ဆေးရောင်ခြယ်ပြိုင်ပွဲ ကလေးများ ပါဝင်ဆင်နွှဲနေကြစဉ်။

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၁ | မာက်စ်ဝါဒနှင့် စာပေဝေဖန်ရေး | မြန်မာပြန်-ကျော်မျိုး | MKS | ၃၀၀၀ |
| ၁၂ | အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း(ပထမတွဲ) | - | စိတ်ကူးချိုချို | ၇၀၀၀ |
| ၁၃ | အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း (ဒုတိယတွဲ-ပထမပိုင်း) | - | စိတ်ကူးချိုချို | ၆၅၀၀ |
| ၁၄ | အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း (ဒုတိယတွဲ-ဒုတိယပိုင်း) | - | စိတ်ကူးချိုချို | ၆၅၀၀ |
| ၁၅ | ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဥက္ကဋ္ဌ သခင်ဗသိန်းတင် | သက်ထားမသိန်းတင် | ရန်ကုန်လမ်းမများ | ၁၀၀၀၀ |
| ၁၆ | လူထုခေါင်းဆောင် ငမွဲ ဗိုလ်ချုပ်အောင်ဆန်း | ဇော်ခိုင်ဦး | စိတ်ကူးချိုချို | ၂၅၀၀ |
| ၁၇ | ဗုဒ္ဓဘာသာမြန်မာတို့၏ ကိုးကွယ်မှုအစဉ်အလာများ | အရှင်စန္ဒသီရိ(မြစ်ကွေ့) | လင်းလွန်းခင် | ၄၅၀၀ |
| ၁၈ | ဖေဖေထားခဲ့တဲ့အမွေနှင့် အခြားဝတ္ထုတိုများ | မင်းသန်းထိုက်(ဒေးဒရဲ) | လင်းသစ်ရောင်စဉ် | ၂၀၀၀ |
| ၁၉ | ကွမ်ကျိုးဒီမိုကရေစီ | ရဲမိုး | ခြူးခြူး | ၃၅၀၀ |
| ၂၀ | မြင်းတယော(ဝတ္ထုတိုများ) | ကိုငြိမ်း(မန္တလေး) | ခြူးခြူး | ၃၈၀၀ |
| ၂၁ | ရေနံဘုရင်ဖိုင်ဖယ် | နေမျိုးထွန်း | စိတ်ကူးချိုချို | ၃၀၀၀ |
| ၂၂ | ၁၂ လ ၁၂ ပွဲအခင်းအကျင်း | ကေသီရိ(တောင်ငူ) | နှလုံးလှ | ၂၀၀၀ |
| ၂၃ | ၆၀-၆၄-၆၆ နှစ်ပြည့်အမှတ်တရ | ကလောင်စုံ | ဆိပ်ကမ်းသာ | ၂၀၀၀ |
| ၂၄ | သင့်အနာဂတ်တည်ဆောက်ရေးအတွက် ကနဦးပျိုးထောင်လေ့ကျင့်မှုများ | အောင်လှိုင် | စိတ်ကူးချိုချို | ၁၈၀၀ |
| ၂၅ | အမှတ်ရဖွယ် ကမ္ဘာကျော်လက်သီးပွဲကြီးများ | မောင်ရဲဝင်း | စိတ်ကူးချိုချို | ၂၅၀၀ |
| ၂၆ | အာဆီယံသစ်အကြောင်းစဉ်းစားခြင်း | အောင်ခင် | Myanmar Heritage | ၇၀၀၀ |
| ၂၇ | ညီ | ဆုခြည်ကို | ရွှေလက် | ၄၀၀၀ |
| ၂၈ | ဒါဒါလေးနှင့် မှော်ပင်လောက | Swae Nyoe | ရွှေလက် | ၃၅၀၀ |
| ၂၉ | Lucifer's Bricle | Anna Lynn | ရွှေလက် | ၄၅၀၀ |
| ၃၀ | မှားနေတဲ့မှတ်ချက်အချို့ | မောင်ကိတ် | ဗောဓိရိပ် | ၃၀၀၀ |
| ၃၁ | မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ | ကျော်မောင်မောင် | စိတ်ကူးချိုချို | ၆၀၀၀ |
| ၃၂ | အိုရှိုးအပြည့်ဝဆုံးလမ်းစဉ်တော် | အောင်သူရ | ဝါးလည် | ၃၀၀၀ |
| ၃၃ | အများမမြင်တာကို ထိုးထွင်းသိမြင်ရေး နည်းလမ်းများ | ကောင်းသာ | စိတ်ကူးချိုချို | ၂၅၀၀ |
| ၃၄ | စုန်းကိတ် | မင်းတခေတ် | ကိုလတ် | ၃၅၀၀ |
| ၃၅ | စမ္မာနဂိုရ်မှသည် လွိုင်ဆမ်ဆစ်ဆီသို့ | ဆက်သုန်း | ကိုလတ် | ၂၅၀၀ |
| ၃၆ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ | ကျော်မောင်မောင် | စိတ်ကူးချိုချို | ၃၇၀၀ |
| ၃၇ | ရှောရှန့်ကမိန်းမလှ | လင်းတင့်သီဟ | ဆုရောင်စဉ် | ၂၅၀၀ |
| ၃၈ | စီမံခန့်ခွဲမှုမြှင့်တင်ခြင်း | ကောင်းသာ | စိတ်ကူးချိုချို | ၁၃၀၀ |
| ၃၉ | ပုဂ္ဂလပညတ်(သုံးစောင်တွဲ) | ဂျာနယ်ကျော်မမလေး | စိတ်ကူးချိုချို | ၁၃၀၀ |
| ၄၀ | သက်တံရောင်လွှမ်းဥယျာဉ်နန်းကလေး ကဗျာများ | ကျော်လှိုင်သစ် | မျိုးဆက်သစ် | ၂၀၀၀ |
| ၄၁ | The good, The Bad, And the President | Dr.Mya Than | Myanmar Heritage | ၅၀၀၀ |
| ၄၂ | Chit-Chat English (2) | စိုင်းအောင်ဝင်း | လောကသစ် | ၄၅၀၀ |
| ၄၃ | ကိုယ့်ဘဝရဲ့အဖော်မွန်လေး ရသအက်ဆေးများ | ဒေါက်တာမြင့်လှိုင် | လင်းလွန်းခင် | ၂၅၀၀ |
| ၄၄ | ခေတ်သစ်ပုဂံခရီးသွား | WLO | အိပ်မက်သစ် | ၃၀၀၀ |
| ၄၅ | ချင်းတောင်တန်းသာသနာစာပဒေသာ | အရှင်ပညာဇေ | သုဒန္တစာပေ | ၁၀၀၀ |

# ကလေးစာပေပွဲတော်(မူဆယ်)၏ ပျော်ရွှင်ဖွယ်ရာနေ့ရက်များ

**ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (မူဆယ်)ကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မူဆယ်မြို့ မင်္ဂလာမူဆယ်(မြို့သစ်စီမံကိန်းအိမ်ရာ)၌ စည်ကားပျော်ရွှင်စွာ ကျင်းပလျက်ရှိသည်။ ကလေးစာပေပွဲတော် ဒုတိယနေ့အဖြစ် ဒီဇင်ဘာ ၂၉ ရက်တွင် တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသားများ၊ ကျောင်းသား ကျောင်းသူများ၊ စာအုပ်ဈေးရောင်းသူများ၊ ပြခန်းပြသသူများက ကလေးစာပေပွဲတော်နှင့် ပတ်သက်၍ ၎င်းတို့၏ သဘောထားအမြင်များကို အောက်ပါအတိုင်း ပြောပြခဲ့သည်။**



ဒေါ်လွင်လွင်စိန်



နန်းမေရှင်းသန့်



နန်းစန္ဒီမင်းလွင်



နန်းဝင်းစန္ဒီအေး



စိုင်းသိန်းသန်းဦး

**ဒေါ်လွင်လွင်စိန်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်စိုက်ပျိုးရေး)**

ကျွန်မ မူဆယ်မှာ တာဝန်ကျတာ ခြောက်နှစ်ရှိပါပြီ။ ဒီပွဲလေးကတော့ မူဆယ်မြို့မှာ ပထမဦးဆုံးအကြိမ် ကြုံတွေ့ရတာဖြစ်ပါတယ်။ လာမယ့် မျိုးဆက်သစ်လေးတွေအတွက် အင်မတန်မှပဲ ကောင်းတဲ့ပွဲလေး ဖြစ်ပါတယ်။ ဒီလိုမျိုးပွဲတွေကို သက်ဆိုင်ရာက ဦးဆောင်ပြီး မကြာခဏပြုလုပ်ပေးဖို့ မျှော်လင့်ပါတယ်။ ဒီပွဲလေး ပြုလုပ်ပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဒီမှာရှိတဲ့ ကလေးတွေကော ကလေးမိဘတွေကော သူတို့ရဲ့ အမြင်လေးတွေ ဖွံ့ဖြိုးလာနိုင်ဖို့ လုပ်ပေးတဲ့အတွက် သူတို့ အနာဂတ်အတွက် ပိုမိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။

**နန်းမေရှင်းသန့် (ရှမ်းပြည်မြောက်ပိုင်း ကိုယ်စားပြု အလှမယ်)**

ကလေးစာပေပွဲတော် လုပ်ပေးခြင်းအားဖြင့် ကလေးတွေ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာမယ်။ အခုခေတ်ဆိုရင် မိဘတွေက သားသမီးတွေအတွက် အချိန်မပေးနိုင်ဘူးဆိုရင် ကလေးတွေက ဖုန်းတွေနဲ့ အချိန်ကုန်နေကြတယ်။ ဒီလို စာပေပွဲတော်လုပ်ပေးခြင်းအားဖြင့် ကလေးတွေ စာဖတ်တာတွေ ပိုပြီးအားသန်လာမယ်။ စာပေနဲ့ ပတ်သက်တဲ့ ဂိမ်းကစားနည်းတွေလည်း လုပ်ထားပေးတဲ့အတွက် ကလေးတွေလည်း တော်တော်ပျော်ကြတယ်။ နောက်ပြီး ဉာဏ်ရည်ကို ဖွံ့ဖြိုးတိုးတက်စေတဲ့ ကစားနည်းလေးတွေလည်း ထည့်သွင်းထားတဲ့အတွက် ကလေးတွေအတွက် များစွာအကျိုးရှိပါတယ်။ ညီမခံစားချက်ကတော့ မူဆယ်မြို့မှာ ကလေးစာပေပွဲတော်ကို များများလုပ်စေချင်တယ်။ ဂိမ်းတွေကစားတာထက် စာပေနဲ့ပတ်သက်တဲ့ အားကစားနည်းလေးတွေ လုပ်ပေးတာ ပိုပြီးသဘောကျတယ်။ မူဆယ်မြို့ရဲ့ အနာဂတ် ကြယ်ပွင့်လေးတွေ များစွာထွက်လာဖို့အတွက် ကလေးစာပေပွဲတော်ကို မကြာခဏ ပြုလုပ်ပေးစေချင်ပါတယ်။

**နန်းစန္ဒီမင်းလွင်**
**(ရွှေရုပ် ကလေးသင်ထောက်ကူပစ္စည်း အရောင်းဆိုင်)**

မူဆယ်မှာ ကလေးစာပေပွဲတော် ပြုလုပ်ပေးတာ အလွန်ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ မူဆယ်မှာက စာဖတ်အားနည်းကြတယ်။ အခု ဒီလိုလေး ကလေးစာပေပွဲတော် လာလုပ်ပေးတော့ ကလေးတွေလည်း တစ်နေရာတည်းမှာ စာပေများစွာ လေ့လာနိုင်တာမို့ ကလေးတွေအတွက် အများကြီးကောင်းတယ်။ ဒီမြို့မှာ စာအုပ်ဆိုင်တွေနည်းတော့ လူကြီးတွေအတွက်ကော ကလေးတွေအတွက်ပါ စာအုပ်တွေကို တစ်နေရာတည်းမှာ ရှာလို့ရတော့ အတော်ကောင်းတယ်။

**နန်းဝင်းစန္ဒီအေး**
**(ပန်းစုံရွှေပြည် ကိုယ်ပိုင်အထက်တန်းကျောင်း)**

ကလေးစာပေပွဲတော် ကျင်းပပေးတဲ့အတွက် အလွန်ပျော်ပါတယ်။ အခု ဒီပွဲလေးက မူဆယ်မှာကျင်းပပေးတာ ပထမဆုံးအကြိမ်လို့ သိရပါတယ်။ သမီးတို့အတွက် စာအုပ်တွေလည်း အများကြီးလေ့လာလို့ရတယ်။ ဂိမ်းကစားပွဲတွေလည်း အများကြီးပါတော့ ပျော်ဖို့အင်မတန်ကောင်းပါတယ်။ သမီးတို့အတွက် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းတွေ အများကြီး လေ့လာရတယ်။ ဌာနဆိုင်ရာပြခန်းတွေကနေ အသိပညာဗဟုသုတတွေ အများကြီးရတယ်။ နောင်လည်း အမြဲ ဒီလိုပွဲမျိုး လုပ်ပေးစေချင်ပါတယ်။

**စိုင်းသိန်းသန်းဦး**
**(ရှမ်းစာပေနှင့် ယဉ်ကျေးမှုပြခန်း တာဝန်ခံ)**

ကလေးတွေဆိုတာ နောင်လာမယ့် နိုင်ငံတော်ရဲ့ အနာဂတ်ဖြစ်ပါတယ်။ ကလေးတွေ ကြိုးစားပြီး တိုးတက်လာမယ်ဆိုရင် နောင်လာမယ့် အနာဂတ် တိုင်းပြည်အတွက် အင်မတန်ကောင်းတဲ့ ကြယ်ပွင့်လေးတွေ ဖြစ်လာမယ်လို့ ယုံကြည်မိပါတယ်။ တိုင်းရင်းသားပြခန်းတွေ ခင်းကျင်းပြသရတဲ့အတွက် သမိုင်းဆိုင်ရာ အကြောင်းအရာတွေကို ကလေးတွေ သိခွင့်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကလေးတွေ တစုတစည်းတည်း ပျော်ပျော်ရွှင်ရွှင် လုပ်ရတဲ့အတွက် အမှတ်တရဖြစ်စေပါတယ်။ ပြခန်းတွေမှာ ဓာတ်ပုံတွေ ရိုက်သွားကြတဲ့အတွက် ပြည်ထောင်စု စည်းလုံးညီညွတ်ရေးကို ပိုပြီးနားလည်သိရှိစေပါတယ်။ ဒီပွဲလေးအတွက် အင်မတန် ပီတိဖြစ်မိပါတယ်။ ပထမဦးဆုံးကျင်းပတဲ့ ဒီပွဲလေးအတွက် ရွှေလီမြစ်ကမ်းတစ်ဝိုက်က ကလေးတွေအတွက် အချင်းချင်း စည်းလုံးညီညွတ်ပြီး ပျော်ရွှင်မှုကို ဖြစ်စေပါတယ်။

**စိုင်းထွန်းနေလှိုင်(ပြန်/ဆက်)**

# “သတို့သမီး”ရုပ်ရှင်ဇာတ်ကား ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

“ထားဝယ်”ရုပ်ရှင်ထုတ်လုပ်ရေးကထုတ်လုပ်ပြီး ဒါရိုက်တာဝိုင်း ရိုက်ကူးထားသည့် “သတို့သမီး” ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းမှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသလျက်ရှိပြီး အထူးပွဲအဖြစ် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင်ပါဝင်သော သရုပ်ဆောင်များနှင့် ဒါရိုက်တာတို့က အထူးပွဲပြသမှုအပြီးတွင် ပရိသတ်များအား အမှတ်တရလက်မှတ်ရေးထိုးပေးကြသည်။

ဒါရိုက်တာဝိုင်းက “ဒီကားလေးက ပရိသတ်အတွက် ကြည့်လို့လည်း ကောင်းမယ်။ စိတ်ဝင်စားမှုရှိပြီး ကိုယ်ပေးချင်တဲ့ အကြောင်းအရာလေးတွေလည်း ရှိတဲ့အတွက် ရိုက်ဖြစ်ခဲ့တာပါ။ သရဲကားလို ကြောက်စရာတွေကောင်းပြီး ကြေကွဲစရာတွေလည်းပါတယ်။ ရသတွေစုံတယ်” ဟု ပြောသည်။

တာမွေမြို့နယ်မှ မမိုးမိုးက “အလင်းရောင်ရဲ့ Fan အနေနဲ့ လာရောက်ကြည့်ရှုခွင့်ရတာပါ။ ဦးဝိုင်းက ဇာတ်ကားတွေကို တစ်ကားနဲ့တစ်ကားမတူအောင် ရိုက်ပြထားတဲ့အတွက် ကြည့်လို့ကောင်းတယ်။ ရသတွေလည်း စုံပါတယ်။ ပုံမှန်ကားတွေနဲ့ ကွဲထွက်နေတဲ့ ဇာတ်ကားလေးပါ။ ဒီကားလေးမှာ မက်ဆေ့တွေ ပေးထားတာတွေလည်းပါတယ်။ သရဲကားဆိုပေမယ့် အိမ်ထောင်ရေး၊ အချစ်ရေးအကြောင်း ပညာပေးတွေလည်းပါတဲ့အတွက် ကြည့်သင့်ပါတယ်”ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် အလင်းရောင်၊ ဖွေးဖွေး၊ မေနှင့်အတူ အခြားသောအနုပညာရှင်များစွာ ပါဝင်ထားပြီး အိမ်ထောင်ရေး ဖောက်ပြန်မှုကြောင့် ဆိုးကျိုးများနှင့် နောက်ဆက်တွဲအကြောင်းအရာများကို ပညာပေး ရိုက်ကူးထားသော ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

**သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**ညောင်လေးပင် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေတိုးပွားစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း(၂/၂၀၁၈)ဆင်းပွဲကို ဒီဇင်ဘာ ၂၈ ရက်က ညောင်လေးပင်မြို့နယ် အောင်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။ အဆိုပါ စက်ချုပ်သင်တန်းကို ဒီဇင်ဘာ ၃ ရက်မှ ၂၈ ရက်အထိ စာတွေ့လက်တွေ့ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသူ ၃၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရန်ကုန်-ချန်ဒူး လေယာဉ်ခရီးစဉ် ခြောက်ခုမြောက် မြန်မာလေကြောင်းလိုင်း စတင်ပျံသန်း

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ စီစဉ်ပြေးဆွဲသည့် ရန်ကုန်-ချန်ဒူး တိုက်ရိုက်ခရီးစဉ်ကို တစ်ပတ်လျှင် သုံးကြိမ် စတင်ပျံသန်းပြေးဆွဲနေပြီဖြစ်ကြောင်း၊ ခရီးသည်များသည် ရန်ကုန်-ချန်ဒူး တိုက်ရိုက်ခရီးစဉ်ကို ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ လိုက်ပါစီးနင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ချန်ဒူး ခရီးစဉ်သစ်အတွက် ခရီးသည် ၁၆၄ ဦး လိုက်ပါစီးနင်းနိုင်သည့် B738၊ ခရီးသည် ၁၀၀ လိုက်ပါစီးနင်းနိုင်သည့် E190 အမျိုးအစားလေယာဉ်တို့ကို အသုံးပြုထားပြီး ရန်ကုန်-ချန်ဒူး-ရန်ကုန် အသွားအပြန်ခရီးစဉ်ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၃၃၀ ဖြင့် စတင်ဝယ်ယူစီးနင်းနိုင်ရန် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ စီစဉ်ထားကြောင်းနှင့် ချန်ဒူးမြို့သည် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြေးဆွဲပျံသန်းသည့် ခြောက်ခုမြောက် အပြည်ပြည်ဆိုင်ရာခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## ကြေးမုံစာအုပ်စင်စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

# မြန်မာဂန္ထဝင်အတွဲ (၁၀၀) စာစဉ် အတွဲ ၃ ထုတ်ဝေဖြန့်ချိ

## နေရီရီ၊ တနန်းပျော်နှင့် မှာတော်ပုံ

**မြန်မာဂန္ထဝင်အတွဲ(၁၀၀)စာစဉ် အတွဲ(၃)တွင် ဝတ္ထုရှည်သုံးပုဒ် ပါဝင်သည်။ ၎င်းတို့မှာ ပီမိုးနင်း၏ "နေရီရီ"၊ ဦးလတ်၏ "တနန်းပျော်ရင်သွေးတော်" နှင့် သခင်ကိုယ်တော်မှိုင်း၏ "မှာတော်ပုံ" ဝတ္ထုတို့ ဖြစ်သည်။**

**"နေရီရီ" နှင့် "တနန်းပျော်ရင်သွေးတော်" ဝတ္ထုတို့သည် ၁၉၂၀ ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော ဝတ္ထုများဖြစ်သည်။ "မှာတော်ပုံ" ဝတ္ထုသုံးအုပ်ကို ၁၉၁၆၊ ၁၉၁၉၊ ၁၉၂၁ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည်။ ထို့ကြောင့် ထိုဝတ္ထုများသည် ၁၉၂၀ ပြည့်နှစ် ပတ်ဝန်းကျင်အတွင်း ထုတ်ဝေခဲ့သော ဝတ္ထုများဟု ဆိုနိုင်သည်။ မြန်မာဝတ္ထုများသည် ၁၉၂၀ ပြည့်နှစ်မှစ၍ ဝတ္ထုပုံသဏ္ဌာန် ပို၍ပီပြင်လာသည်ဟု သုတေသီများက မှတ်ချက်ချကြရာ ဝတ္ထုပုံသဏ္ဌာန်ပို၍ ပီပြင်လာသောခေတ်၌ ပုံနှိပ်ထုတ်ဝေခဲ့သော ယခုထုတ်ဝေသည့် ဝတ္ထုသုံးပုဒ်သည် သုတေသီတို့၏ မှတ်ချက်ပြုလောက်စေရာ အခြေခံများဖြစ်နေကြသည်ကို တွေ့နိုင်ပါသည်။**




"နေရီရီ" ဝတ္ထုတွင် အဓိက ဇာတ်ဆောင် သုံးဦး ရှိသည်။ မောင်နေဝင်း၊ ရီရီနှင့် မြို့အုပ်မောင်ဖုန်းကျော်တို့ ဖြစ်သည်။ ဇာတ်လမ်းအကျဉ်းချုပ်မှာ မောင်နေဝင်းသည် မိဘမဲ့ကလေးဖြစ်သည်။ ဦးလေးဖြစ်သူ၏ စောင့်ရှောက်မှုအောက်တွင် နေရသော်လည်း ဦးလေး၏ဇနီးက ကြည်ကြည်ဖြူဖြူ မရှိ၊ မောင်နေဝင်းသည် ချို့ချို့ငဲ့ငဲ့နှင့် ကျောင်းနေရသူဖြစ်သည်။ ရီရီ၏ဖခင်သည် ထားဝယ်မြို့အုပ်ဖြစ်၍ ထားဝယ်၌ နေရသူဖြစ်၏။ မိခင်ကွယ်လွန်သွားသောအခါ အဘွားနှင့် ရန်ကုန်၌ လာရောက်နေသည်။ ရီရီနှင့် မောင်နေဝင်းသည် တစ်ကျောင်းတည်းတက် စာသင်ဖက်များဖြစ်သောကြောင့် ခင်မင်ရင်းနှီးကြသည်။ မောင်နေဝင်းက ချို့တဲ့သောကြောင့် ရီရီက တတ်နိုင်သမျှပံ့ပိုးကူညီသည်။ ရီရီ၏ဖခင် နေထိုင်မကောင်းသောအခါ ရီရီကို ပြန်ခေါ်သောကြောင့် ရီရီ ထားဝယ်သို့ ပြန်သွားရသည်။

ရီရီ ထားဝယ်ပြန်သွားသည့်အခါ မောင်နေဝင်းက သဘော်ဆိပ်ကို လိုက်ပို့သည်။ ရီရီသည် သဘော်ဆိပ်ဆင်းမည့် မြင်းရထားရှိရာကို ပြေးသွားသည့်အခါ လက်ကိုင်ပဝါလေးကျသွားသည်။ မောင်နေဝင်းသည် ထိုလက်ကိုင်ပဝါလေးကို ကောက်ယူပြီး ရီရီအား မပေးဘဲ မိမိအင်္ကျီအိတ်ထဲထည့်၍ သိမ်းထားလိုက်လေ၏။ ရီရီသည် ထားဝယ်သို့ရောက်ပြီး ခြောက်လခန့်ကြာသောအခါ မောင်နေဝင်းထံကို ချောကလက်များနှင့် သကြားလုံးများ ပို့ပေးလိုက်၏။ မောင်နေဝင်းသည် ရီရီ၏ လက်ကိုင်ပဝါနှင့် ချောကလက်များ၊ သကြားလုံးများကို ဖာကလေးတစ်လုံး၌ထည့်ကာ သိမ်းထားလေ၏။

တစ်နှစ်ခန့်အကြာ မောင်နေဝင်း၏ဦးလေး ကွယ်လွန်သွား၏။ ဦးလေးဇနီးက မောင်နေဝင်းကို ကျောင်းဆက်မထားဘဲ အိမ်အလုပ်များ လုပ်နေရစဉ် ဈေးဖိုးပိုက်ဆံခိုးသည်ဟု စွပ်စွဲပြီး ရိုက်နှက်၏။ အမျိုးမျိုးညှဉ်းပန်း၏။ မောင်နေဝင်း လူပျိုကလေးဖြစ်လာသောအခါ အိမ်မှထွက်လာခဲ့၏။ မောင်နေဝင်းသည် မိမိကဲ့သို့ လေလွင့်နေသူများဖြစ်သော ဘသော်၊ ဘကျော်တို့နှင့် ပေါင်းမိကာ လုယက်မှုများပြုလုပ်၍ အသက်မွေးဝမ်းကျောင်းပြုနေ၏။ ထိုအလုပ်ကို မောင်နေဝင်း မလုပ်လိုသောကြောင့် ထိုသူနှစ်ယောက်နှင့် လမ်းခွဲကာ ပန်းထိမ်ဆရာကြီးဦးကင်းထံတွင် ပန်းထိမ်ပညာသင်၏။ မောင်နေဝင်းသည် သေသေဝပ်ဝပ်နေထိုင်ပြီး ပညာကို ကြိုးစားသင်ယူလာရာ ဦးကင်း၏ ယုံကြည်စိတ်ချခံရသူဖြစ်လာ၏။

တစ်နေ့တွင် ဦးကင်းသည် မောင်နေဝင်းကို စိန်ဝယ်လိုသူ မင်းကတော်တစ်ယောက်ထံ ကျပ်သုံးထောင်ခန့်တန်သည့် စိန်များနှင့်လွှတ်လိုက်၏။ မောင်နေဝင်းသည် လမ်းတွင် ဘသော်၊ ဘကျော်တို့နှင့် ပြန်တွေ့ရ၏။ ဘသော်၊ ဘကျော်တို့က မောင်နေဝင်း၏မျက်နှာကို မေ့ဆေးရည်သုတ်ထားသော လက်ကိုင်ပဝါနှင့်အုပ်၍ မေ့သွားစေ၏။ မောင်နေဝင်း သတိရလာသောအခါ သူ၏ဆရာ ဦးကင်းက ရောင်းရန်ပေးလိုက်သော စိန်များကို ဘသော်နှင့် ဘကျော်တို့ လုယူသွားကြောင်း သိရသဖြင့် ဆရာကင်းထံ မပြန်ဝံ့တော့ဘဲ တစ်ဖန် လွင့်မျောရပြန်ရှာသည်။

တစ်ခုသောမိုးဥတုတွင် ထန်းတပင်ကွေ့၌ သဘော်တစ်စင်း မိုးသက်လေထဲ နစ်သွားလေ၏။ လူငယ်တစ်ဦးသည် သဘော်နစ်ရာ ပါသူများ၏ အသက်ကိုကယ်ရာ အမျိုးသမီးငယ်တစ်ဦးကိုလည်း ကယ်မိလေ၏။ ထိုအမျိုးသမီးငယ်မှာ ရီရီ ဖြစ်နေ၏။ ရီရီသည် ဖခင်ကွယ်လွန်သွား၍ ထန်းတပင်တွင် နေထိုင်သော ဖခင်၏အစ်ကို အငြိမ်းစားတိုက်သူကြီး ဦးရန်ကျော်ထံ သွားရင်း သဘော်နစ်ခြင်းဖြစ်သည်။

ရီရီသည် ဘကြီးအိမ်မှာ ဘကြီး၏သမီးများဖြစ်သော မမကြီး၊ မမလေးတို့နှင့် အတူနေရင်း မိမိကိုကယ်သူမှာ မည်သူဖြစ်ကြောင်း စုံစမ်းလေ၏။ ထန်းတပင်မြို့အုပ်ကလေး မောင်ဖုန်းကျော်သည် ဦးရန်ကျော်အိမ်သို့လာရင်း ရီရီကို တွေ့သောအခါ ကြိုက်နှစ်သက်သွားပြီး ရီရီကို လက်ထပ်နိုင်ရန် ကြိုးစားတော့၏။ နောင်တွင် ရီရီသည် မိမိရေနစ်စဉ်က ကယ်သူမှာ မောင်နေဝင်းဖြစ်ကြောင်း သိသွားသည်။ ထိုအခါ ရီရီသည် မောင်နေဝင်းကို ပို၍ ကရုဏာသက်သွားသည်။ မြို့အုပ်ကလေး မောင်ဖုန်းကျော်ကလည်း ရီရီကို အမျိုးမျိုး ချစ်ရေးဆိုသော်လည်း ရီရီက မောင်ဖုန်းကျော်၏ ချစ်ရေးဆိုမှုကို လက်မခံဘဲ မောင်နေဝင်းနှင့် လက်ထပ်ရန် စီမံလေ၏။ ရီရီသည် မောင်နေဝင်းနှင့် လက်ထပ်နိုင်ရန် ရန်ကုန်ရှိ သူ၏နေအိမ် ကန်တော်မင် သို့ ပြန်သွား၏။ မောင်နေဝင်းကိုလည်း လက်ဝတ်ရတနာများနှင့် ငွေများ ပေးထားခဲ့ကာ ရန်ကုန်သို့ လိုက်လာ ရန် စီစဉ်ခဲ့၏။ ရီရီမရှိသောအခါ မောင်ဖုန်းကျော်သည် လူမိုက်များ ငှားရမ်း၍ မောင်နေဝင်းကို ရိုက်နှက်ကာ ရေထဲတွန်းချလိုက်၏။ မောင်နေဝင်းကို သူ၏သူငယ်ချင်း ယခင်က ဆိုးဖော်ဆိုးဖက် ဘကျော်က ရေထဲမှ ကယ်ဆယ်လိုက်၏။

ရီရီသည် မောင်နေဝင်း မလာနိုင်သောကြောင့် ထန်းတပင်သို့လိုက်ပြန်၏။ မတွေ့ပြန်သောအခါ ရန်ကုန်ရှိ မိမိအိမ်ပြန်လာ၏။ ရီရီသည် မကျန်းမမာဖြစ်ပြီး အိပ်ရာထဲလဲနေ၏။ ထိုအခါ မြို့အုပ်မောင်ဖုန်းကျော်နှင့် မမလေးတို့က ရီရီကို သေစေရန် ဆေးထဲ၌ အဆိပ်ခတ်ပြီးတိုက်ရန် စီစဉ်ကြ၏။ မောင်ဖုန်းကျော်တို့ စီစဉ်သည့်အသံကို ရီရီ၏ အိမ်အတွင်း၌ ခိုးရန် ခိုအောင်းနေသူ ဘကျော်က ကြားလေ၏။ ဘကျော်သည် ရီရီအား မောင်ဖုန်းကျော်တို့ အစီအစဉ်ကို ပြောပြ၏။ ရီရီသည် မောင်ဖုန်းကျော်နှင့် မမလေးတို့တိုက်သောဆေးကို မသောက်ဘဲ အော်ဟစ်ကာ အကူအညီတောင်းလေ၏။ အိမ်နီးချင်းများ ရောက်လာသောအခါ အကျိုးအကြောင်းပြောပြလေ၏။ မောင်ဖုန်းကျော်သည် ရီရီကို သတ်ရန်ကြံစည်ကြောင်း ထင်ရှားသောကြောင့် ထောင်ငါးနှစ် ကျသွားလေ၏။ မောင်နေဝင်းနှင့် ရီရီတို့လည်း ပျော်ရွှင်စွာ ပေါင်းသင်းကြလေသည်။

နေရီရီဝတ္ထုသည် မောင်နေဝင်း၊ ရီရီနှင့် မောင်ဖုန်းကျော်၊ မမလေးတို့၏ လေးပွင့်ဆိုင်အချစ်ဇာတ်လမ်းဟု ဆိုရပေမည်။ သို့ရာတွင် မောင်နေဝင်းနှင့် ရီရီတို့သာလျှင် ငယ်စဉ်ကာလ ကျောင်းနေစကတည်းက ချစ်လာခဲ့ကြသော ငယ်ချစ်များ ဖြစ်သည်။ မောင်ဖုန်းကျော်က ရီရီကို တစ်ဖက်သတ်ချစ်သည်။ ရီရီက မောင်ဖုန်းကျော်အပေါ် ချစ်တုံ့မပြန်။ မမလေးက မောင်ဖုန်းကျော်ကို သူမသိငါပိုးချစ်ဖြင့် ချစ်၏။ မောင်ဖုန်းကျော်ကမူ ရီရီ၏ အချစ်ကို လုံးဝစွန့်လွှတ်လိုက်ရကြောင်း သိချိန်တွင်မှ မမလေးကို မိမိအသုံးချလိုသည့် ကိစ္စရပ်များ၌ အသုံးချနိုင်ရန် လက်တွဲချစ်ဖြင့် ချစ်ကြောင်း ပြ၏။

နေရီရီဝတ္ထုသည် တွေ့-ချစ်-ကွဲ-ပြေလည်-ညား-ချမ်းသာ ကျောရိုးကို အခြေခံသော ဝတ္ထုသာဖြစ်သည်။ ဝတ္ထု၌ အားပြိုင်မှုသဘောတွေ့နိုင်သည်။ အားပြိုင်မှုတွင်လည်း ပြင်ပအားပြိုင်မှုနှင့် အတွင်းအားပြိုင်မှု နှစ်မျိုးလုံးပါသည်။ ပြင်ပအားပြိုင်မှုမှာ မောင်နေဝင်းနှင့် မောင်ဖုန်းကျော်တို့၏ ဘဝအားပြိုင်မှုသဘောဖြစ်သည်။ အတွင်းအားပြိုင်မှုမှာ မောင်နေဝင်းက ရီရီကို ကယ်ပြီးနောက် ရီရီကိုကယ်သူမှာ မိမိဖြစ် ကြောင်း၊ မိမိသည် မောင်နေဝင်းဖြစ်ကြောင်း ဖွင့်ပြောသင့်၊ မပြောသင့် အတွင်းစိတ် အားပြိုင်မှုမျိုးဖြစ်သည်။ ဇာတ်လမ်း၏ အတက်၊ အဆင်း သဘောမျိုးကိုလည်း မြင်ရနိုင်သည်။







မောင်နေဝင်းသည် လူလားမြောက်ပြီးနောက် အရီးအိမ်မှ ဆင်းလာသောအခါ ဘသော်၊ ဘကျော် တို့နှင့်ပေါင်းမိပြီး ခိုးဆိုးလုယက်ဘဝနှင့် ရပ်တည်နေရာမှ စိတ်ပြောင်းကာ ပန်းတိမ်ပညာသင်အဖြစ် ရောက်ခဲ့ပုံ။ ဆရာကင်း၏ ယုံစားမှုကို ခံရပြီးမှ ဆရာရောင်းခိုင်းသည့် စိန်များကို ဘသော်၊ ဘကျော်တို့ ပြန်လုသွားပုံ။ ဘသော်၊ ဘကျော်တို့သည် ယခင်က မိမိခေတ္တမှီခိုရဖူးသူလူဆိုးများဖြစ်၍ ၎င်းကျေးဇူးကို ထောက်ထားပြီး မိမိထံမှ စိန်များလုယူသွားသော ဘသော်၊ ဘကျော်တို့ကို ရဲထံ မတိုင်ကြားရက်ရှာဘဲ မိမိနာမည်ပျက်ဘဝနှင့် ရှောင်တိမ်းနေရပုံများ ဖြစ်သည်။

ဦးလတ်၏ "တနန်းပျော်ရင်သွေးတော်"ဝတ္ထုသည် အပြီးသို့ မရောက်ခဲ့ပေ။ ပြီးဆုံးအောင် မရေးသည်မှာ ဦးလတ်က မော်ပီဆရာသိန်းထံသို့ ပေးပို့သော တေးထပ်တွင် "ရင်သွေးတော် သန့်မျက်ဖျော်ကို၊ ကန့်ကွက်တော်မူသဖြင့်။ ။ လန့်ချက်နော်မြူ မသင့်တယ်လို့ မြူဆင့်ဆင့်ခွင့်ပန်။ ဇာတ်လိုက်မယ်အခွင့်ပေးပါမှ ဖင့်မနှေးရေးမယ်လို့ကြံ" ဟူ၍ ပါရှိရာ ဝတ္ထုထဲတွင် ပါဝင်သော အမျိုးသမီးဇာတ်ဆောင် မသန့်နှင့်ပတ်သက်၍ ကန့်ကွက်မှုများပေါ်၍ ရပ်ဆိုင်းရကြောင်း ရေးသည်။ ဇာတ်လိုက်မယ် အခွင့်ပေးပါက ဆက်ရေးမည်ဟုလည်း ဆိုသည်။ သို့ရာတွင် ဦးလတ် ကွယ်လွန်သွားသည့်တိုင် ဆက်မရေးဖြစ်တော့ပေ။

တနန်းပျော်ရင်သွေးတော် ဝတ္ထုထဲက တွင်းစားကြီးဦးသာဘော၏ စရိုက်ကို ဖော်ရာ၌ ဦးသာဘော၏ မသတီစရာ အမူအရာကို ဦးသာဘော၏ ပြောစကားနှင့် ဖွင့်ပြထားသည်။ ဦးသာဘောသည် တွင်းစားကြီးဖြစ်၏။ လောဘကြီးသူလည်းဖြစ်၏။ အသက် မှာ ၆၇ နှစ်ခန့်ရှိပြီ။ အသက် ၁၇ နှစ်အရွယ် မသိန်းကြွယ်ကို ဇနီးအဖြစ် ယူထားသည်။ အဓိကဇာတ်ဆောင် မောင်သော်သည် မယ်သန့်၏မိခင်ကို မိမိ ရန်ကုန်သို့ သွားရမည့်အကြောင်း ပြောဆိုနှုတ်ဆက်၏။ မယ်သန့်၏ မိခင်က မည်သည့်ကိစ္စနှင့် သွားမည်နည်း။ အလည်အပတ်လားဟု မေးမြန်းရာ မောင်သော်က ရန်ကုန်မှာ ရေနံတွင်းကိစ္စအတွက် ဝတ်လုံတော်ရများနှင့် ဆွေးနွေးရန်သွားမည့်အကြောင်း ဆိုသည်။ ဆက်လက်၍ ပြောကြသည်မှာ-

"တစ်နေ့က ဒေါ်ဒေါ့်ကို ကျွန်တော်ပြောတဲ့ တွင်းကိစ္စကလေးပါ"

"သြော်. . . ဦးသာဘောတို့နဲ့ တွင်းကိစ္စလား"

"မှန်လှပါတယ် ဒေါ်ဒေါ်"

"သည်ကိစ္စကလည်း ယခုထက်တိုင် မပြီးကြသေးဘဲကိုး။ ဦးသာဘောကလည်း လောဘကြီးရန်မကောတော်၊ တွင်းတွေ အများသားနဲ့"

၎င်းပြောစကားများကိုကြည့်လျှင် ဦးသာဘောကို အရပ်ကပင် လောဘသားအဖြစ် ပြောကြဆိုကြရသည်။

တစ်နေ့၌ ဦးသာဘော စာဖတ်နေ၏။ သူစာဖတ်နေလျှင် မည်သူမျှ မလာရဟု စည်းကမ်းထုတ်ထား၏။ ဦးသာဘော စာဖတ်နေရာသို့ ဇနီး မသိန်းကြွယ် ရောက်လာပြီး စကားပြောကာ ခါးကိုပုတ်လိုက်၏။ ဦးသာဘော စိတ်ဆိုးသွားလေ၏။ ထိုအခါ မသိန်းကြွယ်နှင့် ဦးသာဘောတို့ ပြောစကားကို ဦးလတ် ၎င်းသို့ဖွဲ့သည်။

"အကြောင်းကိစ္စ အရေးတကြီးရှိလို့မှ လာမပြောရဘူးလား။ အရင်တုန်းက ပြောတဲ့စကားတွေ မှတ်မိသေးရဲ့လား။ ယခုတော့ ဘယ်မှတ်မိလိမ့်မလဲ။ အရပ်သိအောင် အော်လိုက်စမ်းချင်လှသနော်။ အရင်က စကားပြောရင် ဘောပြောမယ်၊ ဘောဘောပြောမယ်နဲ့ မျက်နှာကို သကြားပက်ထားသလို. . ."

"ဟဲ့. . . လုံကလေး ဘာပြောမလို့တုန်း။ လာပါလာပါ ဘောဘော စာဖတ်ပြီးပါပြီ"

"ဘောဘော ပြောတာ ဘာသည့်လောက်တောင် လွန်လို့ စိတ်ဆိုးရသလဲဟင်။

တကယ်ပဲ ဘောဘောပြောတာက လွန်ပလေစေကာ သည့်လောက်များတော့ သည်းခံဖို့ကောင်းပါရဲ့။ ဘောဘောကတော့ သည်းခံလိုက်ရတာဟိုတစ်နေ့ကသည် ဘောဘောနှုတ်ခမ်းမွေးကြီးဟာ ရှုပ်ရန်မှာကောတော်လို့ဆိုပြီး ကတ်ကြေးနဲ့ ကိုက်လိုက်တာကို ဘောဘောက စိတ်ဆိုးသလား။ စိတ်ကောက်သလား။ ဘာများ ပြန်လို့ကော ပြောသေးသလဲ" **စာမျက်နှာ ၁၁ သို့** ❖

# မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ စာရေးဆရာအသင်းကကြီးမှူး၍ ၁၃၈၀ ပြည့်နှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကန်တော့ခံသက်ကြီးစာပေပညာရှင်များအတွက် အလှူငွေပေးအပ်လှူဒါန်းရာ နိုင်ငံတော်သမ္မတရုံးမှ လှူဒါန်းငွေကျပ် ၇၃ သိန်း ၅ သောင်းကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လှူဒါန်းငွေကျပ် ၄၉ သိန်းနှင့် အဝတ်အထည်တန်ဖိုးငွေကျပ် ၄၃ သိန်း ၈ သောင်းနှစ်ရာ့ငါးဆယ်၊ စုစုပေါင်းငွေကျပ် ၉၂ သိန်း ၈ သောင်းနှစ်ရာ့ငါးဆယ်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းငွေကျပ် ၁၀ သိန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လှူဒါန်းငွေကျပ် ငါးသိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးက လည်းကောင်း၊ Sky Net ရုပ်သံမှ လှူဒါန်းသောငွေကျပ် ၃၁၇ သိန်း ၄ သောင်းတန်ဖိုးရှိ ရုပ်သံဖမ်းစက်အစုံကို Sky Net ရုပ်သံမန်နေဂျင်းဒါရိုက်တာ ဦးမင်းမင်းက လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မုဒိတာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်စာရင်းကို မြန်မာနိုင်ငံ စာရေးဆရာအသင်း ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ဖတ်ကြားပြီး ကန်တော့ခံသက်ကြီးစာပေ ပညာရှင်ကြီးများအား ကန်တော့ချိုးဖြင့် လက်အုပ်ချီကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ကန်တော့ပစ္စည်းနှင့် အလှူငွေများပေးအပ်သည်။

ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား ဆရာကြီးဒေါက်တာသန်းဦး(ဦးသန်းဦး ပြည်စိုးမင်း)က ဩဝါဒစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၁၃၈၀ ပြည့်နှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင် ၂၄၅ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲစီ၊ Sky Net ရုပ်သံဖမ်းစက်၊ အဝတ်အထည်နှင့် ဆေးဝါးများလှူဒါန်းကြပြီး သက်ကြီးစာပေပညာရှင်များအတွက် ငွေသားအလှူရှင် ၁၂၂ ဦးက အလှူငွေကျပ် ၃၇၉၄၆၁၀၀ နှင့် ပစ္စည်းအလှူရှင် ၁၆ ဦးက ပစ္စည်းတန်ဖိုးငွေကျပ် ၁၀၂၃၀၇၅၀ အလှူငွေ စုစုပေါင်းငွေကျပ် ၄၈၁၇၆၈၅၀ ရရှိကြောင်း သိရသည်။

**ဥမ္မာသန့်**

# မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ပဉ္စမပတ် စုပေါင်းလမ်းလျှောက်ပွဲ ပြည်သူ ၁၂၅၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု နောက်ဆုံးပဉ္စမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၃ လမ်းဆုံ မင်္ဂလာတံတားထိပ် တာလွှတ်စုရပ်နေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းဝင်များ ဦးဆောင်၍ ပြည်သူများနှင့်အတူ စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်၊ အား/ကာသိပ္ပံ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာဘောလုံးအကယ်ဒမီကျောင်း၊ သူနာပြုတက္ကသိုလ်၊ သားဖွားသင်တန်းကျောင်း၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများ၊ ဌာနဆိုင်ရာ စည်ပင်နှင့် စက်ရုံအလုပ်ရုံတို့မှ ဝန်ထမ်းများ၊ အားကစားဆပ်ကော်မတီများ၊ လူမှုရေးအသင်းနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၂၅၀၀ ကျော်တို့သည် မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။

ထို့နောက် တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်က စုပေါင်းလမ်းလျှောက်ပွဲစတင်ရန် အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်သော တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်များနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သူများသည် အုပ်စုအလိုက်မိသားစုလိုက်တာလွှတ်စုရပ်နေရာမှ ၂၆လမ်းအတိုင်း ၆၆လမ်းသို့၊ ထိုမှ လမ်း ၃၀ အတိုင်းသတ်မှတ်လမ်းကြောင်းအတိုင်း လမ်း ၇၀ နှင့် ၇၁ လမ်းကြား ဗထူးအားကစားခန်းမ ဝင်ပေါက်မှတစ်ဆင့် ကွင်းအတွင်းသို့ ရောက်ရှိခဲ့ကြပြီး လမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများသည် ဗထူးကွင်း၌ စုပေါင်းကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။



အတွဲ(၁)(၂)လေ့ကျင့်ခန်းနှင့် အေရိုးဗစ်

**တင်မောင်မန်းကိုယ်ပွား**

❖ **စာမျက်နှာ ၁၀ မှ**

ထိုအပြောအဆိုများကို ကြည့်ပါ။ ဦးသာဘောသည် တွင်းစားဟူသော ဂုဏ်ရှိ၏။ ငွေကြေးဥစ္စာ ပြည့်စုံ၏။ သို့သော် လောဘကြီးသူဖြစ်ကြောင်း အရပ်က ကင်ပွန်းတပ်သည်။ ကလေးကလားအမူအရာများကြောင့် မသတီစရာပုဂ္ဂိုလ်အဖြစ် သရုပ်ပေါ်အောင် ဖော်နိုင်သည်။

မှာတော်ပုံဝတ္ထုတွင် ကိုပေါဆိုသူသည် ညောင်ကန်ရွာသား မုဆိုးဖိုဖြစ်သည်။ ငွေကြေး အတော်အသင့်ရှိသူဖြစ်သည်။ မန္တလေးသို့ အလည်အပတ်လာစဉ် ဘုရားဒါယကာ ဦးကြာညွန့်၏အိမ်၌ တည်းခိုသည်။ တစ်နေ့သ၌ ဦးကြာညွန့်၏ မိတ်ဆွေများဖြစ်သော ဝန်စာရေး မောင်မောင်ရွှေနှင့် သင်္ဂြိုဟ်ဆရာကလေး မောင်ဇော်တို့သည် ဦးကြာညွန့်၏အိမ်သို့ရောက်လာ၊ စကားစမြည်ပြောကြပြီးလျှင် ကိုပေါကိုပါခေါ်၍ ဗားကရာလူထွက် ဦးကျော်ဒွေး၏ အိမ်သို့သွားကြသည်။ ရောက်သောအခါ အဘိုးအို ဦးကျော်ဒွေးနှင့် သမီးအရွယ်၊ မြေးအရွယ် ဖြစ်သော ဇနီးသည် ခင်အုံတို့ ရန်ဖြစ်နေကြသည်ကို တွေ့ကြသည်။ ဦးကြာညွန့်တို့ လူစုသည် ကိုပေါထံမှ ငွေစကြေးစ ချူသလိုဖြင့် ဦးကျော်ဒွေးနှင့် ခင်အုံတို့ ကွဲအောင်ပြုပြီးလျှင် ခင်အုံကို ကိုပေါနှင့် တို့ပေးသည်။ နောက်ဆုံးတွင် ဦးကျော်ဒွေးမှာလည်း ဒုက္ခဖြစ်ကျန်ရစ်ခဲ့၍ ကိုပေါမှာလည်း ဒုက္ခသစ်နှင့် ရင်ဆိုင်တိုးနေရရှာသည်။ ဤကား မှာတော်ပုံဝတ္ထု၏ ဇာတ်လမ်းအချုပ်ဖြစ်သည်။

ဤဇာတ်လမ်းတွင် အသည်းထိတ်စရာလည်း မပါ။ ပျို့ရွယ်နုနယ်သူတို့ လွမ်းချင်ကြသော မယ်ဘွဲ့၊ မောင်ဘွဲ့ အလွမ်းမျိုးလည်း မပါ။ အထူးအဆန်းဟူ၍ အရှင်းမပါ။ အရိုးခံသက်သက်မျှသာ ဖြစ်သည်။ သို့ရာတွင် ဤ ဇာတ်လမ်း၌ လောကီဘုံဓလေ့ ကြုံတွေ့ရတတ်သော သဘောတို့ ပါရှိလေသည်။ လောကသဘာဝ၊ လူ့သဘာဝတို့ကို ကြားတတ်၊ မြင်တတ်၊ ဆင်ခြင်တတ်၍ ကရုဏာ မေတ္တာထားတတ်သော ဉာဏ်ရှင် စာရေးဆရာတို့တွင် လောကအကြောင်း၊ လူ့အကြောင်းတို့ကို ဇာတ်ဆင်၍ သနားဖွယ်၊ ချစ်ခင်ဖွယ်ဖြစ်အောင် ဖန်တီးဖွဲ့ဆိုနိုင်သော စွမ်းရည်ရှိသည်။ ဆရာကြီး၌ ထိုစွမ်းရည်ရှိသည်။ ရှိသည်ကို မှာတော်ပုံဝတ္ထုတွင် အထင်အရှားပြခဲ့သည်။

ကိုပေါက ရိုးသလောက် ခင်အုံ ဆန်းပြားမာယာများလှ၍ ဗားကရာလူထွက် ဦးကျော်ဒွေး တဲ့တိုးနိုင်လှပုံကို ဤဝတ္ထု၌ သိမြင်နိုင်သေးသည်။

ခင်အုံသည် လယ်ယာဝင်းတော်မှူး၏ မယားအငယ်ဆုံး ဖြစ်ခဲ့ဖူးသည်။ ဝင်းတော်မှူးသေဆုံးသောအခါ ခင်အုံ အသက် ၂၀ ခန့်မျှသာ ရှိသေးသည်။ ယခု အသက် ၃၆ နှစ်မျှ ရှိပြီ။

ရုပ်ဆင်းသဏ္ဌာန်မှာ မဖြူမညို အသားလတ်ဖြစ်၍ ချစ်ကြိုက်ဖွယ်ရာ ပျူငှာသော လောကဝတ်တို့နှင့် ပြည့်စုံသည်ဟု ဆိုသည်။ လက်ပါးစေ အပျိုတော်အဖြစ် လေး၊ ငါးနှစ်ခန့် ရွှေနန်းတော်ကြီးအတွင်း ခစားဖူးသူဖြစ်သဖြင့် ထီးမှုနန်းရာ အယဉ်အကျေး အသိမ်အမွေ့ကို သိသည်ဟု ဆိုသည်။ ပျို့လက်ာတို့၌ ဝါသနာထုံ၍ စကားအရာ အင်္ဂါလေးတန် ကျေပွန်တတ်မြောက်သည်ဟု ဆိုသည်။ ခင်အုံ၏ မျက်နှာတွင် မျက်ရည်ခံ မှဲ့တစ်လုံးပါသည့်အပြင် လင်ပေါ်၊ သားပေါ်၌ မြည်တွန်တောက်တီးတတ်သော အလေ့ရှိသည်ဟု ဆိုသည်။

ဝင်းတော်မှူး သေဆုံးပြီးနောက် ခင်အုံသည် ဆင်းရဲရှားပါး၍ အမရပူရမှ မန္တလေးသို့ ရွှေ့ပြောင်းနေထိုင်သည်။ မိမိ၏ ရုပ်ရည်ရူပကာယကို အားကိုးအားထားပြု၍ မင်းကတော် ဟူသော အမည်တစ်လုံးနှင့် ဟိတ်ဟန်ထုတ်၍ နေသည်။ ထိုအခိုက်တွင် မောင်မောင်ရွှေတို့က ကြားကဝင်လှော်သဖြင့် ဖအေအရွယ် ဗားကရာလူထွက် ဦးကျော်ဒွေးနှင့် အကြောင်းပါသည်။ ပထမသော် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေရမည်အမှတ်ဖြင့် အဘိုးအိုကို ယူလိုက်သည်။ နောင်အခါမှာမှ တစ်ပတ်ရိုက်ခံရမှန်းကို သိသည်။ ထိုသို့သိသည့် နေ့မှစ၍ ခင်အုံသည် အဘိုးအိုကို ရန်ထောင်တော့သည်။ ထိုအခိုက် ဦးကြာညွန့်တို့ကပင် အလုံသားမုဆိုးဖို ကိုပေါနှင့် ဆွယ်လာကြပြန်သဖြင့် အဘိုးအို၏ အိမ်မှ ဆင်းလေသည်။ ထို့နောက် ကိုပေါနှင့် တွေ့ပြန်သောအခါမှာလည်း စိတ်ထင်တိုင်းမပေါက် ဖြစ်ရရှာပြန်သည်။ ဤကား ခင်အုံ၏ အကြောင်းဖြစ်သည်။



ခင်အုံသည် ချောသလောက်၊ လှသလောက် ကံမကောင်းရှာချေ။ ခင်အုံသည် အလွန်အကြော့နေလို၏။ နေလိုက်ရာပါ၏။ သို့ရာတွင် ခဏမျှသာတည်း။ နောင်အဖို့၌ကား ရေလိုက်လွဲသဖြင့် အဘိုးအိုနှင့်နွံရ၍ အလိုမပြည့်နိုင် ဖြစ်ရသည်။ တစ်ဖန် မုဆိုးဖို ကိုပေါနှင့် တွေ့ရပြန်ပါသော်လည်း ထင်တိုင်းမပေါက် ဖြစ်ရပြန်၏။ ခင်အုံ၏ဘဝသည် သနားဖွယ်ပင်ဖြစ်သည်။ ခင်အုံ၏ ဒုက္ခသည် မြက်မြက်ကို အစွဲမပြေနိုင်သော အထည်ကြီးပျက်တို့၏ ဒုက္ခမျိုးဖြစ်သည်။ ဆရာကြီး ဦးလွန်းသည် ထိုသဘောကို ကောင်းစွာ ဆင်ခြင်မိဟန်တူသည်။ ခင်အုံဗားကရာလူထွက်ကို စွန့်ခန်းနှင့် ကိုပေါကို အမိဖမ်းခန်းတို့တွင် ထိုသဘောကို ထင်ရှားစွာ ဖွဲ့ခဲ့သည်။

ဘုရားဒါယကာ ညွန့်တို့က ကိုပေါနှင့် ဆွယ်ပေးမှန်း သိသောအခါ ခင်အုံသည် အဘိုးကြီးအိမ်မှ ဆင်းလိုသည်။ ဖွတ်ဆင်းသော် မိမိ မတရားသဖြင့် ပြုသောအရာကို မတရားပြုသောအရာဟူ၍ အရပ်က ထင်မည်စိုးသေးသည်။ ခင်အုံသည် စာတတ် ပေတတ်ဖြစ်သဖြင့် အရပ်မျက်စိတွင် အရုပ်ဆိုးမည့် အလုပ်ကို မလုပ်လို။ အိမ်မှ မိမိဆင်းခြင်းသည် ကောင်းသော ဆင်းခြင်း၊ မှန်သော ဆင်းခြင်း၊ တရားသော ဆင်းခြင်း ဖြစ်သည်ဟူ၍ အရပ်မျက်စိ၌ ထင်ရှားစေလို၏။ သို့မှသာ အဘိုးအိုက အတင်းတားလျှင် အဘိုးအိုကို အရပ်က ဝိုင်း၍ လက်ညှိုးထိုးကြမည် ဖြစ်သည်။ အဘိုးအိုက စိုက်မည့်လှံသည် အဘိုးအိုကိုပင် ပြန်၍စူးမိအောင် ပြုရမည်ဖြစ်လေသည်။ ထို့ကြောင့် ခင်အုံသည် မာယာကို သုံးလေသည်။

ဗားကရာလူထွက် အဘိုးအို ဦးကျော်ဒွေးအဖွဲ့သည်လည်း မှာတော်ပုံဝတ္ထုတွင် အမှတ်တရ လွမ်းလောက်သော အဖွဲ့ပင် ဖြစ်သည်။ ဦးကျော်ဒွေးဆိုသူမှာ ပုခန်းကြီးမြို့ဇာတိ၊ ရဟန်းလူထွက်ဖြစ်သည်။ ရဟန်းဘဝ၌ရှိစဉ် ပိဋကတ်တတ်၊ စာတတ်ပေတတ်၊ လောကီ လောကုတ္တရာနှစ်ဖြာ နှံ့စပ်သူဖြစ်သဖြင့် မကွေးမြို့စား အတွင်းဝန်ကြီးက အင်းဝမှ အမရပူရသို့ ပင့်ခဲ့သည်။ အမရပူရတွင် ဗားကရာတိုက်၌ သီတင်းသုံးနေစဉ် ဘိုးတော်မင်းတရားနှင့် အမှုမျိုးကို တော်သင့်အောင်လိုက်၍ အကြိုက်ကို မငဲ့ဘဲ မိန့်တော်မူတတ်သည်။ ဘိုးတော်မင်းတရား အမျက်ရှိသဖြင့် မဟာဒါန်ဝန် မဟာဒါန် စာရေးများအား ဗားကရာဆရာတော်၏ သင်္ကန်းကို အတင်းချွတ်၍ အဝတ်ဖြူလဲစေရမည်ဟု အမိန့်တော်မှတ်ရာ ဗားကရာဆရာတော်မှာ အမိန့်တော်အတိုင်း လူထွက်ရရှာလေသည်။ ထို့နောက် မန္တလေးမြို့ တပည့်များ၏ အိမ်၌နေစဉ် မောင်မောင်ရွှေတို့ အလှော်ကောင်းသဖြင့် သမီးအရွယ်၊ မြေးအရွယ်လောက်ရှိသော ခင်အုံနှင့် အကြောင်းဆက် ပေါင်းဖက်မိကြသည်။

မှာတော်ပုံဝတ္ထု ပထမတွဲကို ၁၉၁၆ ခုနှစ်၌ ထုတ်ဝေခဲ့ပြီး ဒုတိယတွဲကို ၁၉၁၉ ခုနှစ်၌လည်းကောင်း၊ တတိယတွဲကို ၁၉၂၁ ခုနှစ်၌လည်းကောင်း ထုတ်ဝေခဲ့သည်။ တတိယတွဲအဆုံး၌ စတုတ္ထတွဲကို ဆက်၍ ထုတ်ဝေဦးမည်ဟု မျှော်လင့်ချက်ပေးခဲ့သည်။ သို့ရာတွင် စတုတ္ထတွဲ ထွက်မလာတော့ချေ။ ထို့ကြောင့် ဆရာကြီးဦးလွန်းသည် မှာတော်ပုံဝတ္ထု၏ ဇာတ်လမ်းကို အဆုံးသတ်ခြင်း မပြုခဲ့ဟု ဆိုရာသည်။ မှာတော်ပုံဝတ္ထုသည် ဇာတ်လမ်းထက် လူ့သဘာဝအဖွဲ့ကို ပို၍ပဓာနထားသော ဝတ္ထုဖြစ်သဖြင့် ဇာတ်လမ်းမဆုံးသော်လည်း လူ့သဘာဝအဖွဲ့သည် ပြီးပြည့်စုံသလောက်ဖြစ်၏ဟု ဆိုနိုင်ပါသည်။

ဒုတိယတွဲနှင့် တတိယတွဲတို့၏ ဇာတ်လမ်းအချုပ်သည် ဤသို့ဖြစ်သည်။ ခင်အုံသည် မိမိ၏အိမ်မှ ဖွတ်အတင်းဆင်း၍ ဦးကြာညွန့်၏အိမ်သို့ သွားသည်။ နောက်တစ်နေ့တွင် ဦးကြာညွန့်တို့ တမင်ရှောင်ပေးသဖြင့် အိမ်တွင် ခင်အုံနှင့် ကိုပေါတို့နှစ်ဦးသာ ကျန်ခဲ့ကြသည်။ ထိုအခါ ခင်အုံသည် ကိုပေါကို နှူးရရှာသည်။ နောက်ဆုံး၌ ကိုပေါသည် ခင်အုံ၏ အလိုဘက်သို့ ပါသွားသည်။ ထိုအခိုက် မန္တလေးမြို့တွင် အမှုတစ်ခုပေါ်လာ၍ ဦးကြာညွန့်ကို မြို့ဝန်က မသင်္ကာဖြစ်လာရာ ဦးကြာညွန့်သည် အောက်ပြည်သို့ ဆင်း၍ ရှောင်ရသည်။ ကိုပေါသည် အလုံကို ပြန်ရသည်။ ခင်အုံသည် ရွှေဘိုသို့ သွား၍ မိုးခိုသည်။ ရွှေဘိုတွင် ခင်အုံသည် လူပျိုပေါက်တစ်ယောက်ကို မျက်စိကျ၍ မုန့်ပေးကြိုက်သည်။ ညားကြသည်။ တစ်ဖန် ထိုကာလအတွင်း၌ပင် ကြာသမားတစ်ယောက်နှင့် တွေ့၍ ညားကြပြန်သည်။ လူပျိုပေါက်နှင့် ကြာသမားတို့ သတ်မောင်းပုတ်မောင်း ဖြစ်လာသောအခါ ခင်အုံထိတ်လန့်၍ အင်းဝသို့ ပြေးသည်။ အင်းဝမြို့ ဘိုးရွှေအိတ်အိမ်၌ တည်းခိုနေစဉ် ပုခန်းမြို့ မြိုင်ရွာသို့ ပြန်သွားသော ဗားကရာလူထွက်ဦးကျော်ဒွေး အနိစ္စရောက်ကြောင်း ကြားသည်။ ထိုအခါ ခင်အုံသည် ဦးကြာညွန့်တို့လူစုနှင့်အတူ မြိုင်ရွာသို့သွား၍ အသုဘပို့ကြသည်။ အသုဘအိမ်၌ ခင်အုံ ဆွေးလိုက်သေးသည်။ ဤတွင် ဇာတ်လမ်းကို ဖြတ်ထားလိုက်သည်။

စတုတ္ထတွဲကို မမျှော်လင့်နိုင်တော့သဖြင့် မင်းကတော် ခင်အုံ၏အကြောင်းကို အပြည့်အစုံ မသိနိုင်တော့ပြီ။ မြိုင်ရွာသူ ရွာသားတို့ အမျိုးမျိုးအဖုံဖုံ ပြောဆိုကြသည့်အတိုင်း ခင်အုံသည် နောက်ဆုံးတွင် တစ်ခုခု ဖြစ်လာနိုင်ပါသည်။ သို့ရာတွင် မကောင်းမှန်းသိပါလျက် စိတ်အလိုလိုက်၍ မိုက်တတ်သော ခင်အုံ၏ လူ့သဘာဝကိုကား နောက်ဖြစ်လာမည့် ဇာတ်လမ်းသည် ဖုံးကွယ်၍ ရမည်မဟုတ်ဟု ထင်သည်။ ထို့ကြောင့် အဆုံးမသတ်ခဲ့သော မှာတော်ပုံဝတ္ထုသည် ကျေနပ်စရာပင် ဖြစ်တော့သည်။ တစ်ဖန် စိတ်အလိုလိုက်၍ မိုက်တတ်သော လူ့သဘာဝကို ခင်အုံ၏ အမူအရာတို့ဖြင့် တင်စား၍ စာရေးသူက ဖွဲ့ပြရာတွင် သနားစရာ အလွန်အကျွံဟူ၍လည်း မပါ။ အံ့ဩစရာ အလွန်အကျွံဟူ၍လည်း မပါ။ အထူးအဆန်းဟူ၍ လုံးဝမပါ။ ဖြစ်တတ် ပျက်တတ်ပုံတို့၏ သဘောသည် စဉ်းစားစရာ ဖြစ်ရုံလောက်မျှသာပါသဖြင့် မှာတော်ပုံဝတ္ထုကို ယထာဘူတဝတ္ထုမျိုး၌ ထည့်ရလျှင်ရနိုင်သည်ဟု ယူဆကြောင်း ဆရာဇော်ဂျီက မှာတော်ပုံဝတ္ထုနှင့်ပတ်သက်၍ သုံးသပ်ရေးသားထားသည်။

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

(တ) နိုင်ငံတကာအဖွဲ့အစည်းများမှ ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း၊

(ထ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဒ) ကြီးကြပ်မှုကော်မတီနှင့် ဝန်ကြီးဌာနကပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြီးကြပ်မှုကော်မတီ၏သဘောတူညီချက်အရ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်း-

(က) ပုဂ္ဂလိကကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ တင်ဒါခေါ်ယူပြီး လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

(ခ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ သို့မဟုတ် လူထုအခြေပြုအဖွဲ့အစည်းများနှင့် သဘောတူညီချက် လက်မှတ်ရေးထိုး ဆောင်ရွက်စေခြင်း၊

(ဂ) နည်းပညာ လိုအပ်ချက်အရ တိုက်ရိုက်ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာ ကျေးရွာတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပေးပြီး ဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

(င) နည်းပညာအကူအညီ လိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

(စ) အခြားသင့်လျော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## အခန်း(၅)
## ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၈။ ကျေးလက်ဒေသနေ ပြည်သူများ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသော အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ချေးငွေတစ်ရပ်ရပ်ကို ရယူပါက ယင်းချေးငွေဖြင့် သတ်မှတ်သည့်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ပုဒ်မခွဲ(ခ) အရ ချေးယူငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်-

(၁) သတ်မှတ်ကာလအတွင်း ပြေကျေအောင် ပြန်လည်ပေးဆပ်ခြင်း၊

(၂) သတ်မှတ်ကာလကျော်လွန်မှ ပေးဆပ်ပါက သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်ခြင်း။

(ဃ) ဦးစီးဌာနက အခါအားလျော်စွာဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စည်းရုံးပညာပေးခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

(င) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာလူထုအကြား စည်းလုံးမှုကိုပျက်ပြားစေမည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ အကူအညီဖြင့် ဖြေရှင်းဆောင်ရွက်ရန်။

၉။ ကျေးလက်ဒေသနေပြည်သူတို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များသို့ တင်ပြပိုင်ခွင့်၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ ကြည့်ရှုလေ့လာခွင့်၊ သတင်းအချက်အလက်များတောင်းခံရယူခွင့်နှင့် ဝေဖန်အကြံပြုချက်များကို လွတ်လပ်စွာ ဆွေးနွေးတင်ပြခွင့်၊

(ဂ) ဦးစီးဌာနနှင့်သက်ဆိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစီးဌာနသို့တင်ပြ၍ မိမိကျေးရွာ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခွင့်၊

(ဃ) ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ရန်ပုံငွေကောက်ခံသုံးစွဲခွင့်နှင့် ပြင်ဆင်ထိန်းသိမ်းခွင့်၊

(င) ဤဥပဒေပါ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အရင်းမပျောက်မတည်ရန်ပုံငွေမှ ချေးငွေရယူသုံးစွဲခွင့်၊

(စ) ပုဒ်မခွဲ (င) ပါလုပ်ငန်းမှရရှိသည့်အတိုးငွေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲခွင့်၊

(ဆ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေသုံးစွဲမှုကို မေးမြန်းခွင့်၊

(ဇ) ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်းပြည်ပ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်လေ့လာခွင့်၊

(ဈ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် အခွင့်အရေးများကို ခွဲခြားမှုမရှိဘဲ ရပိုင်ခွင့်။

## အခန်း(၆)
## ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်း

၁၀။ ဦးစီးဌာနသည်-

(က) ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများကို အသစ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေအပါအဝင် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့၏ လှူဒါန်းငွေ၊ ချေးငွေ၊ နည်းပညာနှင့်အကူအညီ အထောက်အပံ့များကို လက်ခံရယူဆောင်ရွက်နိုင်သည်။

၁၁။ ဦးစီးဌာနသည်-

(က) ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အခကြေးငွေဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေရေပေးဝေခွင့်ပြုနိုင်သည်။

(ခ) ကျေးရွာရေရရှိရေးကော်မတီကို ဖွဲ့စည်း၍ ရေရရှိရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး ကုန်ကျစရိတ်များ အပါအဝင် ရေခကောက်ခံခြင်း၊ သာမန်ထိန်းသိမ်းပြုပြင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေနိုင်သည်။

၁၂။ ဦးစီးဌာနသည် ကျေးလက်ဒေသများ၊ ကျေးလက်ဒေသရှိ စာသင်ကျောင်း၊ ဆေးရုံနှင့် ဆေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စီမံချက်များရေးဆွဲဆောင်ရွက်ရမည်။

၁၃။ ဦးစီးဌာနသည် ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ကျေးရွာရေရရှိရေးကော်မတီ ဖွဲ့စည်း၍ ရေအရင်းအမြစ်နှင့် ရေပေးဝေရေးဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော မြေအသုံးချခွင့်ရရှိရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ဦးစီးဌာနသည် ကျေးလက်ဒေသရေရရှိရန် အသုံးပြုလျက်ရှိသော စိမ့်စမ်းရေ အပါအဝင် ရေအရင်းအမြစ်များ မခန်းခြောက်စေရေးနှင့် ယင်းတို့၏ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ မပြုန်းတီးစေရေးတို့အတွက် လိုက်နာရမည့်အချက်များကို သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းထုတ်ပြန်နိုင်ရန် ကြီးကြပ်မှုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၁၅။ ဦးစီးဌာနသည်-

(က) ကျေးရွာရေရရှိရေးဆောင်ရွက်ထားသော ရေအရင်းအမြစ်များ၏ ရေအရည်အသွေးကို စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ-မရှိ စစ်ဆေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ စစ်ဆေးရာတွင် သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီပါက ရေပေးဝေခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားခြင်း သို့မဟုတ် ပိတ်ပင်တားမြစ်ခြင်းပြုလုပ်နိုင်သည်။

၁၆။ ဦးစီးဌာနသည် အကြောင်းအမျိုးမျိုးကြောင့် ရေပြတ်လပ်သည့် ကျေးလက်ဒေသများသို့ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များနှင့်ညှိနှိုင်း၍ ရေရရှိနိုင်ရန် အလျင်အမြန် ဆောင်ရွက်ပေးရမည်။

၁၇။ ဦးစီးဌာနသည် ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ကောက်ယူခြင်း၊ ကျေးလက်ဒေသနေ ပြည်သူများသိရှိနားလည်စေရန် အသိပညာပေးခြင်းလုပ်ငန်း ဆောင်ရွက်ရမည်။

၁၈။ ဦးစီးဌာနသည် ကျေးလက်ဒေသနေပြည်သူများ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အလေ့အထများ ကျင့်သုံးလာစေရေးအတွက် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့်ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကောင်းမွန်သော အလေ့အထများ ကျင့်သုံးလာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊

(ခ) အမှိုက်ထွက်ရှိမှုကို လျှော့ချခြင်း၊ အမှိုက်များကို ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုနိုင်သည့် အမျိုးအစားနှင့် အသုံးမပြုနိုင်သည့် အမျိုးအစားခွဲခြားခြင်းတို့အတွက် အသိပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

(ဂ) ရေဆိုးများကို စနစ်တကျဘေးကင်းစွာ စွန့်ပစ်ခြင်း သို့မဟုတ် ဘေးကင်းအောင် သန့်စင်စေ၍ ပြန်လည်အသုံးပြုခြင်းတို့အတွက် အသိပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်တွင် အညစ်အကြေးစွန့်သော အလေ့အကျင့်များပပျောက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော ယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ်သုံးစွဲစေခြင်း။

## အခန်း(၇)
## ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်း

၁၉။ ဦးစီးဌာနသည် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ -

(က) တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၂၀။ (က) ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လိုသူသည် ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီတင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်ရရှိသူက လျှပ်စစ်ဓာတ်အားခကောက်ခံနိုင်ရေးအတွက် ဝန်ကြီးဌာနသည် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်ရရှိသူသည် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်မဖြစ်စေရေး ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။

၂၁။ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သူမှအပ ပုဒ်မ ၇ ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်သူသည် တည်ဆောက်ရေးလုပ်ငန်းပြီးစီးသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမပါဝင်ပါက လုပ်ငန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ရန်၊

(ခ) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုပါဝင်ပါက လျှပ်စစ်ဓာတ်အားခကောက်ခံခွင့် သတ်မှတ်ကာလ ကုန်ဆုံးလျှင် ကုန်ဆုံးချင်း-

(၁) သက်ဆိုင်ရာ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ရန်၊

(၂) လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်။

၂၂။ ပြည်တွင်းပြည်ပ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းတွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီသည် ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကုန်ကျစရိတ်ကောက်ခံနိုင်သည်။

## အခန်း(၈)
## ကျေးလက်ဒေသအိမ်ရာတည်ဆောက်ရေးလုပ်ငန်း

၂၃။ ဦးစီးဌာနသည် ကျေးလက်ဒေသအိမ်ရာဆောက်လုပ်ရာတွင် အောက်ပါတို့ကို အလေးထား ဆောင်ရွက်ရမည်-

(က) ကျေးလက်ဒေသနေပြည်သူများ အိုးအိမ်အတည်တကျနေထိုင်နိုင်ရန်အတွက် အထောက်အကူဖြစ်စေရေး၊

(ခ) သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစေရေးနှင့် သက်ဆိုင်ရာဒေသ၏ ဓလေ့ထုံးစံယဉ်ကျေးမှုတို့နှင့် ကိုက်ညီစေရေး၊

(ဂ) မြေယာပိုင်ဆိုင်မှုကို ဥပဒေနှင့်အညီ စနစ်တကျ စိစစ်သတ်မှတ်ရေး။

၂၄။ ဦးစီးဌာနသည် ဘေးအန္တရာယ်ကျရောက်သော ဒေသအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကျေးရွာသစ်ထူထောင်သောဒေသတွင် မြေနေရာရွေးချယ်သတ်မှတ်ခြင်းအပါအဝင် ကျေးလက်ဒေသ အိမ်ရာဆောက်လုပ်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ ဦးစီးဌာနသည် ကျေးလက်ဒေသ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကြီးကြပ်မှုကော်မတီ၏ သဘောတူခွင့်ပြုချက်ရယူပြီး ပုဒ်မ ၇ ပါ နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၆။ ပုဒ်မ ၇ ပါ နည်းလမ်းတစ်ရပ်ရပ်နှင့်အညီ ကျေးလက်ဒေသအိမ်ရာ ဆောက်လုပ်သူသည် လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီအပ်နှံရမည်။ ဦးစီးဌာနက သက်ဆိုင်ရာ သတ်မှတ်ထားသည့်အဖွဲ့သို့ အိမ်ရာဆောက်လုပ်မှုဆိုင်ရာ မှတ်တမ်းများနှင့်အတူ စနစ်တကျ ဆက်လက်လွှဲပြောင်းပေးအပ်ရမည်။

၂၇။ ဦးစီးဌာနသည် ကျေးလက်ဒေသအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းတွင် မြေနေရာရွေးချယ် သတ်မှတ်ခြင်းမှစ၍ အိမ်ရာချထားခြင်းအပါအဝင် စီမံခန့်ခွဲရေးလုပ်ငန်းများကို သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၉)
## အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးခြင်းလုပ်ငန်း

၂၈။ ကြီးကြပ်မှုကော်မတီသည်-

(က) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ ပြည်တွင်းအလှူရှင်များ၊ နိုင်ငံတကာအစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့က ထောက်ပံ့လှူဒါန်းငွေတို့ဖြင့် အရင်းမပျောက်မတည်ရန်ပုံငွေကို ထူထောင်ရမည်-

(၁) ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့နည်းစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖော်ဆောင်ခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# အီဂျစ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအား အိန္ဒိယ ပြစ်တင်ရှုတ်ချ

**နယူးဒေလီ ဒီဇင်ဘာ ၂၉**

အီဂျစ်နိုင်ငံတွင် ဒီဇင်ဘာ ၂၈ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည့် လူလေးဦးသေဆုံးပြီး ၁၀ ဦးကျော် ဒဏ်ရာရရှိခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအား အိန္ဒိယ နိုင်ငံက ဒီဇင်ဘာ ၂၉ ရက်တွင် ပြစ်တင်ရှုတ်ချခဲ့သည်။

ဗီယက်နမ်နိုင်ငံသား ခရီးသွားများသည် ဂီဇာဒေသရှိ ပိရမစ်များသို့ အလည်အပတ်သွားရောက်ရာတွင် ၎င်းတို့စီးနင်းလာသည့် ခရီးသည်တင် ဘတ်စ်ကားအောက်၌ ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် ဗီယက်နမ်နိုင်ငံသား ခရီးသွားသုံးဦးနှင့် အီဂျစ်လူမျိုး ဧည့်လမ်းညွှန်တစ်ဦးအပါအဝင် လေးဦးသေဆုံးခဲ့ပြီး အခြားဗီယက်နမ်နိုင်ငံသားများ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဒီဇင်ဘာ ၂၈ ရက်က အီဂျစ်နိုင်ငံ ဂီဇာအရပ်ရှိ ပိရမစ်များအနီးတွင် ကမ္ဘာလှည့်ခရီးသွားများ၏ ဘတ်စ်ကားအား ဗုံးခွဲတိုက်ခိုက်သည့် သူရဲဘောကြောင်သော အကြမ်းဖက်မှုအား မိမိတို့ရှုတ်ချကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့သူများ သေဆုံးခဲ့ရသည့်အတွက် မိမိတို့အနေဖြင့် အထူးဝမ်းနည်းကြေကွဲရကြောင်း ၎င်းတို့၏ မိသားစုဝင်များအား အသိပေးပြောကြားပြီး ထိခိုက်ဒဏ်ရာရသူများ အမြန်ဆုံးပြန်လည်ကျန်းမာလာစေရန် ဆန္ဒပြုပါကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အီဂျစ်နိုင်ငံအစိုးရနှင့် အီဂျစ်ပြည်သူများ၏ အကြမ်းဖက်ဝါဒတိုက်ဖျက်မှုများ၌ မိမိတို့ အတူတကွ ရပ်တည်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

**အေအက်ဖ်ပီ**





# ဂျပန်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတွင် ဆီးနှင်းများ ထူထပ်စွာကျရောက်

**တိုကျို ဒီဇင်ဘာ ၂၉**

ဂျပန်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းရှိ ဂျပန်ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ဆီးနှင်းများ ထူထပ်စွာ အဆက်မပြတ် ကျရောက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဆောင်းရာသီ၏ ဥတုပုံစံမှာ အားကောင်းလာခဲ့ပြီး ကြီးမားသော အေးမြပြီး လေစိုင်ခဲကို ယူဆောင်လာခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

နိုင်ငံမြောက်ပိုင်းရှိ ယာမာဂါတာပြည်နယ်မှ ကျေးရွာတစ်ရွာတွင် ဒီဇင်ဘာ ၂၉ ရက်က နှစ်မီတာနီးပါးခန့် အမြင့်ရှိသည့် ဆီးနှင်းများ ကျရောက်ခဲ့သည်။ ဂျပန်နိုင်ငံ၏ ကမ်းရိုးတန်းဒေသများတွင် ဆီးနှင်းများ ဒီဇင်ဘာ ၃၀ ရက်အထိ ထူထပ်စွာ ကျဆင်းမည်ဟု မျှော်လင့်ရသည်။ နီရီဂါတာပြည်နယ်နှင့် ကန်တိုကိုရှင်ဒေသတို့တွင် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းအထိ ဆီးနှင်းများ စင်တီမီတာ ၇၀ ကျော်နှင့် ဟော့ကိုင်းဒိုး၊ တိုဟိုကုနှင့် ဟိုကုရီကုကျွန်းများတွင် ဆီးနှင်းများ စင်တီမီတာ ၅၀ ကျော်ထိ ကျရောက်မည်ဟု ခန့်မှန်းထားသည်။

ထို့ကြောင့် ဂျပန်နိုင်ငံမြောက်ပိုင်းတွင် နှင်းမုန်တိုင်းများ ကျရောက်မည်ဟု ခန့်မှန်း ထားပြီး ဟိုကုရီကုဒေသ၌ ဒီဇင်ဘာ ၃၀ ရက်တွင် တစ်နာရီလျှင် ၁၂၆ ကီလိုမီတာထိရှိသော နှင်းမုန်တိုင်းတိုက်ခတ်နိုင်မည်ဟု ဆိုသည်။

ဒေသတွင်း နေထိုင်သူများအနေဖြင့် ဆီးနှင်း၊ ရေခဲနှင့် ကျောက်တုံးများ လျှောကျခြင်းနှင့် ဆီးနှင်းများ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် သစ်ပင်များပေါ်တွင် စုခဲနေမှုတို့ကို သတိပြုကြရန် တာဝန်ရှိသူများက အကြံပြုထားသည်။

**အင်န်အိတ်ချ်ကေ**

# ကာကွယ်ရေးကဏ္ဍထက် စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုအာရုံစိုက်သင့်သည်ဟု မြောက်ကိုရီးယားမီဒီယာ အကြံပြု

**ပြုံယမ်း ဒီဇင်ဘာ ၂၉**

၂၀၁၉ ခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာ အာရုံစူးစိုက်သင့်သည်ဟု နိုင်ငံပိုင်မီဒီယာက ခေါင်းဆောင်ကင်ဂျုံအန်အား နိုင်ငံအတွက် ပထမဦးစားပေးရမည့် လုပ်ငန်းစဉ်တစ်ရပ်ကို အကြံပြုချပြခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ မြောက်ကိုရီးယားမီဒီယာ၏သတင်းများမှ လေ့လာတွေ့ရှိချက်အရ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကာကွယ်ရေးကဏ္ဍကိုဦးစားမပေးဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေးလုပ်ဆောင်သင့်သည်ဟု အကြံပေးသည့် သတင်းရေးသားမှု ၁၃၂ ကြိမ်ခန့် တွေ့ရှိရသည်ဟု ဂျပန်နိုင်ငံ တိုကျိုအခြေစိုက် Radiopress က ဆိုသည်။

လွန်ခဲ့သောနှစ်က မြောက်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ သတင်းရေးသားမှုများသည် တစ်နှစ်ပတ်လုံးရေးသားခဲ့သည့် သတင်းအားလုံးအနက် ထက်ဝက်နီးပါးရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် ကာကွယ်ရေးကဏ္ဍအဆင့်မြှင့်တင်ရေးနှင့်ပတ်သက်သည့် သတင်းရေးသားမှုမှာ ခြောက်ရာခိုင်နှုန်းခန့်သာရှိခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ကာကွယ်ရေးဆိုင်ရာ သတင်းရေးသားမှုအရေအတွက် နည်းပါးခြင်းသည် ခေါင်းဆောင်ကင်ဂျုံအန် အာဏာရရှိလာခဲ့သည့်အချိန် ၂၀၁၂ ခုနှစ်ကစပြီး ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သည့် သတင်းရေးသားမှုများသည် နိုင်ငံအတွင်း ရေးသားခဲ့သည့် သတင်းများအနက် ၂၅ ရာခိုင်နှုန်းခန့်ရှိခဲ့သည်ဟု Radiopress က ပြောကြားခဲ့သည်။

ယခုနှစ်တွင် ခေါင်းဆောင်ကင်ဂျုံအန်က နျူကလီးယားလက်နက် စမ်းသပ်ပစ်ခတ်မှုနှင့်ပတ်သက်ပြီး မည်သည့်ညွှန်ကြားချက်ကိုမျှ ထုတ်ပြန်ခဲ့ခြင်း မရှိခဲ့ပေ။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်၌ အထွေထွေရွေးကောက်ပွဲလုံခြုံရေး လုံခြုံရေးတပ်ဖွဲ့ဝင် ၆၀၀၀၀၀ ဖြန့်ကြက်

**ဒါကာ ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပမည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲမဲပေးမှုအတွင်း ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများအား ကာကွယ်တားဆီးရန် ဒီဇင်ဘာ ၂၉ ရက်တွင် လုံခြုံရေးမြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ရဲတပ်ဖွဲ့၊ ဘင်္ဂလားဒေ့ရှ် တပ်ဖွဲ့ဝင်များနှင့် အခြားလုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၆၀၀၀၀၀ ကို နိုင်ငံတစ်ဝန်းတွင် ဖြန့်ကြက်ထားလိုက်ကြောင်း အထက်တန်းတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ယင်းသို့ လုံခြုံရေးဖြန့်ကြက်ထားသည့် တပ်ဖွဲ့များတွင် အထူးအမြန်တုံ့ပြန်ရေးတပ်ရင်း၊ ရေတပ်၊ နယ်ခြားဒေသနှင့် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့များနှင့် အရန်ရဲတပ်ဖွဲ့ဝင်များပါဝင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းလုံးရှိ



မဲရုံပေါင်း ၄၀၀၀၀ ခန့်အား လုံခြုံရေးအရ ကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်သည်။

မိမိတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းလုံးအား လုံခြုံရေးကို အမြင့်ဆုံးအဆင့်ဖြင့် အသေအချာလုပ်ဆောင်ထားကြောင်း ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲကော်မရှင်အကြီးအကဲ ရာဖီကူလ်အစ္စလာမ်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်းတွင် လက်ရှိဝန်ကြီးချုပ် ရှိတ်ဟာဆီနာအာဏာရပါတီ၊ အဝါမီလိဂ်နှင့် အတိုက်အခံဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီတို့အား ထောက်ခံသူများအကြား အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၁၃ ဦး သေဆုံးပြီး ထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့သည်။ **အေအက်ဖ်ပီ**

# ညောင်ဦးမြို့၌ စက်လှေနှစ်စင်း ပွတ်တိုက်ရာမှ တစ်စင်းနစ်မြုပ်၊ တစ်ဦးသေဆုံး

**ညောင်ဦး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်အတွင်း စက်လှေတစ်စင်းနစ်မြုပ်ခဲ့ကြောင်း ပုဂံနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က ဧရာဝတီမြစ်အတွင်း စက်လှေနှစ်စင်းမှာ ဘေးချင်းယှဉ်မောင်းစဉ် တိုက်မှုဖြစ်ပွားကာ တစ်စင်းမှာ နစ်မြုပ်ခဲ့ကြောင်း သတင်းအရ ပုဂံနယ်မြေရဲစခန်းမှ တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးရာ ညောင်ဦးမြို့ ဒေင်ဟိုတယ်အနောက်ဘက် ဧရာဝတီမြစ်ကမ်းစပ်မှ ပေ ၂၀ ခန့်အကွာတွင် ဗူးဘုရားစက်လှေဆိပ်မှ တန့်ကြည်တောင်ဘုရားသို့ အောင်အောင်မောင်းနှင်ပြီး တောင်တွင်းကြီးမြို့နယ်မှ ဆရာတော်ဦးပညာသီလ ဦးဆောင်သော ဘုရားဖူးဧည့်သည် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၅ ဦးတို့ လိုက်ပါလာသည့် စက်လှေသည် ဧရာဝတီမြစ်အတွင်း တောင်မှမြောက်သို့ မောင်းနှင်စဉ် လားရာတူ မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာနေ မြတ်ဇော်မိုး မောင်းနှင်သော ကျောက်စုပ်စက်လှေနှင့် ဘေးချင်းယှဉ်၍ ပွတ်တိုက်မှုဖြစ်ကာ အောင်အောင်မောင်းနှင်သော ဘုရားဖူးစက်လှေမှာ မြစ်အတွင်း နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။



အဆိုပါ ရေယာဉ်နစ်မြုပ်ရာသို့ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဗူးဘုရားစက်လှေဆိပ်အနီးရှိ ပြည်သူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့ရာ ရေယာဉ်ပေါ်တွင် လိုက်ပါသည့် ဘုရားဖူးဧည့်သည်များအနက် တောင်တွင်းကြီးမြို့နယ် ပင်တိုင်ကျေးရွာနေ ဒေါ်တင်မာရီမှာ နစ်မြုပ်သွားသည့် စက်လှေနှင့်အတူ မျောပါသွားသဖြင့် ဆက်လက်ရှာဖွေရာ မွန်းလွဲ ၂ နာရီခန့်တွင် သေဆုံးလျက် ဆယ်ယူရရှိခဲ့ကြောင်းနှင့် ကျန်ရှိသည့် ဘုရားဖူးခရီးသည် ၂၆ ဦးမှာ အသက်ရှင်လျက် ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်အောင်နှင့် မြတ်ဇော်မိုးတို့အား ပုဂံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ဖန်းမော်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ သိမ်းဆည်းရမိ

**ဖန်းမော် ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ် ပါပေါင်းကျေးရွာ၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၇ နာရီခွဲက သတင်းအရ မဂျာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ ဒုတိယရဲအုပ် စိုးထွဋ်ကိုကို ဦးစီးရဲတပ်ဖွဲ့ဝင်များသည် ဗန်းမော်မြို့နယ် ပါပေါင်းကျေးရွာနေ မဂျာ(ခ)ရွှယ်ဂျာ၏ နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအားနေအိမ်တွင် တွေ့ရှိရပြီး အိပ်ရာဘေးမှ ကပ်ခွာ အိတ်ငါးအိတ်နှင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ ကို လည်းကောင်း၊ နေအိမ်နောက် ဝရန်တာမှ ပန်းရောင်ပလတ်စတစ်ဘူးအတွင်း ကပ်ခွာအိတ် သုံးအိတ်မှ ဆေးပြား ၆၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မဂျာ(ခ)ရွှယ်ဂျာအား ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မောင်တောမြို့နယ် နယ်မြေ(၁)၊ အမှတ်(၅)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ဗန္ဓုလရဲကင်းစခန်းမှ ယာယီရဲမှူး မြင့်ဌေး ဦးစီးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁)နယ်ခြားစောင့်တပ် Milenpara ကင်းစခန်း စခန်းမှူး Subedar Md. Salim Mia ဦးစီးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ အထိ မြန်မာနိုင်ငံဘက်ခြမ်း နယ်ခြားမှတ်တိုင်(၅၃)အနီး၌ တွေ့ဆုံဆွေးနွေး၍ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၅၃)မှ (၅၄)ထိ နှစ်နိုင်ငံနှစ်ဖက် ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# သထုံမြို့၌ ဘုရားဖူးယာဉ်တိမ်းမှောက်ရာ တစ်ဦးသေဆုံး၊ ၁၂ ဦးဒဏ်ရာရ

**ပေါင် ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့၌ ဒီဇင်ဘာ ၂၉ ရက် နံနက်က ဘုရားဖူးယာဉ် တိမ်းမှောက်မှုကြောင့် လူတစ်ဦး သေဆုံးပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၉ ရက် နံနက် ၅ နာရီခန့်က သထုံမြို့ နောင်ကုလားဘုရားလေးကျောင်းအနီးတွင် ဘုရားဖူးထွက်လာသောယာဉ်မှာ အရှိန်လွန်တိမ်းမှောက်သွားသောကြောင့် ဒေါ်အုန်းရင်မှာ ထိခိုက်ဒဏ်ရာမရှိဘဲ အထိတ်တလန့်ဖြစ်ပွားပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

တိမ်းမှောက်သွားသည့် ဘုရားဖူးယာဉ်ပေါ်တွင်လိုက်ပါလာကြသူ ၁၂ ဦးမှာလည်း ထိခိုက်ဒဏ်ရာအနည်းငယ်စီရရှိသွားပြီး မစိုးရိမ်ရကြောင်း၊ ဘုရားစုံဖူးရန်အတွက် ထွက်လာသည်မှာ ခုနစ်ရက်ခန့်ရှိပြီး အပြန်၌ ယခုလို ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း အခင်းဖြစ်နေရာ၌ လိုက်ပါကူညီဆောင်ရွက်သူ မျက်မြင်သက်သေတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ သောင်းနိုင်ကို သထုံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဇင်မျိုးသူ**

# ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် ယာဉ်တိုက်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၂၆၅/၅ တွင် ယနေ့နံနက် ၅ နာရီခွဲခန့်က လမ်းဘေးတွင်ရပ်ထားသော စက်ခေါင်းဖြူ ခြောက်ဘီးယာဉ်အား တွဲဘောက်ဆာယာဉ်က နောက်မှ အရှိန်လွန်ဝင်တိုက်မိခဲ့ပြီး စက်ခေါင်းဖြူမောင်းနှင်သူမှာ နေရာ၌ သေဆုံးသွားခဲ့သည်။



ဖြစ်စဉ်မှာ ကားလမ်းအတိုင်း ရင်ကွဲပင်ရွာအနီး တောင်မှ မြောက်သို့ ဇော်ဝင်း မောင်းနှင်လာသော ၂၂ ဘီး တွဲဘောက်ဆာ(နောက်တွဲ) ယာဉ်သည် လမ်းဘေးတွင် ရပ်ထားသော စက်ခေါင်းဖြူ ခြောက်ဘီးယာဉ်အား နောက်မှ အရှိန်လွန်ဝင်တိုက်ခဲ့မိပြီး တွဲကားမှာခေါင်းကြေ၍ ယာဉ်မောင်း ဇော်ဝင်းမှာ ညာခြေပြတ်၊ ညာမျက်ခုံးကွဲ(စိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ပြီး စက်ခေါင်းဖြူ ယာဉ်မောင်းဖြစ်သူ မျိုးသိန်းထူး ရင်ကွဲပင်ရွာနေသူမှာ တွဲကားနောက်ဘီးနှင့် ကြိတ်မိပြီး သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇော်ဝင်းအား ရွှေတွင်းကုန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခွန်းဆက်နေ**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၄၉ စီး၊ သွင်းကုန် ၅၈၂ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးဖမ်းဆီးရမိမှုမရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရော၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိ

**မော်လမြိုင် ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရေတွင်းကုန်းကျေးရွာရှိ အကျဉ်းထောင်ထဲတွင် မူးယစ်ဆေးဝါးတွေ့ရှိကြောင်း သတင်းရ၍ အကျဉ်းထောင်ကြီးကြပ်ရေးမှူးနှင့် ကျိုက်မရောမြို့မရဲတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးရာ ထွဋ်အောင်ဇော်၏ ခန္ဓာကိုယ်အား ရှာဖွေရာ အမည်းရောင်တိပ်ပတ်ထားသော ပလတ်စတစ်အိတ်အတွင်းမှ ဆေးပြားများကို ရှာဖွေသိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်မှာ မော်လမြိုင်မြို့တွင် ရောက်ရှိနေသော မဆွေဇင်ဦးက အကျဉ်းထောင်ထဲတွင် အပြစ်ကျတရားခံ အောင်အောင်၏ဇနီးမှ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားသဖြင့် သွားရောက်ယူဆောင်လာသော ဆေးပြားများဖြစ်ကြောင်း၊ ယင်းဆေးပြားများကို အကျဉ်းထောင်ထဲမှ အပြစ်ကျခံနေသူ အောင်အောင်က ဆေးပြားတစ်ပြားလျှင် ကျပ် ၁၀၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်မရောမြို့မရဲစခန်းက ထွဋ်အောင်ဇော်၊ အောင်အောင်နှင့် ဆွေဇင်ဦးတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇင်မျိုးသူ**

## ရေနံတင်ကားများ သတ်မှတ်ပီပါအရေအတွက်ထက် ပိုတင်နေ၍ စစ်ဆေးအရေးယူမှုများ လုပ်ဆောင်မည်ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ပြော

**မကွေး ဒီဇင်ဘာ ၂၉**

မျှောစာဖြင့်အခွန်ကောက်ခံ၍ တိုင်းကျော်သယ်ဆောင်ခွင့်ပြုထားသည့် ရေနံပီပါတင်ကားများ၌ သတ်မှတ်အရေအတွက်ထက်ပိုကာ တင်ဆောင်မှုများရှိနေသဖြင့် စစ်ဆေးအရေးယူမှုများ လုပ်ဆောင်တော့မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၏ ပြောကြားချက်အရ သိရသည်။

"ရေနံပီပါတင်ကားတစ်စီးအတွက် ပီပါအလုံး ၁၅ လုံးသယ်ဆောင်ခွင့်ပြုလိုက်တယ်။ တိုင်လို့စစ်ဆေးတော့ ပီပါ ၂၂ လုံးဖြစ်နေတယ်။ ကားတစ်စီးကို ပီပါငါးလုံး၊ ဆယ်လုံးပိုတင်တာ ခွင့်ပြုထားတာ။ အခုက ကားတစ်စီးကို ပီပါအလုံးငါးဆယ်၊ တစ်ရာအထိ ပိုတင်နေတာတွေရှိတယ်။ နေစဉ်နဲ့အမျှ နိုင်ငံတော်အခွန်အတုတ်မှာ ဆယ်ဂဏန်း၊ ရာဂဏန်း နစ်နာနေတာတွေရှိပါတယ်။ နောက်ပိုင်း ဒါမျိုးတွေမလုပ်နိုင်အောင် ကန့်သတ်မှုတွေ၊ စစ်ဆေးအရေးယူမှုတွေ ဆောင်ရွက်သွားမှာပါ" ဟု ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

တိုင်းဒေသကြီးအစိုးရအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ မျှောစာဖြင့် ရေနံစိမ်းတိုင်းကျော်သယ်ယူခွင့်ကို ယခင်တစ်ပီပါ ကျပ် ၃၀၀၀ မှ ကျပ် ၅၀၀၀ သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစ၍ ရေနံလုပ်ကွက် သက်တမ်းတိုးပါက တစ်ဧကမြေငှားခကို ယခင် ကျပ် ၃၀၀၀ မှ ကျပ် ၃၀၀၀၀၀ သို့လည်းကောင်း အခွန်နှုန်းထားတိုးမြှင့်ခြင်းများ လုပ်ဆောင်ခဲ့ပြီး ပခုက္ကူမြို့နယ်အတွင်း ရေနံချက်စက်ရုံ ဖုန်ဖော်ဆောင်ရန် စီမံကိန်းလျာထား ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။



"အရင်ကတော့ မကွေးတိုင်းဒေသကြီးမှာ ရေနံလက်ယက်တွင်းတိမ်ရန်ပုံငွေပြဿနာဖြစ်ခဲ့ဖူးတယ်။ ဒီဘက်ခေတ်မှာတော့အခွန်ငွေတွေ ဘယ်လောက်ရတယ်ဆိုတာ သိခွင့်တွေရလာတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်တဲ့နေရာမှာ သုံးတာတွေတွေ့လာရလို့လည်း အခွန်ထမ်းရတာ ဝမ်းမြောက်စရာ ဖြစ်လာပါတယ်။ ရေနံသမားတွေရဲ့ဘဝကို နီးနီးကပ်ကပ် လေ့လာပြီး စည်းကမ်းပိုင်းတွေကိုလည်း လိုတိုးပိုလျှော့ လုပ်စေချင်ပါတယ်။ အကူအညီတွေလည်း ပေးစေချင်ပါတယ်"ဟု ရေနံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

ရေနံလုပ်ငန်းဆိုင်ရာ အခွန်များကို ဘဏ်စာရင်းဖွင့်၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လက်ခံခဲ့ပြီး နှစ်နှစ်ခွဲကျော်ကာလအတွင်း ကျပ်သန်းပေါင်း ၈၀၀၀ ကျော် ရရှိခဲ့ကြောင်း၊ ရေနံစိမ်းသယ်ယူမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ကားများ၏ တင်နိုင်ခွင့်ရှိသည့်တန်ချိန်နှင့်အညီ ခွင့်ပြုတင်ဆောင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ထံမှ သိရသည်။ **ဧယျတု (မကွေး)**



## မန္တလေး–မြစ်ကြီးနား ပြေးဆွဲမည့် လေအိတ်ရထားတွဲဆိုင်းသစ်များ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဝန်ကြီးများသည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် တည်ဆောက်ပြီးစီးသည့် မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် စက်ခေါင်းအသစ်၊ လေအိတ်ပါဘိုဂီတပ်ဆင်ထားသည့်တွဲဆိုင်းသစ်များဖြင့် ပြေးဆွဲမည့် အမှတ် ၃၃ အဆန်၊ ၃၄ အစုန် အမြန်ရထားသစ်ကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါ လေအိတ်ရထားသစ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေစီမံကိန်းဖြင့် စက်ခေါင်းတွဲ၊ တွဲဆိုင်းများအား တည်ဆောက်ခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် CMC မှ မြန်မာ့မီးရထားသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ရိုးရိုးတန်းရှစ်တွဲ၊ အထက်တန်းနှစ်တွဲ၊ ဘရိတ်တွဲတစ်တွဲတို့ပါဝင်ပြီး ရိုးရိုးတန်းရှစ်တွဲတွင် ခရီးသည် ၅၄၄ ဦးနှင့် အထက်တန်းနှစ်တွဲတွင် ခရီးသည် ၅၄ ဦးတို့ လိုက်ပါနိုင်မည်ဖြစ်သည်။

ရထားလက်မှတ်ဈေးနှုန်းများမှာ ရိုးရိုးတန်းငွေကျပ်၉၀၀၀ နှင့် အထက်တန်းကျပ် ၁၈၀၀၀ ဖြစ်ပြီး မြစ်ကြီးနားမှ မန္တလေးသို့ အစုန်ရထားအဖြစ် မြစ်ကြီးနားဘူတာရုံမှ ၁၂ နာရီ ၄၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ကာ မိုးကောင်း၊ မိုးညှင်း၊ နဘား၊ ကောလင်း၊ ရွှေဘို ဘူတာရုံများတွင် ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**















# အသက် ၃၀ ပြည့်ပြီးနောက် စိတ်ဓာတ်ကျမိကြောင်း ပြောကြားလာတဲ့ အမ်မာစတုန်း



အေးပြည့် စုစည်းသည်

ဗြိတိန်မင်းသမီး အမ်မာစတုန်းဟာ ကမ္ဘာကျော် မဂ္ဂဇင်းကြီးတစ်ခုဖြစ်တဲ့ "Vogue" ရဲ့ မျက်နှာဖုံး ရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ဒီမဂ္ဂဇင်းမျက်နှာဖုံးရှင်ဖြစ်ခဲ့တဲ့ အမ်မာစတုန်းက ယင်းမဂ္ဂဇင်းကြီးရဲ့ အင်တာဗျူးမှာ အသက် ၃၀ ပြည့်ခဲ့ပြီးနောက် သူ့ရဲ့ခံစားချက်တွေကို ထုတ်ဖော် ပြောကြားလာတာ ဖြစ်ပါတယ်။ အမ်မာစတုန်း ကတော့ အသက် ၃၀ ပြည့်ပြီးနောက်မှာ စိတ်ဓာတ်ကျမှုတွေသာ ကျန်ခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့တာ ဖြစ်တယ်လို့ မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြ ချက်တွေအရ သိရပါတယ်။

အော်စကာဆုရှင်မင်းသမီး အမ်မာစတုန်းက ဗြိတိန်နိုင်ငံထုတ် "Vogue" မဂ္ဂဇင်းရဲ့ လာမယ့် ဖေဖော်ဝါရီလထုတ်မဂ္ဂဇင်းမှာ မျက်နှာဖုံးရှင် အဖြစ် ပါဝင်ရိုက်ကူးပေးခဲ့တာ ဖြစ်ပါတယ်။

အမ်မာစတုန်းက "တစ်ပတ်လောက် အထီးကျန်ပြီး စိတ်ဓာတ်ကျခဲ့ပါတယ်။ ဒါပေမယ့် အရွယ်ရောက်ပြီး လူတစ်ယောက်အတွက် စိတ်ဝင်စားစရာ အကောင်းဆုံးအပိုင်းကတော့ တွေ့ကြုံခဲ့ရတဲ့အရာအများစုဟာ ခါးသီးနေရာ ကနေ ချိုမြိန်လာတယ်ဆိုတာကို သဘောပေါက် လာပါတယ်"လို့ အသက် ၃၀ ပြည့်ပြီးတဲ့ ခံစားချက် နဲ့ပတ်သက်ပြီး အမ်မာစတုန်းက ပြောကြားခဲ့တာ ဖြစ်ပါတယ်။

မင်းသမီး အမ်မာစတုန်းဟာ ပြီးခဲ့တဲ့နှစ် အတွင်းမှာ အနုပညာလှုပ်ရှားမှုတွေကနေ ခေတ္တ ရပ်နားခဲ့ပြီး ၂၀၁၈ ခုနှစ်ကိုတော့ ယေဘုယျ ဆန်ဆန် ဖြတ်သန်းခဲ့တာ ဖြစ်တယ်လို့လည်း မင်းသမီးက ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ နှစ်တွေအတွင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ကိုလည်း ကြိုးစားတည်ဆောက်နေတာ ဖြစ်တယ်လို့ ဆိုပါတယ်။

# အဖွဲ့ဖျက်သိမ်းကြောင်း ကြေညာလိုက်တဲ့ Melody Day



ကေပေ့ါပ်အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Melody Day" ဟာ လတ်တလောမှာတော့ အဖွဲ့ ဖျက်သိမ်းကြောင်း တရားဝင်ထုတ်ဖော်ကြေညာခဲ့ပါတယ်။ အဖွဲ့ဖျက်သိမ်းကြောင်းကို အဖွဲ့ဝင်တွေက တစ်ဦးစီ တိုက်ရိုက်ထုတ်ဖော် ပြောကြားခဲ့ကြတာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၆ ရက်မှာ အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ ယိုမင်းနဲ့ ယူအွန်းတို့က သူတို့ရဲ့ အင်စတာဂရမ်စာမျက်နှာ တွေပေါ်မှာ အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ရေးသား ဖော်ပြခဲ့ကာ ပရိသတ်တွေကို တိုက်ရိုက်အသိပေးခဲ့တာ ဖြစ်ပါတယ်။ တစ်ဦးချင်းစီရဲ့ အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်အားပေးကြဖို့ရာ ပရိသတ်တွေကို တောင်းဆို ထားကြောင်းလည်း သိရပါတယ်။

# မိုင်လီဆိုင်းရပ်စ်ရဲ့ မင်္ဂလာပွဲမှ ဓာတ်ပုံကို ဘီလီရေးဆိုင်းရပ်စ်ဖော်ပြ



ပေ့ါပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်က လတ်တလောမှာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြော ကြားခဲ့ပြီးနောက် ဖခင်ဖြစ်သူ ဘီလီရေးဆိုင်းရပ်စ်က သူ့ရဲ့သမီးဖြစ်သူ မင်္ဂလာအခမ်းအနားမှာ ဇနီးဖြစ်သူ၊ သမီးတို့နဲ့အတူ ရိုက်ကူးထားတဲ့ဓာတ်ပုံကို သူ့ရဲ့အင်စတာ ဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း အီးအွန်လိုင်း ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၆ ရက်မှာတော့ ကျေးလက်တေး သီချင်းတွေကို သီဆိုတဲ့ တေးသံရှင်ဘီလီရေးဆိုင်းရပ်စ်က မိသားစုဓာတ်ပုံနဲ့အတူ သမီးရဲ့မင်္ဂလာပွဲအတွက် ဂုဏ်ယူ ဝမ်းမြောက်ကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာတော့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ လီယမ်ဟမ်းစ်ဝ့ါသ်နဲ့ ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ မိုင်လီ ဆိုင်းရပ်စ်တို့နှစ်ဦး လက်ထပ်လိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ "Malibu" တေးသီချင်းရဲ့ တေးသံရှင် မိုင်လီဆိုင်းရပ်စ်က မင်္ဂလာပွဲက ပုံရိပ်တွေကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။


ဒုတိယအကြိမ်ရန်ကုန်အပြည်ပြည်ဆိုင်ရာ
ကျောက်မျက်ရတနာနှင့်လက်ဝတ်ရတနာအရောင်းပြပွဲ - ၂၀၁၉
2nd Yangon International Gems & Jewellery Fair - 2019

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)သည်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ဦးဆောင်လမ်းညွှန်မှု၊မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ ကူညီပံ့ပိုးမှုတို့ဖြင့်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ 2nd Yangon International Gems & Jewellery Fair - 2019 ပြပွဲကို ရန်ကုန်မြို့၊ပြည်လမ်းရှိ Lotte Hotel တွင် ၂၀၁၉ခုနှစ်၊ဇန်နဝါရီလ(၉)ရက်နေ့မှ(၁၃)ရက်နေ့အထိပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီများ၊အရောင်းဆိုင်များမှအရောင်းဆိုင်ခန်းများဖွင့်လှစ်၍ပြည်တွင်း/ပြည်ပကျောက်မျက်ရတနာကုန်သည်များအားဖိတ်ကြားရောင်းချမည်ဖြစ်ပြီး**ကျောက်မျက်လေလံစနစ်**ဖြင့်လည်းရောင်းချမည်ဖြစ်ပါသည်။

အထူးအစီအစဉ်အနေဖြင့်နေ့စဉ်ကံစမ်းမဲများကိုမဲနှိုက်ရွေးချယ်ပေးမည်ဖြစ်ကြောင်းနှင့်လာရောက်ပြသရောင်းချသည့်အရောင်းဆိုင်များမှလည်းမိမိတို့အစီအစဉ်ဖြင့်အရောင်းမြှင့်တင်ခြင်း၊လက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်ခြင်းများပြုလုပ်မည်ဖြစ်ပါသည်။ပြည်တွင်း/ပြည်ပမှကျောက်မျက်ပညာရှင်များမှလည်း Myanmar Gems Forum 2019 ခေါင်းစဉ်ဖြင့် ကျောက်မျက်ပညာရပ်ဆိုင်ရာ Work Shop များ၊Seminar များပြုလုပ်ကြမည်ဖြစ်၍ ပြည်တွင်း/ပြည်ပမှကျောက်မျက်ရတနာမြတ်နိုးသူများ၊ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့်ကျောက်မျက်ရတနာလုပ်ငန်းကိုစိတ်ပါဝင်စားသူများအနေဖြင့် 2nd Yangon International Gems & Jewellery Fair - 2019 ကျောက်မျက်ရတနာပြပွဲတွင်ခင်းကျင်းပြသရောင်းချမည့် မြန်မာနိုင်ငံမှထွက်ရှိသောသဘာဝသယံဇာတကျောက်မျက်ရတနာများနှင့်နိုင်ငံတကာအဆင့်မီလက်ဝတ်ရတနာအရောင်းထည်များကိုကြွရောက်ဝယ်ယူနိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါသည်။

ပြပွဲဖြစ်မြောက်ရေးဗဟိုကော်မတီ
ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)

Sponsor By,

# မေတ္တာလေနုအေး နှစ်သစ်ကို ပြေးလို့ကြို

ကို ရင်ညြ

နှစ်ဟောင်းလွန်မြောက် နှစ်သစ်ရောက်ဖို့ ပဝါတစ်ကမ်း လက်တစ်လှမ်း အလိုသို့အရောက်တွင် ယရာဝါသကိစ္စများမြောင် ဤလူ့ဘောင်ဖြစ်တည်ရာ ကျွန်ုပ်တို့ ကမ္ဘာကြီး၏ ဖြတ်သန်းမှုတစ်နှစ်တာကို ခြသေ့်လည်ပြန် ပြန်လည်ငဲ့စောင်းကြည့်ရန်အချိန် ရောက်ပြန်ပေပြီဟု ကျွန်ုပ်တွေးတော ဆင်ခြင်မိရင်း နိုင်ငံတကာသတင်းပုံရိပ်လွှာများကို ပြန်ပြောင်းသုံးသပ်မိလေ၏။

"ကြာရှိး ကြာစွယ်ကိုမြင် ရေတိမ်ရေနက်ကိုသိ" ဟူဘိသို့ပင် နိုင်ငံတကာ သတင်းပုံရိပ်လွှာများကို တွေးဆဆင်ခြင်မိလျှင် ကမ္ဘာကြီး၏ ကောင်းဆိုးနှစ်ထွေဖြစ်ရပ်တွေကို မြင်သိနိုင်၏။

"ခဏဖြစ်လျက် ခဏပျက်၏" ဟူဘိသို့ပင် ကောင်းဆိုးနှစ်ထွေ လောကဓံတရားမှာ ကာလအတိုင်းအတာတစ်ခုကို လွန်မြောက်လေသော် "အကောင်းလောကဓံ"ပင်ဖြစ်စေ "အဆိုးလောကဓံ"ပင်ဖြစ်စေ အရာရာသည် မတည်မြဲဟူသော သဘောတရားက ကျွန်ုပ်၏ အတွေးလှိုင်းပေါ်တွင် တငြိမ့်ငြိမ့် တသိမ့်သိမ့်ဖြတ်သန်းသွားသော လှေငယ်ပမာ နိမိတ်ပုံဖော်ဆောင်၏။

ဆူကြုံနိမ့်မြင့် အဆင့်ဆင့်ရှိသော ဤလောကီဝယ် မိမိတို့၏အသီးသီး အသက အသကဖြစ်သော ဘဝအတွေ့အကြုံများအပေါ် အခြေခံကာ ၂၀၁၈ ခုနှစ်ကို ငြီးစီစီဖြင့် ပြန်လည်ရှုမြင်နိုင်သကဲ့သို့ တယောလေးချွဲသလို ငြိမ့်ငြိမ့်ညောင်းညောင်းဖြင့် ပြောင်းပြောင်းနွဲ့နွဲ့ ပြန်လည်သုံးသပ်နိုင်သူများလည်း ရှိပေအံ့။

"ခတ်ခိုက်ကလည်းရှိ နတ်ကိုင်ကလည်းမိ"သည့် ဤလောကကြီးထဲ အဆိုးသံသရာထဲမှ ရုန်းမထွက်နိုင်ဘဲ ၂၀၁၈ ခုနှစ်ကို တလိမ့်လိမ့်နှင့် ငိုရှိုက် ဖြတ်သန်းခဲ့ကြရသူများရှိသကဲ့သို့ နိုင်သူပြုံး၊ ရှုံးသူမှိုင်သူများလည်း ရှိပေလိမ့်မည်။ ထိုနည်းတူစွာပင် နှိုင်းနှိုင်းညှိညှိ ပညာရှိပမာ ဆောင်ရွက်ကာဖြင့် ကံ၊ ဉာဏ်၊ ဝီရိယအကျိုးခံစားရသူများလည်း ရှိပေမည်သာတည်း။

ထိုစဉ်အတွင်း နွားငတ်နှင့် ကောက်ရိုးဆွေးဘဝဖြင့် လောကကို ဖြတ်သန်းရသူများ၊ နွားခလောက်သာမြည် နှမ်းမရသူများ၊ နှစ်သက်ရာပီတိ စိတ်မချိရာဒေါသဖြင့် လောကကိုဖြတ်သန်းရသူများ၊ နှလုံးသားနှင့်အတူ ကြည်ဖြူစွာလက်တွဲ လျှောက်လှမ်းရသူများ၊ ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုး ဆုံတွေ့ရသူများ၊ ပိန်ရသည့်အထဲ နာတာရှည်စွဲရသူများ၊ ပုပ်လို့ပေါ် ဟုတ်လို့ကျော်သူများ၊ ပွဲထူရာ နူနာစွဲသူများ၊ ဘုရားဖက်တော့ အသက်ရှည်၊ တရားဖက်တော့ ရတက်ပြေသူများ၊ မကောင်းသူထိပ် ကောင်းသူထိပ် ကြုံရာကျပန်း ဖြတ်သန်းရသူများ၊ ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲတမ်းဟူဘိသို့ ရည်မှန်းချက်ပန်းတိုင်ကို လှမ်းကိုင်နိုင်သူများ အစရှိသည် အစရှိသည်ဖြင့် လူပုဂ္ဂိုလ်အပေါင်း၏ ၂၀၁၈ ခုနှစ် တစ်နှစ်တာကို တစ်ဦးနှင့်တစ်ဦး ဖြတ်သန်းရပုံချင်း တမူကွဲပြားခြားနားစွာ ရှိနေပုံကိုလည်း ကျွန်ုပ်တွေးဆဆင်ခြင် ပုံရိပ်ထင်မိ၏။

အိမ်မြှောင်အမြီးပြတ် တဆတ်ဆတ်ခါသလို လောကဓံစစ်ပွဲကို တစ်ပွဲပြီးတစ်ပွဲ ဆင်နွဲနေကြရသည့် ဤလောကကြီးထဲ ၂၀၁၈ ခုနှစ်၏ ရှုပ်ရှုပ်ထွေးထွေးဖြစ်မှု၊ ကစဉ့်ကလျားဖြစ်မှု၊ မရေရာမှု၊ ရောထွေးမှု၊ ကပ်ငြိမှု၊ အုပ်မနိုင် ထိန်းမရ ဝရုန်းသုန်းကား ဖြစ်မှု၊ ဇဝေဇဝါဖြစ်မှုတို့ကို နှစ်သစ်ကူးချိန်တွင် ခဏတာမျှ မေ့မေ့ပျောက်ပျောက်ထားကာ ၂၀၁၈ ခုနှစ်၏ ကမ္ဘာ့ "ကောင်းသတင်းများ" အသို့ရှိပါစဟု ကျွန်ုပ် စေ့ငုလေ့လာကြည့်လျှင် စိတ်အေးချမ်းစွာရှိလိမ့်မည်ဟု ကျွန်ုပ်တွေးတောမိရကား "ကောင်းသတင်းများ"ကို တူးဆွလေ့လာကြည့်မိပြန်၏။

**ကမ္ဘာကြီးကို ငဲ့စောင့်ကြည့်လတ်သော်**

၂၀၁၈ ခုနှစ်၏ ကမ္ဘာ့ "ကောင်းသတင်းများ"တွင် ထိပ်တန်း၌ ရှိနေသည်မှာ ကျောင်းတော်က ရန်စရှိခဲ့ကြသည့် ကိုရီးယားညီနောင်နှစ်ဦးတို့ "ကိုရီးယားစစ်ပွဲ"ကို တရားဝင်အဆုံးသတ်ရန် သန္နိဋ္ဌာန်ချမှတ်ခဲ့ကြပုံကို တွေ့ရ၏။ ၁၉၅၃ ခုနှစ်တွင် ကိုရီးယားစစ်ပွဲ ပြီးဆုံးခဲ့ပြီးနောက် နှစ်ပေါင်း ၆၀ တိုင်တိုင် ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်ကို မည်သည့်အခါတွင်မျှ လက်မှတ်ရေးထိုးနိုင်ခြင်းမရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဧပြီလအတွင်း သံတမန်ရေးနည်းလမ်းအရ ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပုံကို တွေ့မြင်ရသည်။

ကျူးဘားနိုင်ငံတွင်မူ ၅၉ နှစ်ကြာ ကက်စထရို၏ ခေါင်းဆောင်မှုကို အဆုံးသတ်သည့်အနေဖြင့် သမ္မတသစ်တစ်ဦး ပေါ်ထွက်လာခဲ့သည်မှာလည်း သတင်းကောင်း တစ်ရပ်ပါပေ။ ကျူးဘားသမ္မတအသစ် မီဂွဲဒိုင်ယက်ကာနဲသည် ကက်စထရို မျိုးဆက်မှမဟုတ်သည့် ပထမဆုံးသောသမ္မတအဖြစ် ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

အီရတ်နိုင်ငံတွင်မူ အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) စစ်ရှုံးခဲ့ရပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့သည်။

ကနေဒါနိုင်ငံတွင်မူ ဆေးခြောက်သုံးစွဲမှုကို ဥပဒေအရ ခွင့်ပြုပေးလိုက်ရာ ဆေးခြောက်သုံးစွဲမှုကို တရားဝင်ခွင့်ပြုပေးသည့် ကမ္ဘာ့ဒုတိယမြောက်နိုင်ငံဖြစ်လာသည်။ ကနေဒါနိုင်ငံသားတို့သည် ဆေးခြောက်ကို စိတ်အပန်းဖြေခြင်း အလို့ငှာလည်းကောင်း၊ ဆေးဝါးအဖြစ် အလို့ငှာလည်းကောင်း ရှူလိုကရှူ ရှိုက်လိုက ရှိုက်နိုင်ကြပေပြီ။

မက္ကဆီကိုနိုင်ငံတွင်မူ ဆင်းရဲသားများအတွက် ရန်ပုံငွေထောက်ပံ့နိုင်စေခြင်းငှာ သမ္မတ၏ စီးတော်ယာဉ်လေယာဉ်ပျံကို ဒေါ်လာ ၂၁၈ ဒသမ ၇ သန်းဖြင့် ရောင်းချမည်ဟု သမ္မတသစ် အင်ဒရေမင်နျူယယ် လိုပက်အိုဘရာဒိုးက ဒီဇင်ဘာလအတွင်း ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ တစ်မူထူးလှသည့် "ကောင်းသတင်း"တစ်ရပ်အဖြစ် ပြည်သူတို့က ကောင်းချီးပေးကြ၏။ သမ္မတ၏ စီးတော်ယာဉ်ဘိုးအင်း ၇၈၇ ဒရင်းလိုင်နာလေယာဉ်ကြီးကို ပြန်လည်ရောင်းချနိုင်ရန် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားသို့ သယ်ဆောင်သွားခဲ့ပြီဆို၏။

တောင်ကိုရီးယားနိုင်ငံတွင်မူ ယင်းနိုင်ငံ၏အကြီးဆုံး၊ အထင်ကရအဖြစ်ဆုံး "ခွေးသတ်ရုံကြီး"ကို ပိတ်သိမ်းလိုက်ပြီဟု ထုတ်ပြန်ကြေညာခဲ့၏။ နိုဝင်ဘာလအတွင်း ပေါ်ထွက်ခဲ့သော ယင်းသတင်းကို တိရစ္ဆာန်ချစ်သူများ၊ တိရစ္ဆာန်အခွင့်အရေး လှုပ်ရှားသူများက အထူးတလည်ကြိုဆိုကြသည်။ တောင်ကိုရီးယားနိုင်ငံ ကွမ်ကျိုပြည်နယ် ဆောင်းနမ်းမြို့ကောင်စီက ယင်းမြို့ရှိ ခွေးသတ်ရုံကြီးကို အပြီးတိုင်ပိတ်သိမ်းရန် ညွှန်ကြားခဲ့ခြင်းဖြင့် နှစ်စဉ် ခွေးကောင်ရေ သောင်းချီ သိန်းချီ သတ်ဖြတ်ခံနေရသည့်အရေး စိတ်အေးရလေပြီဟု ရှုမြင်ရ၏။

ဗြိတိန်နိုင်ငံကိုရှုလတ်သော် မီဂန်မာကဲဆိုသူ အမျိုးသမီးတစ်ဦးသည် တော်ဝင်မိသားစုအသိုက်အဝန်းအတွင်းသို့ ပထမဆုံးရောက်လာသူ သာမန်အရပ်သူတစ်ဦးဖြစ်လာ၏။ အမေရိကန်ဇာတိဖွား မီဂန်သည် ရုပ်ရှင်မင်းသမီးတစ်ဦးအဖြစ် ကျင်လည်ခဲ့ပြီး မင်းသားဟယ်ရီ၏ ကြင်ယာတော်ဖြစ်လာပြီးလျှင် ၂၀၁၉ ခုနှစ် နွေဦးပေါက်ရာသီတွင် ရင်သွေးရတနာ ရယူမည်ဟု ကြေညာခဲ့၏။ မေ ၁၉ ရက်တွင် မင်းသားဟယ်ရီနှင့် လက်ဆက်ခဲ့ပြီးသော် မြို့စားကတော်အဖြစ် နန်းတွင်း၌ ရပ်တည်လာနိုင်၏။

အမေရိကန်၌ ၁၉၆၉ ခုနှစ်နောက်ပိုင်း အလုပ်လက်မဲ့နှုန်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိလာခြင်း၊ အမေရိကန် မရိန်းတပ်ဖွဲ့သမိုင်းကြောင်းတွင် ပထမဆုံးအကြိမ် အမျိုးသမီးတစ်ဦးကို ခြေလျင်တပ်ဖွဲ့အကြီးအကဲအဖြစ်ခန့်အပ်ခြင်း၊ ဆော်ဒီအာရေဗျတွင် အမျိုးသမီးများ ပထမဆုံးအကြိမ် မော်တော်ယာဉ် မောင်းနှင်ခွင့်ရရှိခြင်း၊ အီရန်နိုင်ငံတွင် အမျိုးသားများ ယှဉ်ပြိုင်သော အားကစားပြိုင်ပွဲများသို့ အမျိုးသမီးများ တက်ရောက်ကြည့်ရှုခွင့်ရရှိခြင်း၊ ငှက်ဖျားရောဂါရှာဖွေရေးလုပ်ငန်းတွင် ခွေးများကို အသုံးချနိုင်သည်ဟု သိပ္ပံရေးရာသုတေသနတွေ့ရှိချက် ပေါ်ထွက်လာခြင်း၊ နာဆာအာကာသအေဂျင်စီ၏ "အင်ဆိုက်" ဂြိုဟ်ဆင်းယာဉ်က အင်္ဂါဂြိုဟ်ပေါ် လေတိုက်သံပေါ်ထွက်နေပုံကို ပထမဆုံးအကြိမ် သတင်းပေးပို့နိုင်ခြင်း စသည် စသည်တို့မှာ ၂၀၁၈ ခုနှစ် "ကောင်းသတင်းများ"တွင် ပါဝင်သည်။

"ဇမ္ဗူဒိပ် နိမိတ်ထွန်း"ဟူဘိသို့ပင် ၂၀၁၉ ခုနှစ်ကို ကောင်းမြတ်သော စိတ်မနောဖြင့် ရှုလတ်သော် ဘဝခရီးရှည်ချီတက်ပွဲအတွက် အားမာန်သစ်မွေးကြဖို့သာ လိုပေလိမ့်မည်။ ဘဝ၏ ပုစ္ဆာများကို အဖြေရှာရင်း၊ ကိုယ်ချင်းစာနာစိတ်ကို မွေးရင်း၊ ရှေ့ဆက်ရမည့်လမ်း မည်မျှပင်ကြမ်းကြမ်း မရောက် အရောက်လှမ်းမည်ဆိုသော ခိုင်ကျည်သည့် သန္နိဋ္ဌာန်နှင့်အတူ ရှေ့လာမည့်နှစ်သစ်ကို ပျော်ရွှင်စွာကျော်ဖြတ်ကြဖို့၊ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် တစ်လှေတည်းစီး တစ်ခရီးတည်း သွားကြဖို့၊ ဘဝခရီးသွားဖော်များအဖြစ် တစ်ဦးနှင့်တစ်ဦး မေတ္တာထားကြလျက် နှစ်သစ်ကို ဆက်လက်လျှောက်လှမ်းကြဖို့ လိုသည်ဟု တွေးတောမိရင်း "မေတ္တာလေနုအေး နှစ်သစ်ကို ပြေးလို့ကြို"ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။




**"ဇမ္ဗူဒိပ် နိမိတ်ထွန်း"ဟူဘိသို့ပင် ၂၀၁၉ ခုနှစ်ကို ကောင်းမြတ်သော စိတ်မနောဖြင့် ရှုလတ်သော် ဘဝခရီးရှည်ချီတက်ပွဲအတွက် အားမာန်သစ်မွေးကြဖို့သာ လိုပေလိမ့်မည်။ ဘဝ၏ ပုစ္ဆာများကို အဖြေရှာရင်း၊ ကိုယ်ချင်းစာနာစိတ်ကို မွေးရင်း၊ ရှေ့ဆက်ရမည့်လမ်း မည်မျှပင်ကြမ်းကြမ်း မရောက် အရောက်လှမ်းမည်ဆိုသော ခိုင်ကျည်သည့် သန္နိဋ္ဌာန်နှင့်အတူ ရှေ့လာမည့်နှစ်သစ်ကို ပျော်ရွှင်စွာ ကျော်ဖြတ်ကြဖို့၊ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြဖို့၊ ဘဝခရီးသွားဖော်များအဖြစ် တစ်ဦးနှင့် တစ်ဦး မေတ္တာထားကြလျက် နှစ်သစ်ကို ဆက်လက်လျှောက်လှမ်းကြဖို့လို**

Ref: 2018 wasn't All bad. Here are all the good things that happened in the world. (CNN)

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြား မွေးထုတ်

နေပြည်တော် ဒီဇင်ဘာ ၂၉

**(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-2)၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာ့တိုင်းရင်းဆေးဝါးနှင့် ပတ်သက်သော အကြောင်းအရာများကို မေးမြန်းဖော်ပြလိုက်ပါသည်-**


ပါမောက္ခဒေါက်တာသိန်းဇော်လင်း


ဦးသောင်းလွင်


ဦးမြင့်ဝေ


ဦးကြည်ဝင်း


ဆရာမိုး


ဦးလွင်ဦး

**ပါမောက္ခဒေါက်တာသိန်းဇော်လင်း**
**မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်**

တိုင်းရင်းဆေးသမားတော်များညီလာခံကျင်းပလာတာ (၁၉)ကြိမ်မြောက်ထိရှိလာပြီဆိုတော့ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ကောင်းလာတယ်၊ တစ်နှစ်ထက်တစ်နှစ်အတွေ့အကြုံတွေများလာတော့ ဆောင်ရွက်ရတာတွေ ပိုပြီးတော့ အဆင်ပြေလာပါတယ်။ ဒီနှစ်မှာတော့ ပိုပြီးတော့ ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင် ပြည်သူလူထုအတွက်ကော၊ တိုင်းရင်းဆေးပညာလောကအတွက်ကော ပိုပြီး အကျိုးဖြစ်ထွန်းစေမယ့် အဆိုအထောက်တွေကို စီစဉ်ခဲ့ကြပါတယ်။ အဲဒီမှာ နံပါတ်တစ်အနေနဲ့ တိုင်းရင်းဆေးလောကကြီးတစ်ခုလုံးအတွက် မရှိမဖြစ်အရေးပါတဲ့တိုင်းရင်းဆေးဝါးကိစ္စတွေ ဆွေးနွေးဖို့အတွက် မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်အဆိုကို အဓိကနေရာကနေထားပြီးတော့ ဆွေးနွေးထားပါတယ်။ ဒီခေါင်းစဉ်ကိုပဲ ကျွန်တော်တို့က အရေးကြီး issue အနေနဲ့ ယနေ့ကျင်းပတဲ့ နှီးနှောဖလှယ်ပွဲမှာ panel discussion ပုံစံမျိုးနဲ့ ကျွန်တော်တို့ဆွေးနွေးတာပါ၊ ပြီးတော့ တက်ရောက်လာတဲ့ တိုင်းရင်းဆေးသမားတော်ကြီးတွေနဲ့လည်း ဒီတိုင်းရင်းဆေးဝါးကဏ္ဍကို ဘယ်လိုရှေ့လျှောက် တိုင်းရင်းဆေးကဏ္ဍကို တိုးတက်အောင်လုပ်ကြမလဲ၊ ကောင်းမွန်အောင်လုပ်ကြမလဲဆိုတာတွေကိုလည်း အပြန်ပြန်အလှန်လှန်ဆွေးနွေးကြပါတယ်။ တကယ်ကို ကောင်းမွန်တဲ့ရလဒ်တွေ ထွက်လာမယ်လို့ ယုံကြည်ပါတယ်။ နောက်တစ်ချက်က ဒီတိုင်းရင်းဆေးလောကအတွက် ဒါကလည်းမရှိမဖြစ်ပါ။ ဘာလဲဆိုတော့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်ဆိုတဲ့အချက် ဖြစ်ပါတယ်။

ဒါကိုလည်း အရေးကြီးကိစ္စအနေနဲ့ ထည့်သွင်းထားပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးလည်း နှီးနှောဖလှယ်ပွဲမှာလည်း ဒါကိုအကျယ်ချဲ့ပြီး ဆွေးနွေးကြပါတယ်။ ဒါလည်း တိုင်းရင်းဆေးလောက အနာဂတ်ရှေ့ခရီးအတွက်ကို ကျွန်တော်တို့ ဘယ်လိုကောင်းမွန်အောင်လုပ်ကြမလဲဆိုတာကို ပိုပြီးတော့ အကျယ်တဝင့်ဆွေးနွေးပြီး ကောင်းမွန်တဲ့ရလဒ်တွေရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးသောင်းလွင်**
**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင်**

မြန်မာ့တိုင်းရင်းဆေးကို နိုင်ငံတော်အဆင့်ကနေ အားပေးချီးမြှင့်တော့ တိုင်းရင်းဆေးဟာ အရင်နဲ့စာရင် တိုးတက်လာတယ်။ ဟိုးအရင်က ကျောင်းတွေ မပေါ်သေးတော့ ဆရာအစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြတယ်။ နောက် တိုင်းရင်းဆေးသိပ္ပံပေါ်လာတယ်၊ နောက် တက္ကသိုလ်ပေါ်လာတယ်၊ တက္ကသိုလ်ကျောင်းဆင်းတွေ အများကြီးမွေးထုတ်ပေးနိုင်ခဲ့တယ်။ အဲဒီက တစ်ဆင့် တိုင်းရင်းဆေးခန်းတွေ၊ တိုင်းရင်းဆေးရုံတွေကနေ တိုင်းရင်းဆေးနဲ့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့တဲ့အတွက် အားလုံးက ဝမ်းသာနေကြတယ်။ တိုင်းရင်းဆေးကောင်စီဝင်အနေနဲ့ ပါဝင်နေရတော့ တတ်နိုင်သမျှဝိုင်းဝန်းကူညီနေပါတယ်၊ ကိုယ်သိတဲ့ပညာရပ်ကို ဆရာစားမချန် လက်ဆင့်ကမ်းမျှဝေပေးနေပါတယ်၊ နိုင်ငံတော်က တိုင်းရင်းဆေးအပေါ် ဝိုင်းဝန်းချီးမြှောက်ပေးလို့ အရင်ကလို အောက်ကျနောက်ကျခံပြီးတော့ ပညာရပ်တစ်ခုကို သင်စရာမလိုဘဲ တက္ကသိုလ်ကြီးမှာ၊ တစ်နေရာတည်းမှာပြည့်ပြည့်စုံစုံ သင်ကြားပေးတဲ့အတွက် တစ်နေ့မှာ ကျောင်းဆင်းလူငယ်တွေကပဲ တိုင်းရင်းဆေးလောကကြီးကိုဦးဆောင်ပြီးတော့ ကောင်းသထက်ကောင်းအောင်၊ တိုးတက်အောင် လုပ်ဆောင်နိုင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ဦးမြင့်ဝေ (စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

တိုင်းရင်းဆေးသမားတော်များညီလာခံတွေ ကျင်းပခဲ့တာဆိုရင် (၁၉) နှစ်တိုင်ခဲ့ပါပြီ။ တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီးအားရစရာကောင်းပါတယ်။ ဒီနှစ်ထူးခြားချက်က ပိုပြီးတော့ ပွင့်လင်းမြင်သာလာတယ်။ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု မြှင့်တင်ရေးဆိုတဲ့ ပုဂ္ဂလိကအပိုင်းတွေက ဝင်ရောက်ပြီး ဆွေးနွေးလာတဲ့အတွက် ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေ မြန်မာပြည်သူလူထုအတွက် တိုင်းရင်းဆေးဝါးတွေကို စံနဲ့အညီ ပိုမိုအရည်အသွေးကောင်းမွန်အောင်ဆိုတဲ့ ရည်ရွယ်ချက်တွေကို ဆွေးနွေးလာကြတာတွေ တွေ့ရတဲ့အတွက် အခါတိုင်းနှစ်တွေထက် ထူးခြားတယ်လို့ ပြောလို့ရပါတယ်။ ပြည်သူ့ကျန်းမာရေးကို တိုင်းရင်းဆေးဝါးနဲ့ ပိုပြီးအထောက်အကူပြုနိုင်တယ်လို့ ယုံကြည်ပါတယ်။ ဆေးဝါးတစ်ခုကို ထုတ်လုပ်မယ်ဆိုရင် အဓိက အချက်လေးချက်နဲ့ ပြည့်စုံရပါမယ်။ ပထမအချက်က အဆောက်အအုံပါ(GMP) စနစ်နဲ့ ညီညွတ်တဲ့အဆောက်အအုံဖြစ်ဖို့ လိုအပ်ပါတယ်။ ဒုတိယအနေနဲ့ သန့်ရှင်းလတ်ဆတ်ပြီး အင်မတန်ကောင်းမွန်တဲ့ ကုန်ကြမ်းဖြစ်ဖို့ လိုအပ်ပါတယ်။ ကုန်ကြမ်းကနေ ကုန်ချောထုတ်လုပ်တဲ့အပိုင်းမှာလည်း အရည်အသွေးစစ်ဆေးတဲ့ပစ္စည်းတွေကို လိုအပ်ပါတယ်။ တတိယအနေနဲ့ နည်းပညာနဲ့ လူ့စွမ်းအားအရင်းအမြစ်ပါ။ စတုတ္ထအချက်က စက်ကိရိယာတွေပါ။ အပေါ်သုံးချက်က ဘယ်လောက်ပဲကောင်းကောင်း အဆင့်အတန်းမီ စက်ကိရိယာတွေ မသုံးစွဲနိုင်ရင် စံမီတဲ့ဆေးဝါးတွေ ထုတ်လုပ်နိုင်မှာမဟုတ်ပါဘူး။

**ဦးကြည်ဝင်း(ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

မြန်မာ့တိုင်းရင်းဆေးအဆင့်အတန်းမြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးစားဖို့ နိုင်ငံတော်က တိုက်တွန်းထားတာကို တွေ့ရပါတယ်။ ဒါကြောင့် သုတေသနလုပ်ငန်းတွေ တိုးမြှင့်လုပ်ဆောင်ပြီး ဆေးဖုံအသစ်များ၊ ကုထုံးအသစ်များ ပေါ်ပေါက်အောင် ဝိုင်းဝန်းကြိုးပမ်းရမှာဖြစ်ပါတယ်။ ဆေးဝါးထုတ်လုပ်တဲ့နေရာမှာလည်း အစွမ်းထက်တဲ့ဆေးဝါးတွေ ထုတ်လုပ်ဖို့လိုအပ်ပါတယ်။ တိုင်းရင်းဆေးပညာရှင်များကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ရင် ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်းနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာဟာ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်း သယ်ဆောင်လာတဲ့ပညာရပ်ဖြစ်ပါတယ်။ ခုနောက်ပိုင်း တိုင်းရင်းဆေးတက္ကသိုလ်ကြီး ပေါ်ထွန်းလာပြီး ရိုးရာအမွေအနှစ် ဆေးပညာတွေကို အဆင့်မီမီလက်ဆင့်ကမ်းပေးနိုင်ခဲ့လို့ တိုင်းရင်းဆေးပညာရှင်တွေ မွေးထုတ်ပေးနိုင်ခဲ့ပါပြီ၊ တစ်ဖက်က ပညာရှင်များမွေးထုတ်ပေးနေသလို ဆေးဝါးထုတ်လုပ်ရာမှာလည်း ISO၊ GMP နည်းစနစ်များနဲ့အညီစက်ရုံတွေ တည်ထောင်ထုတ်လုပ်နေကြလို့ မြန်မာ့တိုင်းရင်းဆေးဟာ တိမ်ကောပပျောက်မသွားဘဲ ဆက်လက်ဖွံ့ဖြိုးနေမယ်လို့ ယုံကြည်ပါတယ်။

**ဆရာမိုး**
**(မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအနေနဲ့ ဆေးငါးမျိုးထုတ်လုပ်ရောင်းချနေပါတယ်။ ISO နည်းပညာနဲ့အညီ အရည်အသွေးပြည့်မီအောင်ထုတ်လုပ်ပါတယ်။ ဒ့ါအပြင် အာဆီယံစံချိန်စံညွှန်းနဲ့အညီ ကုန်ကြမ်းစစ်မှန်မှု၊ အရည်အသွေးပြည့်ဝမှုတို့ကို အဓိကဦးစားပေးပြီး ကောင်းသထက်ကောင်းအောင် ထုတ်လုပ်ပြီး ဘိုးဘွားအမွေအနှစ် တိုင်းရင်းဆေးကို ထိန်းသိမ်းစောင့်ရှောက်သွားမှာပါ။ အဓိက ဖြန့်ချိတာကတော့ ရှောက်တစ်လုံးဝမ်းမှန်ဆေးက လူသိများပါတယ်။

**ဦးလွင်ဦး(စွယ်စုံဆေးတိုက်)**

တိုင်းရင်းဆေးလုပ်ငန်းကို မိသားစုမျိုးရိုးကနေ လက်ဆင့်ကမ်းဆက်လက်လုပ်ကိုင်နေတာပါ၊ အစဉ်အလာထိန်းသိမ်းရုံတင်မဟုတ်ဘဲ ခေတ်နဲ့အညီဖြစ်ဖို့၊ ကျင့်ဝတ်နဲ့အညီဖြစ်ဖို့ ကြိုးစားနေပါတယ်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့လည်း သန္နိဋ္ဌာန်ချထားပါတယ်။မကြာသေးခင်က တိုင်းရင်းဆေးပညာဦးစီးဌာနကဖွင့်လှစ်တဲ့ Good Manufacturing Pratice-GMP သင်တန်းကိုလည်း တက်ရောက်ခွင့်ရတဲ့အတွက် မိမိတို့ရဲ့ဆေးဝါးတွေထုတ်လုပ်မှုအပိုင်းမှာ ဘာတွေလိုအပ်နေတယ်၊ ဘာတွေဆောင်ရွက်ရမယ်ဆိုတာ သိရှိလာတဲ့အပြင် တိုင်းရင်းဆေးအပေါ် ဝန်ကြီးဌာနကရော နိုင်ငံတော်ကပါ အားပေးကူညီနေတာတွေ့ရတော့ ကျွန်တော်တို့ထုတ်လုပ်သူတွေအနေနဲ့ ရှေ့ဆက်မယ့်ခရီးအတွက် အားဖြစ်မိပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်။ ညီလာခံတက်ရောက်ခွင့်ရတဲ့အတွက်လည်း ညီလာခံမှာတင်သွင်းတဲ့ အဆို၊ အထောက်တွေ၊ ဆွေးနွေးချက်တွေကို နားထောင်ရလို့ တိုင်းရင်းဆေးလောကအတွက် အားတက်မိပါတယ်။

**တွေ့ဆုံမေးမြန်း-ဌေးနိုင်**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် မုန့်စားပြိုင်ပွဲနှင့် ဘောလုံးရင်အပ်ဖောက်ပြိုင်ပွဲ ပြုလုပ်

**ရှမ်းရွာသစ် ဒီဇင်ဘာ ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် လူငယ်လူရွယ်များ၊ ကလေးသူငယ်များ မိမိတို့နိုင်ငံ၏ နေ့ထူးနေ့မြတ်များကိုအလေးထားတတ်စေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရန်၊ စာအုပ်စာပေများဖတ်ရှုလေ့လာပြီး စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် ကလေးသူငယ်များကောင်းမွန်သော ယှဉ်ပြိုင်မှုများကို သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ယှဉ်ပြိုင်တတ်လာစေရန် ရည်ရွယ်ချက်များဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မုန့်စားပြိုင်ပွဲနှင့် ဘောလုံးရင်အပ်ဖောက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးနွဲ့က ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မုန့်စားပြိုင်ပွဲနှင့် ဘောလုံးရင်အပ်ဖောက်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မုန့်စားပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ နှင့် ဘောလုံးရင်အပ်ဖောက်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့က စိတ်ပါဝင်စားစွာ ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝေဠု (ပြန်/ဆက်)**



# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ ဈေးရောင်းပွဲ စည်ကားစွာကျင်းပမည်



၂၀၁၈ ခုနှစ် ဇန်နဝါရီလက တိရစ္ဆာန်ဥယျာဉ် ၁၁၂ နှစ်ပြည့် ပွဲတော်ကျင်းပခဲ့စဉ်က လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် Pwel Taw Entertainment Co.,Ltd တို့ ပူးပေါင်းကျင်းပမည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီ ၄ ရက်မှ ၆ ရက်အထိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Pwel Taw Entertainment Co.,Ltd မှ ဒါရိုက်တာ မရတနာလာဒ်က "ဒီပွဲပြုလုပ်ကတည်းက အကျိုးအမြတ်ထက် ကလေးတွေအနေနဲ့ အားလပ်ရက်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ လည်ပတ်စရာ တစ်နေရာတိုးစေချင်တာရယ်၊ တိရစ္ဆာန်ရုံကြီးကိုလည်း ဒီထက်မက တိုးတက်စေချင်တယ်။ လာတဲ့သူတွေ ပိုများလာစေချင်တယ်။ ဒါကြောင့် နှစ်ဖက်ပူးပေါင်းပြီး လုပ်တဲ့ပွဲပါ" ဟု ပြောသည်။

Carnival At The Zoo ဟု အမည်ပေးထားသည့် အဆိုပါပွဲတော်ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်တွင် မျက်နှာဆေးခြယ်၊ တိရစ္ဆာန်လိမ္မာပြကွက်များ၊ တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ဟာသလူရွှင်တော်များ၏ ဖျော်ဖြေမှုများ ၊ မျက်လှည့်ဖျော်ဖြေပွဲများအပြင် စားသောက်ဆိုင်များ၊ အဝတ်အထည်နှင့် အမှတ်တရဆိုင်များ၊ ဂိမ်းဆိုင်များကိုလည်း ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲတော်မှာ လွတ်လပ်ရေးနေ့မှာ ကစားနေကျဖြစ်တဲ့ အာလူးကောက်တို့၊ သုံးချောင်းထောက် လမ်းလျှောက်တာတို့ ကြက်ဖခွပ်တာတို့ အပြေးပြိုင်တာအပြင် ဖျော်ဖြေရေးအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်တဲ့အတွက် ကလေးတွေသာမကဘဲ လူကြီးတွေလည်း ငယ်ဘဝကို ပြန်သတိရမှာပါ" ဟု မရတနာလာဒ်က ပြောသည်။

ထို့ပြင် တိရစ္ဆာန်ဥယျာဉ်၏ ဝင်ကြေးမှာ ပုံမှန်ဈေးနှုန်းအတိုင်း ကောက်ခံသွားမည်ဖြစ်ပြီး လွတ်လပ်ရေးနေ့နှင့်သက်ဆိုင်သည့် ကစားနည်းများကို အခမဲ့ကစားနိုင်ရန် ထည့်သွင်းထားသည့်အပြင် ထူးခြားသည့် အစီအစဉ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **သီသီမင်း**

## တိုတိုထွာထွာဖတ်စရာ

### ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာရန်ပုံငွေတာဝန်ပေးအပ်ပွဲ ကျင်းပ

**မလှိုင်**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မလှိုင်မြို့နယ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေ ကျပ်သန်း ၂၁၇၅ ဒသမ ၇၃၂ ဖြင့် လုပ်ငန်း ၂၆ ခု၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေကျပ်သန်း ၁၉၇၆ ဒသမ ၈၉၈ ဖြင့် လုပ်ငန်းပေါင်း ၅၀ ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

### ရပ်ကွက်ပေါင်းစုံ ကြက်တောင်ရိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ရပ်ကွက်ပေါင်းစုံကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် ညပိုင်းက မန္တလာသီရိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆုပေးပွဲသို့ တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ အားကာသိပ္ပံ ဒုတိယကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်၊ မြို့နယ်အားကစားမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ၄၅ နှစ်အထက် ၁၃ နှစ်အောက်၊ အကြီးတန်း၊ သာမန်တန်း နှစ်ယောက်တွဲပြိုင်ပွဲမှ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြိုင်ပွဲတွင် အားကစားသမား ၁၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### လူငယ်ရေးရာမူဝါဒဆိုင်ရာမိတ်ဆက်ရှင်းလင်းပွဲကျင်းပ

**မုံရွာ**

မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒဆိုင်ရာ ပြည်ထောင်စုအဆင့် မဟာဗျူဟာစီမံချက် (မူကြမ်း) မိတ်ဆက်ရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ဦးဆောင်ကျင်းပခဲ့သည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလက ရေးဆွဲပြီးစီးခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်က မိတ်ဆက်ရှင်းလင်းခဲ့သော မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို အသေးစိတ်အကောင်အထည်ဖော်မည့် ပြည်ထောင်စုအဆင့် လူငယ်ရေးရာမဟာဗျူဟာစီမံချက် (မူကြမ်း) ပြီးစီးသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအတွင်းရေးမှူး ကိုဝေမိုးနိုင်ထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

### ဘော်လခဲတွင် ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲကျင်းပ

**ဘော်လခဲ**

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ်၌ ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၅ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုးရယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးသိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဇော်မင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှမျိုးထွန်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့မအားကစားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။ **ဝတ်ရည်**

# အမျိုးသားတံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုများချီးမြှင့်



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အမျိုးသားတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ ကို ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ကျင်းပခဲ့ပြီး ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် ညနေပိုင်းက လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ တက်ရောက်၍ ဆုများချီးမြှင့်ပေးအပ်သည်။

၂၀၁၈ ခုနှစ် အမျိုးသားတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ အကြီးတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အောင်မျိုးထူးက ပထမ၊ ဘုန်းပြည့်နိုင်က ဒုတိယ၊ ချစ်ဝင်းဦးနှင့် အာကာဘုန်းမြတ်တို့က ပူးတွဲတတိယဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

အကြီးတန်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ဘုန်းပြည့်နိုင်နှင့် ရဲမင်းအောင်တို့အတွဲက ပထမ၊ အောင်မျိုးထူးနှင့် ချစ်ဝင်းဦးတို့အတွဲက ဒုတိယ၊ အာကာဘုန်းမြတ်၊ ဟိန်းစည်သူတို့အတွဲနှင့် စိုင်းအောင်ထွန်းဦး၊ ရော်နယ်ကိုကိုတို့အတွဲက ပူးတွဲတတိယဆုများ ဆွတ်ခူးခဲ့သည်။

အကြီးတန်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် သက်ထားသူဇာက ပထမ၊ တွယ်တာဦးက ဒုတိယ၊ ခင်ဂုဏ်ရည်လင်းနှင့် ဒေလီယာတို့က ပူးတွဲတတိယဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲတွင် အသက် ကိုးနှစ်အောက်၊ အသက် ၁၁ နှစ်အောက်၊ အသက် ၁၃ နှစ်အောက်၊ အသက် ၁၅ နှစ်အောက်၊ အသက် ၁၇ နှစ်အောက်၊ အသက် ၁၉ နှစ်အောက်၊ သာမန်တန်း၊ အကြီးတန်းနှင့် သက်ကြီးတန်းဟူ၍ ပြိုင်ပွဲအမျိုးအစားပေါင်း ၃၀ ကျော်တွင် အားကစားသမား ၄၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်အနေဖြင့် ကြိုးစားအားထုတ်မှုရလဒ်အဖြစ် အောင်မြင်မှုများစတင်ရရှိနေပြီဖြစ်ရာ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံတကာ ကြက်တောင်အားကစားပြိုင်ပွဲများမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်ရှစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၂ ခု ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။ **မြင့်မောင်စိုး**

# အစေ့ထုတ်ပြောင်းစိုက်ခင်းများအတွင်း ငမြှောင်တောင်ပိုးများကျရောက်နေ၍ ပိုးသတ်ဆေးနှင့် ဆေးဖျန်းပစ္စည်းများ ထောက်ပံ့



**မြင်းခြံ ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သာပေါင်းကျေးရွာအုပ်စု တောင်ကျွန်းကျေးရွာနှင့် မြောက်ကျွန်းကျေးရွာတို့မှ ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးထားရှိသော ဒေသခံတောင်သူများ၏ အစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် ငမြှောင်တောင်ပိုးများ ကျရောက်နေသဖြင့် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီက ဆေးဖျန်းပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းစိုက်ခင်းများအတွင်း ငမြှောင်တောင်ပိုးကျရောက်နေမှုအား ကာကွယ်နှိမ်နင်းရန်အတွက် ပိုးသတ်ဆေးနှင့် ဆေးဖျန်းပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လင်းက တောင်သူများ သီးနှံဝင်ငွေလျော့နည်းမှုမရှိစေရေးအတွက် ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် ငမြှောင်တောင်ပိုး ကာကွယ်နှိမ်နင်းမှုလုပ်ငန်းများ၌ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပိုးသတ်ဆေးဖျန်းရာတွင် ဘေးအန္တရာယ်မဖြစ်အောင် စနစ်တကျ ကိုင်တွယ်အသုံးပြုပြီး ဆောင်ရွက်လုပ်ကိုင်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြင်းခြံမြို့နယ် သာပေါင်းကျေးရွာအုပ်စု တောင်ကျွန်းကျေးရွာနှင့် မြောက်ကျွန်းကျေးရွာရှိ အစေ့ထုတ်ပြောင်းစိုက်ပျိုးတောင်သူ ၂၇ ဦးထံ ငမြှောင်တောင်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရန်အတွက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သော ဆိုင်ကလုန်းပိုးသတ်ဆေး ၁၇ လီတာနှင့် သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)မှ ထောက်ပံ့သည့် ဆေးဖျန်းပစ္စည်း လက်အိတ်၊ မျက်မှန်၊ နှာခေါင်းစည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တောင်ကျွန်းကျေးရွာမှ တောင်သူဦးသိန်းဌေး၏ ပိုးကျနေသည့် အစေ့ထုတ်ပြောင်း ငါးဧကစိုက်ခင်းအတွင်း ဆေးဖျန်းစက်နှစ်လုံးဖြင့် စနစ်တကျ ပိုးသတ်ဆေးဖျန်းနည်းအား တောင်သူပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြင်းခြံမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းစိုက်ပျိုးထားရှိမှုမှာ ဧကပေါင်း ၁၂၀၀၀ ခန့်ရှိကာ ငမြှောင်တောင်ပိုးကျရောက်သည့် ကျေးရွာအုပ်စု ၃၆ အုပ်စုရှိကြောင်းနှင့် ပိုးကျဧက ၁၁၁၈ ဧကရှိကြောင်း သိရသည်။ အဆိုပါ ငမြှောင်တောင်ပိုးကျရောက်နေခြင်းအား စုပေါင်းကာကွယ်နှိမ်နင်းမှုလုပ်ငန်းအနေဖြင့် ၉၀ ရာခိုင်နှုန်းခန့် ကွင်းဆင်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လင်း၏ ပြောပြချက်အရ သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**


သာသနာတော်နှစ် - ၂၅၆၂
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
မြန်မာသက္ကရာဇ် - ၁၃၈၀
ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော
နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်
ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ
ဝန်းမော်ဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
၁၃၈၀-ပြည့်နှစ် ၊ နတ်တော်လပြည့်ကျော် (၁၀) ရက်
၁-၁-၂၀၁၉ ( အင်္ဂါနေ့ )
ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ
ပါမောက္ခချုပ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ (သ.စ.အ) ဓမ္မာစရိယ၊ ပါဠိပါရဂူ၊
ပါမောက္ခချုပ်အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်
၁၃၈၀-ပြည့်နှစ် ၊ နတ်တော်လပြည့်ကျော် (၁၁) ရက်
၂-၁-၂၀၁၉ ( ဗုဒ္ဓဟူးနေ့ )
ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ
သီတဂူဆရာတော် (Ph.D, D.Litt)
အဘိဓဇမဟာရဋ္ဌဂုရု
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ
၁၃၈၀-ပြည့်နှစ် ၊ နတ်တော်လပြည့်ကျော် (၁၂) ရက်
၃-၁-၂၀၁၉ ( ကြာသပတေးနေ့ )
တရားအလှူ ပေးလှူမည် ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
အချိန် - ညစဉ် (၇ း ၃၀) နာရီ ၊ နေရာ - ရွှေတိဂုံစေတီတော်မြတ်ကြီးမြေတော်ရင်း၊ ပြည်သူ့ဥယျာဉ် ၊ ရန်ကုန်မြို့။
ဆက်သွယ်လှူဒါန်းရန် - (၁) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဒေါ်ခင်လှမြင့် - ဒုညွှန်မှူး တိုင်းအစိုးရအဖွဲ့ - ဖုန်း - ၀၁-၈၃၀၂၁၇၇ ၊ ၀၉-၅၀၆၅၁၃၅ • (၂) ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး - ဖုန်း - ၀၁-၆၆၅၅၂၉ ၊ ၀၉-၈၆၀၂၁၆၃
• (၃) နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်ကျင်းပရေးကော်မတီရုံး ပြည်သူ့ရင်ပြင်။ • (က) ကပ္ပိယ ဦးစိုးမင်းအောင် (အတွင်းရေးမှူး) ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၁ • (ခ) ဦးနေဝင်း (တွဲဖက်အတွင်းရေးမှူး -၁) ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၂၊
• (ဂ) ကပ္ပိယ ငွေမြင့် (တွဲဖက်အတွင်းရေးမှူး -၂) ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၃ • (ဃ) ဦးနေမျိုးဝင်း (တွဲဖက်အတွင်းရေးမှူး -၃) ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၄ ၊ • (င) ဘဏ္ဍာရေးမှူး ဦးစိုးနိုင် - ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၅
• (၄) KBZ Bank Account - 225-302-00701449101 • (၅) AYA Bank Account - 0053202010014853
• (၆) Shwe Bank Account - 130 100 200 200 79200015 (ရုံးချုပ်) ဘဏ်ခွဲ ၊ ပန်းဆိုးတန်းလမ်း


APOLO®
စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး
အမြို့မြို့အနယ်နယ်ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
Hot Line - 01 3684292
Facebook - www.facebook.com/apolostio
website - www.decolandgroup.com
CLIP BOARD
CLEAR BAG
OFFICE STAPLER
FOLDER CLIP
HIGHLIGHTER PEN
PERMANENT MARKER
LEDGER BOOK
EXERCISE BOOK (APOLO)
CORRECTION PEN
GLUE STICK
CLEAN & SOFT ERASER
PP FILE - APOLO
FILE TRAY-3 LAYERS
CD/DVD MARKER
BINDER CLIPS
WHITE BOARD MARKER
PAPER CLIPS
COLOR PUSH PINS
SNAP-OFF BLADE CUTTER
18mm/ 9mm
SPARE BLADES
18mm/ 9mm
PENCIL CASE
GEL INK PEN
MECHANICAL PENCIL


PediaSure®
#1 Pediatrician Recommended Brand in the U.S.
(၈) ပတ်အတွင်း
ကြီးထွားဖွံ့ဖြိုးမှုကို သိသိသာသာ
မြင်တွေ့ရမှာပါ*
အရပ်
ကိုယ်အလေးချိန်
ကိုယ်ခံစွမ်းအား
WEEK 1
WEEK 4
WEEK 6
WEEK 8
NOW WITH 25% LESS SUGAR^
*J Hum Nutr Diet. 2015 Dec; 28(6):623-35.
# Source: Affiliate Audit Data (Nielsen, IMS/ MFPM) 2014
^ As compared to previous formulation. See Nutrition Facts panel. "Total sugars" reduced from 16.9 grams to 11.9 grams in Vanilla and Strawberry per 225-mL serving.
PediaSure
Abbott
ဗင်နီလာ အနံ့အရသာ
PED540518M
ကြီးထွားဖွံ့ဖြိုးနေဆဲ အသက်ကာလများသည် ကလေး၏ ခန္ဓာကိုယ်ပိုင်းဆိုင်ရာနှင့် အသိအမြင်ပိုင်းဆိုင်ရာတို့ အလျင်အမြန်ဖွံ့ဖြိုးနေချိန် ဖြစ်သောကြောင့် အကောင်းမွန်ဆုံးအာဟာရ၏ ပံ့ပိုးမှုမှာအများကြီးလိုအပ်ပါသည်။ Pediasure ကခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးရန် လိုအပ်တဲ့အရေးကြီးသော အာဟာရဓာတ် ၃၇ မျိုးနှင့် အတူ သင့်ကလေးကိုအကောင်းဆုံးကြီးထွားမှုနှင့် ဖွံ့ဖြိုးမှု ရရှိစေရန် ကူညီပေးပါလိမ့်မယ်။
အသက် ၃ နှစ် မှ ၁၀ နှစ် အထိ
ကလေးများအတွက် အာဟာရဖြည့်စွက်စာ
Distributed by:
PAHTAMA GROUP
Abbott Nutrition Careline
09 260 35 62 62
abbottnutrition@pahtama.com
Abbott



လေဆိုးတွေကိုမျက်၊ လေကောင်းတွေကိုဆက်၊ အစာကြေလေသက်
သမားစဉ်ဆက် ဆေးစွမ်းထက်မြက် သုံးဖူးသူတိုင်းလွန်နှစ်သက်
စိန်ဘယက် လေကွဲဆေး နှင့် ဆက်
အစာမကြေဖြစ်ခြင်း၊ ရင်ကယ်၊ လေဆိုး၊ လေဆီးလေအောင့်၊ ဝမ်းတင်းစေ စသည့် ရောဂါများ သုံးနိုင်ပါသည်။



ချွဲသလိပ်ကြေပြီး ချောင်းဆိုးရင်ကျပ်ကင်းစေတဲ့ ရှားပါးတိရစ္ဆာန်ချိုချဉ်သက်
ဆောင်းနွေမိုး
ချွဲသလိပ်ကြေမက်လင်ချဉ်လျှက်ဆား

စစ်မှန်သော ပရဆေး မှန်ကန်သော စေတနာ တိကျသောထုတ်လုပ်မှု အပြည့်အဝ မြန်မာ့ရိုးရာတိုင်းရင်းဆေးစွမ်းကောင်းများ

အာသာလူအစာကြေမှားသမျှကိုဖြေတဲ့... နန်းစဉ် စစ်မှန်ဆေးသုံး
တစ်သုံးလုံး
အဖြေကျော်ဆေး

ထုံကျဉ်ကိုက်ခဲလျှင် လိမ်းမှုမောလျှင်ရှူ ကောင်းသတင်းမွှေးကျော်
ဆင်ဖြူတော်
အကြောပြေအကြောလိမ်းဆေး

မှုမောရင်တုန်ကင်းဝေးအောင် မြန်မာ့တိုင်းရင်းဆေးဂုဏ်ဆောင်
ရွှေများအောင်
နှလုံးသည်းခြေဆေး

ဂမုန်းရှင်
လေငန်းလိမ်းဆေးရည်

ချွဲသလိပ်ကြေပြီး ချောင်းဆိုးရင်ကျပ်ကင်းစေတဲ့ ရှားပါးတိရစ္ဆာန်ချိုချဉ်သက်
ဆောင်းနွေမိုး
ချွဲသလိပ်ကြေမက်လင်ချဉ်လျှက်ဆား

တစ်ဦးချင်းထက်သာလွန်သော ဆေးစွမ်းအာနိသင်ကို ပေးစွမ်းစေပါသည်။
အမြို့မြို့ဆိုင်တိုင်းတွင် ရောင်းချပေးပါ။





IDEAL CLASS EDUCATION CENTRE
iCEC
ကိုယ်ပိုင်အထက်တန်းကျောင်း
ICEC ကိုယ်ပိုင်အထက်တန်းကျောင်းသစ်ကို လသာမြို့နယ်တွင် ထပ်မံဖွင့်လှစ်လိုက်ပါပြီ။
၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ကျောင်းခွဲများအားလုံးတွင် ကျောင်းအပ်လက်ခံနေပါပြီ။
ကျောင်းဖွင့်မည့်ရက် တက္ကသိုလ်ဝင်တန်း (7-March-2019)(ကြာသပတေးနေ့)
သူငယ်တန်း မှ နဝမတန်းအထိ (2-May-2019) (ကြာသပတေးနေ့)

စုံစမ်းအပ်နှံရန် ICEC မှာ ကျောင်းတက်ချင်တယ်မေမေ...

'စံ'ပညာရိပ်သာ မြေအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။ ဖုန်း 09 300 59147 09 30059148, 09 255965938 Viber 09 7958 86818
'စံ'ပြကျောင်း (5-A/B) လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်၊ တာမွေမြို့နယ်။ ဖုန်း 09 450 401055 09 73166911, 09 73162577 Viber 09 450 401011
'စံ'ပီကျောင်း (၆၉၁/၈-၂)၊ ညောင်တန်းနှင့်ကုန်စစ်သားလမ်းထောင့်၊ လှိုင်သာယာ။ ဖုန်း 09 799 862303 09 970490781 Viber 09 7852 74023
'စံ'(သန်လျင်) အမှတ်(၇)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်၊ သန်လျင် ဖုန်း 09 441 311653 09 441311628, 09 790767138 Viber 09 951 862 917
'စံ'(လသာ) အမှတ် (၆၂/၆၄)၊ လမ်း(၂၀)၊ လသာမြို့နယ်။ ဖုန်း 09 443 438881 Viber 09 4434 38881
www.facebook.com/icecschool



GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



ဒုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံရှိ မြေကွက်များ ဈေးကောင်းပေးဝယ်သည်။ အိမ်တိုင်ရာရောက် ငွေချေစနစ်ဖြင့် ဝန်ဆောင်မှုပေးသည်။
09-255558496
09-255558498


[illegible]

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ သာစည်ရပ်ကွက်၊ ရှားဖြူကုန်းလမ်းနေ ကိုကျော်ဇင်ဦး [၇/နတလ(နိုင်)၀၃၆၅၁၁]သည် မိခင်ကြီး (လေဖြတ်ပြီး လမ်းမလျှောက်နိုင်) သည်ကို စိတ်ဆင်းရဲအောင် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေးနှင့် ပတ်သက်သမျှ မည်သည့်ကိစ္စကိုမှ တာဝန်မယူပါကြောင်းနှင့် လုံးဝဖြေရှင်းပေးမည် မဟုတ်ပါကြောင်းကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်စန်းရီ**
**[၇/နတလ(နိုင်)၁၁၂၀၂၉]**


CEO ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ထွက်ပြီ။
• ကမ္ဘာ့အချမ်းသာဆုံးသူများ၏အလေ့အကျင့်ရေးမျိုး
• စွန့်ဦးတီထွင်လုပ်ငန်းရှင် ၇ ဦး၏ အောင်မြင်မှုလျှို့ဝှက်ချက်များ
• စီမံခန့်ခွဲမှုလောက ဟာသသန်းစားများ
• လုပ်ငန်းခွင်မှာ မကြာခဏပြောသင့်တဲ့ စကားစု ၂၄ ခု
• ဖန်တီးနိုင်စွမ်းရှိသော စဉ်းစားခြင်းကိုဖွံ့ဖြိုးစေခြင်း




တန်ဖိုး ၃,၀၀၀ ကျပ်
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။


## အထွေထွေကိုယ်စားလှယ်လွှဲစာ (General Power of Attorney) ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅) ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် (P-14) နေ ဒေါ်စန်းစန်းဦး ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စန်းစန်းဦး သည် မိမိ၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြသင်း (၁၄/မမက (နိုင်) ၁၆၆၂၆၆) အား ရန်ကုန်မြို့ တရားရုံးစာတမ်းမှတ်ပုံတင်ရုံး၌ မိမိ၏ကိုယ်စား သက်ဆိုင်ရာအစိုးရဌာနအသီးသီးတို့တွင် ဆောင်ရွက်နိုင်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၉၆/၂၀၁၈) ဖြင့် ပြုလုပ်လွှဲအပ်ပေးထားခဲ့ပါသည်။

၂။ ယနေ့/ယခုအချိန်တွင် ဒေါ်မြမြသင်း သို့ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် ပတ်သက်၍ ဒေါ်စန်းစန်းဦး ၏ကိုယ်စား ဆောင်ရွက်ရန်အကြောင်းကိစ္စများမရှိတော့သည့်အတွက် ဒေါ်မြမြသင်း သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၉၆/၂၀၁၈) အား ဤကြေညာချက်ဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -

ဦးချစ်ကိုကို
တရားလွှတ်တော်ရှေ့နေနှင့် နိုတာရီပဗ္ဗလစ် (စဉ် - ၂၈၀၃)

ဦးသန်းဌေး
တရားလွှတ်တော်ရှေ့နေ (စဉ် - ၃၈၅၁)

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၂၉၂၄၊ ၀၉-၂၆၄၉၈၁၀၀၅

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ကျွန်တော်များ AKA YAZAR CO.,LTD သည် BAILING AGROCHEMICAL CO.,LTDမှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရရှိထားသည့် အောက်ဖော်ပြပါပစ္စည်းများအား MARGA MIN CO.,LTD မှ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ AKA YAZAR CO.,LTD. 09-455557863, 09-455557864

| Sr | Trade Name | Active Ingredient | Registration Number | Registration Type |
|---|---|---|---|---|
| 1 | Awar 83.1 WP | Niclosamide Olamine Salt 83.1% WP | P2017-3554 | Provisional |
| 2 | Binhsin 70%WP | Thiophanate-methyl 70% WP | P2017-3558 | Provisional |

# ဥ တု ရာ သီ တော ကို မှီ ၏

# ချင်းပြည်နယ်တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ချင်းပြည်နယ်တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ မြို့သစ်ရပ်ကွက် ဟားခါး-ဖလမ်း-ကလေးလမ်းရှိ အဆိုပါ အဆောက်အအုံ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည်။

**အမွှေးနံ့သာများ ပက်ဖျန်းပေး**

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်၊ ချင်းပြည်နယ် တရားလွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးယို၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်တို့က ပန္နက်တော်တင် တွင်းတော်ဝန်းပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

**ထုံးတမ်းစဉ်လာအတိုင်းဆောင်ရွက်ပေး**

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပန္နက်တော်တင် တွင်းတော်ဝန်းအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်ပေးပြီး**(ဓါတ်ပုံ)** ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ရတနာရွှေမိုးငွေမိုး ရွာသွန်းပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ်တရားလွှတ်တော်အဆောက်အအုံ ဆောက်လုပ်မည့် ပရဝဏ်အား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်စွက်ညွှန်ကြားပေးခဲ့သည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

# MNL-2 (ပထမတန်း)ပြိုင်ပွဲ ဇန်နဝါရီ ၂၅ ရက် စတင်မည်ဖြစ်ပြီး ရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၉ ဘောလုံးရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသည်။ ယင်းပြိုင်ပွဲတွင် ထပ်တိုးအသင်းများရှိသောကြောင့် ပြိုင်ပွဲဝင်ရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၁၉ ရာသီ ပထမတန်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှိုင်ရယ်သန်လျင်အသင်း အပါအဝင် ချင်းယူနိုက်တက်၊ အား/ကာသိပွံ၊ ကချင်ယူနိုက်တက်၊ မောရဝတီ၊ မြဝတီ၊ ငွေကြယ်ပွင့်နှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်သည့် မြန်မာနေရှင်နယ်လိဂ်ကော်မတီအစည်းအဝေးတွင် ပထမတန်းပြိုင်ပွဲ ယှဉ်ပြိုင်မည့်အသင်းများကို အတည်ပြုခဲ့ပြီး ထပ်တိုးအသင်းများရှိသလို အချို့အသင်းများမှာလည်း ဆက်လက်ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် ပြိုင်ပွဲဝင် ရှစ်သင်းသာရှိခြင်းဖြစ်သည်။ ချင်းယူနိုက်တက်အသင်းသည်

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**

# နိုင်ငံတကာခြေစမ်းပွဲများအတွက် မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၂၀ ဖြင့် ဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာ ယူ-၂၂ အသင်းသည် ဇန်နဝါရီတွင် အိုမန်၊ ကာတာ ယူ-၂၂ အသင်းတို့နှင့် ခြေစမ်းပွဲများအတွက် ကစားသမား ၂၀ ဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဒီဇင်ဘာ ၂၉ ရက်မှစ၍ လေ့ကျင့်မှုစတင်ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းတွင် နည်းပြချုပ်-ဦးကြည်လွင်၊ လက်ထောက်နည်းပြ-ဦးချစ်နိုင်၊ ဦးကျော်လွင်၊ ဂိုးနည်းပြ-ဦးမျိုးကျော်အောင်၊ ဂိုး-ဘုန်းသစ္စာမင်း၊ စိုးအာကာ၊ နောက်တန်း-စိုးမိုးကျော်၊ ဝင်းမိုးကျော်၊ ရဲရင့်အောင်၊ ဇွဲထက်မင်း၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ ဇင်ရဲနောင်၊ ကျော်သူထွန်း၊ အလယ်တန်း-မြတ်ကောင်းခန့်၊ မင်းကိုကို၊ လွင်မိုးအောင်၊ နန်းထိုက်ဇော်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊ ရှေ့တန်း-ဝင်းနိုင်ထွန်း၊ ဇင်မင်းထွန်း၊ ချမ်းငြိမ်း၊ ထက်ဖြိုးဝေတို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၂ အသင်းကို ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ကာ ၁၆ ဦးပြန်လည်ပါဝင်လာသည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းခရီးစဉ်တွင် ခြေစွမ်းမြင့်မားသည့် ကာတာ၊ အိုမန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းမှ အသက်မီသည့် ကစားသမားများကို ပြန်လည်အားဖြည့်ရွေးချယ်ထားသည်။ **စာမျက်နှာ ၄ ကော်လံ ၃ သို့ ❖**



**မြန်မာ ယူ-၂၂ အသင်းတွင် ထပ်မံရွေးချယ်ခံရသည့် ကွင်းလယ်ကစားသမား လွင်မိုးအောင်။**

# ထိုင်းလိဂ်-၂ ကလပ် ဆာမတ်ဆာခွန်အသင်းသို့ သန်းထက်အောင် ပြောင်းရွှေ့

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ထိုင်းလိဂ်-၂ ကလပ် ဆာမတ်ဆာခွန်အသင်းသည် ဇွဲကပင်အသင်း၏ မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး သန်းထက်အောင်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

သန်းထက်အောင်ကို ခေါ်ယူရန် ထိုင်းလိဂ်-၁ ကလပ်အသင်းများအပါအဝင် အသင်းအများစုက ကမ်းလှမ်းခဲ့သော်လည်း သန်းထက်အောင်အနေဖြင့် ပုံမှန်ပွဲထွက်ခွင့်ရမည့် ဆာမတ်ဆာခွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ သန်းထက်အောင်သည် ပြီးခဲ့သည့်ရာသီတွင် ဇွဲကပင်အသင်း၌ ခြေစွမ်းပြကစားခဲ့သောကြောင့် ထိုင်းလိဂ်ကလပ်အသင်းများ၏ စိတ်ဝင်စားမှုခံခဲ့ရသည်။

သန်းထက်အောင်သည် ပြီးခဲ့သည့် ရာသီတွင် ဇွဲကပင်အသင်းနှင့်အတူ ခြေစွမ်းပြခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ လအလိုက်အကောင်းဆုံးဆု သုံးကြိမ်အထိ ရရှိခဲ့သူဖြစ်သည်။ ထိုင်းလိဂ်ကလပ်အသင်းများသည် လာမည့်ရာသီအတွက် မြန်မာကစားသမားများကို ဆက်တိုက်ခေါ်ယူလျက်ရှိပြီး ထိုင်းလိဂ်-၁ ကလပ်အသင်းများဖြစ်သည့် ချောင်ဘူရီအသင်းက **စာမျက်နှာ ၄ ကော်လံ ၅ သို့ ✻**




ဝတ္ထုတို

နန္ဒမန်းကြယ်(တွင်းငယ်)




အခန်း(၁)

"ရော်" ဖြူမရဲ့ မင်္ဂလာက မဆုံးသေးပါလား၊ ငါလေ ဒီကလေးမရဲ့ မင်္ဂလာကိုလိုက်ရတာ သုံးခါရှိပြီ။ မင်္ဂလာမဆုံးသေးပါလား။

ရွာထဲမှာ ဒေါ်ဖြူမ၏မင်္ဂလာအတွက် လိုက်ဖိတ်ပေးနေသည်ကို ဘိုးဖိုးယုန်မြင်၍ ပြောလိုက်ခြင်းဖြစ်သည်။ ဒေါ်ဖြူမကလည်း ဘိုးဖိုးယုန်ပြောလျှင် ပြောချင်စရာပင်။ အသက်လေးဆယ်ကျော်နေပြီ ဖြစ်သော်လည်း ယောကျ်ားယူသည်က အရေအတွက် မနည်းတော့။ ထို့ကြောင့် ဘိုးဖိုးယုန်က လူကြီးပီပီ အလိမ္မာသုံး၍ စကားပြောတတ်သည်။ ရွာထဲက ဒေါ်လှဖြူးတို့ကတော့ "ဖြူမတို့များ ချက်. . ထချက်. . အသက်က ကျင်းနှုတ်ခမ်းဆိုက်နေပြီ" ဟု ဆို၏။ ဒေါ်ဖြူမ ယောကျ်ားတစ်ယောက်ယူတိုင်း ရွာထဲ ပြောလိုက်ကြတာများ စုံလို့ပင်။ မည်သို့ပင် ပတ်ဝန်းကျင်က ပြောသော်လည်း ဒေါ်ဖြူမ ဂရုမစိုက်ချေ။ ယခုလည်း ဒေါ်ဖြူမ မင်္ဂလာဆောင်ရန် သူ၏အိမ်ထဲတွင် အလုပ်ရှုပ်နေလေ၏။ ဒေါ်ဖြူမက ယောကျ်ားရက်မကောင်းဟု ဆိုရမည်။ ပထမဆုံး ယောကျ်ားက ရွာလယ်က ဒေါ်နွားစိန်၏သား ဦးသံချောင်းဖြစ်သည်။ ဦးသံချောင်းနှင့်သမီးလေးတစ်ယောက် ထွန်းကားသည်။ သမီးကို အေးလင်းဟု အမည်ပေးသည်။ အေးလင်းမွေးပြီး ဘာကြာလို့တုန်း ဦးသံချောင်း ရွာပြင်က လယ်ထဲမှာ မြွေကိုက်လို့ ဆုံးပါလေရော။ ထို့နောက် ဒေါ်ဖြူမ လင်မရှိမုဆိုးမဘဝ အကြာကြီးနေလာပြီးကာမှ အေးလင်း လေးတန်းရောက်တော့ ဦးအောင်မောင်းဆိုသူနှင့် ယူလိုက်ပြန်သည်။ ထိုအခါ ရွာထဲက "ရော် တစ်ပင်လဲလို့ တစ်ပင်ထူတာ" ဟု ပြောကြသည်။ ဦးအောင်မောင်းကလည်း ဒေါ်ဖြူမ၏ ရှိသည့်ပစ္စည်းလေးခွာသွားပြီး ပစ်ထားခဲ့ပြန်၏။ ဦးအောင်မောင်းပစ်သွားသည်က အရေးမကြီးချေ။ ဒေါ်ဖြူမမှာ ဦးအောင်မောင်းနှင့်ရသည့် ကိုယ်ဝန်က ကျန်နေခဲ့ပြန်သည်။ သို့သော် ဒေါ်ဖြူမက မမှုရေးချမမှုချေ။ ဦးအောင်မောင်းနှင့် ရသည့်ကလေးပင် အသက်ခြောက်နှစ်ရောက်ခဲ့ပြီ။ ယနေ့ ညနေလည်း မင်္ဂလာဆောင်ဖို့ လုပ်နေပြန်သည်။ ဒေါ်ဖြူမခမျာ ယောကျ်ားနှစ်ယောက် ကလေးနှစ်ယောက်ပင် ရှိနေ၏။ ယခု ဒေါ်ဖြူမနှင့်ယူမည့်လူက တွင်းငယ်ရွာမှ ဦးချက်ကြီး။ ဦးချက်ကြီးက တွင်းငယ်ရွာမှာ ထန်းရည်ကလေးဘာလေးတက်ရောင်းပြီး အရက်ကလေးတမြမြ လုပ်နေသူ။ သို့သော် ဦးချက်ကြီးကတော့ ဒေါ်ဖြူမကို "တစ်သားမွေး တစ်သွေးလှ" ဟု ဆိုကာ အရက်သမားပီပီ ချဉ်ချဉ်တူးတူးမူးလျှင် ပြီးသည်အစား။ ဒေါ်ဖြူမက ဦးအောင်မောင်း ပစ်သွားတာခံရပြီးနောက် လူသိရှင်ကြားဖြစ်စေရန် အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ်ဖိတ်ကာ လက်ဖက်ရည်ကလေး၊ မုန့်ကလေးကျွေး၍ ဧည့်ခံကျွေးမွေးတတ်သည်။ ရွာထဲမှာတော့ ယောကျ်ားတစ်ယောက်ပြီးတစ်ယောက်ယူတဲ့ ဒေါ်ဖြူမကို ချြစားမြူစားသူဟုပင် ပြောကြတော့သည်။ အမှန်မှာလည်း ထိုသို့ပင်ဖြစ်နေ၏။ ယခုတော့ ဒေါ်ဖြူမ၏သမီး အေးလင်းလည်း အပျိုကြီးဖားဖားပင်ဖြစ်နေလေ၏။ သမီးကို ဗန်းပြ၍ လုပ်စားသူဟု နာမည်ကြီးနေ၏။ ဒေါ်ဖြူမက သမီးဖြစ်သူကိုလည်း သူ့လိုစရိုက်မျိုးဖြစ်အောင် အေးလင်း စတုတ္ထတန်းထွက်ပြီးနောက် အပြင်လူဖြစ်ပြီဆိုကတည်းက လေ့ကျင့်ပေးထားသလိုဖြစ်၍ အေးလင်းကလည်း ပတ်ဝန်းကျင်ကို ဂရုမစိုက်ချေ။ သို့သော် ရွာထဲမှာ အေးလင်းကြောက်ရသူတစ်ယောက်ရှိသည်။ ထိုသူကား သည်ရွာ၏ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဝင်းဖြစ်၏။

× × × × ×

အခန်း(၂)

ဆရာမကြီးဒေါ်ဌေးဝင်းသည် ရေညှာဦးရွာကျောင်းမှာ တာဝန်ထမ်းဆောင်သည်မှာ ဆယ့်လေးနှစ်ကျော်ခဲ့ပြီ။ ဆရာမကြီးက ကျောင်းအရေး၊ ရပ်ရေးရွာရေးမှအစ ပါဝင်လုပ်ကိုင်ပေးတတ်သူဖြစ်သည်။ အေးလင်း စတုတ္ထတန်းတက်နေတုန်းက အေးလင်းကို ဒေါ်ဖြူမက ကျောင်းထုတ်မည်ဆိုသောကြောင့် ဆရာမကြီးက ဒေါ်ဖြူမကို ပျာပျာသလဲ မထုတ်ရန် ပြောဖူး၏။

"အေးလင်းက စာတော်ပါတယ်။ ကျောင်းဆက်ထားပေးပါ။ ကျောင်းမထုတ်စေချင်ဘူး" ဒေါ်ဖြူမက လက်မခံချေ။ ကျောင်းထုတ်ရန်သာ အစီအစဉ်ရှိ၏။

"အားနာပါတယ် ဆရာမကြီးရယ်၊ အိမ်မှာ လုပ်လူမရှိဘူး။ ခိုင်းမှရမယ်" ဆရာမကြီး လက်လျှော့လိုက်ရ၏။ ဒေါ်ဖြူမ၏ ကလေးအပေါ်ထားသည့် ရည်ရွယ်ချက်က တစ်မျိုးကိုး။ ဆရာမကြီး ဘာမျှမတတ်နိုင်ချေ။ ယခုလို အေးလင်းကျောင်းထွက်ရသည်မှာ မိခင်ကို အားကိုးအားထားပြုနေရသူဖြစ်၍ မိခင်သာ အဓိက ဖြစ်သည်။ မိခင်၏ဆန္ဒအတိုင်း အေးလင်း၏ ပညာရေးကား စတုတ္ထတန်း၌ပင် ဆုံးခန်းတိုင်လေ၏။

× × × × ×

အခန်း(၃)

အားလပ်ချိန်။ ဆရာမကြီး ဒေါ်ဌေးဝင်းက ရွာခံဆရာမတစ်ယောက်၏ပြောပြချက်ကို ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်ပြီး တပည့်ဟောင်းဖြစ်သူ အေးလင်းတို့အိမ်သို့ ထွက်လာလိုက်သည်။ အကြောင်းမှာ ဒေါ်ဖြူမက အေးလင်းကို မြို့တက်၍ အလုပ်လုပ်ခိုင်းရန် တွန်းအားပေးနေကြောင်း ရွာခံဆရာမ၏ ပြောပြချက် ဟုတ်မဟုတ်ကို သွားမေးရန်ဖြစ်၏။ ဆရာမကြီး အေးလင်းတို့အိမ်ရောက်တော့ အေးလင်းက ထွက်ကြိုသည်။

"ဆရာမကြီး. . . လာပါရှင့် . . . ထိုင်ပါရှင့်"

"အေး. . . အေးလာပြီ. . . ညည်းအမေရော ရှိလားဟဲ့"

"ရှိတယ်. . . ဆရာမကြီး"

"အေး. . . အေး"

ဆရာမကြီးက အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်တော့ ဒေါ်ဖြူမ မီးဖိုချောင်ထဲမှ ထွက်လာသည်။ ထို့နောက် ဒေါ်ဖြူမက ဆရာမကြီးကို နှုတ်ဆက်သည်။

"ဆရာမကြီး"

ဆရာမကြီးက ပြုံးပြလိုက်သည်။ ကလေးကို ခါးထစ်ခွင်ချီ၍ ဆရာမကြီးအနားကပ်ထိုင်သည်။ အေးလင်းကို ရေနွေးခါတ်ဘူးချပေးဖို့ ပြောသည်။ ထို့ကြောင့် အေးလင်း အိမ်ထဲဝင်၍ ရေနွေးဘူး သွားယူသည်။ ဆရာမကြီးက ဒေါ်ဖြူမကို စကားစလိုက်သည်။

"ဖြူမ ကလေးကို ဘယ်အလုပ်လုပ်ခိုင်းမလို့လဲ" ဆရာမကြီး၏စကားကြောင့် ဒေါ်ဖြူမ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

"ဘယ်မှ မခိုင်းပါဘူး. . . ဆရာမကြီးရယ်. . . မြို့အလုပ်သွားလုပ်ဖို့ပြောတာပါ"

ထိုအခါ ဆရာမကြီးက "ဖြူမနော်. . . ကလေးကို မတော်တရော်တွေမပို့နဲ့" ဟု သတိပေးလိုက်သည်။ ဆရာမကြီးက ဆက်၍ "တစ်နေရာရာပို့ရင် ငါ့ကိုပြော. . . ရမ်းမပို့နဲ့" ဟု ဆက်၍မှာကာ ပြန်လာခဲ့၏။ ဆရာမကြီး၏ အေးလင်းအပေါ်ထားသည့် ဆရာတပည့် သံယောဇဉ်ကား အချိန်တွေ ပြောင်းသွားသော်လည်း မပျက်သေးချေ။

× × × × ×

အခန်း(၄)

"သမီး . . . အေးလင်း . . . အမေ ပြောစရာရှိလို့ကွယ်. . . ဒီကို လာပါဦး"

"ဟုတ်. . . အမေ"

ရေသွန်ချောင်တွင် ပန်းကန်ဆေးနေသော အေးလင်းက ဒေါ်ဖြူမ၏ခေါ်သံကြောင့် ချက်ချင်းထလာသည်။ မိခင်၏စကားကို အေးလင်း နားထောင်နေသည်။ ဒေါ်ဖြူမက အေးလင်း၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ မျက်ရည်များ သွင်သွင်ကျလာသည်။

"အမေ. . . ဒီလိုလုပ်ဖို့ လက်ခံလိုက်တာ. . . အမေစိတ်မကောင်းပါဘူးကွယ်. . . ဟီး. . . ရှွတ်"

အေးလင်းက ဒေါ်ဖြူမကို နားမလည်ဟန်ဖြင့် ကြည့်၍ ပြန်မေးသည်။

"ဘာဖြစ်လို့လဲ အမေရယ်"

ထိုအခါ ဒေါ်ဖြူမက မျက်ရည်ကို သုတ်လိုက်ရင်း။

"အမေ. . . အမေ ပြောပြမယ်. . . ရှွတ်"

"ဟုတ်. . . အမေ"

အေးလင်းက ဒေါ်ဖြူမ၏စကားများကို ဂရုစိုက်နားထောင်နေလေသည်။ ဒေါ်ဖြူမက အေးလင်းကို အကြောင်းစုံကို ရှင်းပြ၏။ တစ်နေ့က ရွာသို့လူစိမ်းနှစ်ယောက် ကားတစ်စီးနှင့် ရောက်လာသည်။ ထိုလူစိမ်းနှစ်ယောက်သည် အမျိုးသားနှစ်ယောက်ဖြစ်သည်။ ထိုအမျိုးသားနှစ်ယောက်သည် ကားကို ရွာထိပ်ကမန်ကျည်းပင်ရိပ်တွင် ရပ်ထားပြီး ရွာထဲသို့လှည့်ပတ်သည်။ အကြောင်းက အလုပ်လုပ်ချင်သူ အမျိုးသမီးများကို ရှာနေကြောင်း အိမ်တိုင်းသို့ဝင်ကာ ပြော၏။ သည်လိုနှင့် ဒေါ်ဖြူမ၏အိမ်ထဲသို့ တည့်တည့်ဝင်လာသည်။ ထိုအခါ အသားညိုညိုနှင့်လူက "အိမ်ရှင်တို့. . . အိမ်ရှင်တို့" ဟု လှမ်းခေါ်သည်။ ဒေါ်ဖြူမက ထွက်ကြည့်လိုက်ပြီး "ဘာကိစ္စရှိလို့လဲ. . . လာပါရှင့်" ဟု ခေါ်လိုက်သည်။ အသားညိုညိုနှင့်လူက ချိတ်ထားသော သမီးဖြစ်သူ၏ဓာတ်ပုံကိုကြည့်ရင်း စကားစသည်။

"ဒီမှာ. . . အစ်မ. . . ဒီဓာတ်ပုံလေးထဲက အစ်မသမီးလား"

"ဟုတ်ပါတယ်. . . ဘာဖြစ်လို့လဲ"

"ဒီမှာလေ. . . ကျွန်တော့်ဆရာက. . . သူ့ကို မြင်မြင်ချင်း သဘောကျလို့တဲ့"

အသားညိုညိုနှင့်လူက သူ့ဆရာ အသားဖြူဖြူနှင့်လူကို မေးငေါ့သည်။ ထိုအခါ သူ့ဆရာဆိုသူက ခေါင်းညိတ်ပြသည်။ ဒေါ်ဖြူမကတော့ ဘာမှပြန်မပြောသေးချေ။ အသားညိုညိုနှင့်လူက ဆက်၍စည်းရုံးလေ၏။ "အစ်မကြီး . . . အစ်မကြီးသမီးကို သိန်းခုနစ်ဆယ်နဲ့ တင်တောင်းပါ့မယ်"

"ရှင်"

ဒေါ်ဖြူမ ငွေသိန်းခုနစ်ဆယ်ကို ကြားလိုက်သည်နှင့် အံ့သြသွားသည်။ လောဘဇောဝင်သွားသော ဒေါ်ဖြူမ၏မျက်နှာသည် လင်းလက်နေ၏။ ဒေါ်ဖြူမ၏မျက်နှာကို အကဲခတ်နေသော အသားညိုညိုနှင့်လူက ဒေါ်ဖြူမကို စည်းရုံးရန် လွယ်ကူကြောင်း သတိထားမိသောအခါ မက်လုံးပေးကာ ပို၍ ပြောလေ၏၊ ထိုစကားများကြောင့် ဒေါ်ဖြူမ ဘာကိုမျှ မစဉ်းစားတော့ဘဲ သမီးဖြစ်သူကို ဘယ်က မှန်းမသိသူနှင့် သမီးကိုပေးစားရန် ဆုံးဖြတ်လိုက်တော့၏။ မိခင်ပြောပြသော အကြောင်းစုံကိုသိရသော အေးလင်းကလည်း မိခင်ကို မလွန်ဆန်နိုင်ဘဲ "အမေ့သဘော" ဟုဆိုကာ ထိုလူကြီးနှစ်ယောက်နှင့် လိုက်သွားရန် ပြင်ဆင်လေ၏။

× × × × ×

အခန်း(၅)

"ဆရာမကြီး. . . ဆရာမကြီး. . . အေးလင်းကို ဒေါ်ဖြူမက လူကြီးနှစ်ယောက်နဲ့ ထည့်လိုက်ပြီ"

ရေးကြီးသုတ်ပျာဖြင့် သတင်းလာပေးသည့် မရီမြင့်စကားကြောင့် ဆရာမကြီး ဒေါ်ဌေးဝင်း အံ့သြသွားသည်။

"ဟေ. . . ရီမြင့်ရယ်. . . သေချာရဲ့လားကွယ်"

"သေချာပါတယ် ဆရာမကြီးရယ်. . . ဟောဒီမျက်စိနဲ့ကို မြင်လိုက်တာ. . . မနေ့ညနေက ကားကြီးနဲ့ခေါ်သွားတာပါတော်" ဆရာမကြီး အေးလင်းအတွက် ပို၍စိတ်ပူသွားသည်။

"ဟေ. . . ဒီလိုဆို မဖြစ်ဘူး. . . ဖြူမဆီ လိုက်သွားမှ ဖြစ်မယ်"

"ဟုတ်. . . ဆရာမကြီး"

ဆရာမကြီးဒေါ်ဌေးဝင်းနှင့် မရီမြင့်တို့ ဒေါ်ဖြူမ၏အိမ်သို့ ရေးကြီးသုတ်ပျာဖြင့် ထွက်လာခဲ့ကြသည်။ ဆရာမကြီးက တပည့်ဟောင်းလေး အေးလင်းအတွက် စိတ်ပူနေ၍ ဇောချွေးများပင် ပြန်နေသည်။ ဒေါ်ဖြူမကိုလည်း စိတ်တိုနေဟန်ရှိ၏။ အဝေးသို့ အလုပ်လုပ်လွှတ်မည်ဆိုပါက သူတာဝန်ယူ၍ အလုပ်ရှာပေးမည့်အကြောင်း ပြောနေသည့်ကြားမှ သူစိမ်းများလက်သို့ ထည့်လိုက်ခြင်းဖြစ်သည်။ မည်သို့မည်ပုံဖြင့် ထည့်လိုက်သည်ကိုလည်း ဆရာမကြီး ရိပ်စားမိပါသည်။ ဘာကြောင့်လဲဆိုတော့ ဒေါ်ဖြူမ ငွေရမည်ဆိုပါက မည်သည့်အလုပ်မဆို လုပ်ဝံ့သူဖြစ်သောကြောင့်ပင်။ ဆရာမကြီး ဒေါ်ဖြူမ၏အိမ်ရောက်တော့ ဒေါ်ဖြူမက သူယောကျ်ားဦးချက်ကြီးနှင့် ပြုံးလို့ပျော်လို့ နေ၏။ ဒေါ်ဖြူမက ဆရာမကြီး ဝင်လာသည်ကို မြင်တော့ မျက်နှာကွက်ခနဲ ပျက်သွား၏။ ထို့နောက် ဆရာမကြီးက ဒေါ်ဖြူမကို ခုနစ်သံချီ၍ ဆိုတော့၏။

"ဖြူမရယ်. . . ညည်းအေ. . . ငါပြောနေရဲ့သားနဲ့. . . အခု အေးလင်း ဘယ်မှာလဲ"

"မနေ့ထဲက ထည့်လိုက်ပြီ"

ဦးချက်ကြီးက မူးပြီးဝင်ပြောပြန်သည်။ ထိုအခါ ဒေါ်ဖြူမက အသံတိတ်နေ၏။

"ညည်းတို့အေ. . . အဲ့ဒါဘယ်သူတွေလဲ"

ထိုအခါ ဒေါ်ဖြူမက ပြောပြသည်။

"ရွှေတွင်းသူဌေးတစ်ယောက်ပါ. . . ဆရာမကြီး. . . သမီးကို သိန်းခုနစ်ဆယ်နဲ့ တင်တောင်းပြီး. . . သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းပါ့မယ်ဆိုပြီး ကတိပေးသွားတယ် အဲဒါကြောင့်"

"အဲဒါနဲ့ပဲ. . . ညည်းတို့က ထည့်လိုက်တယ်ပေါ့ အံ့သြတယ်အေ. . . မရဘူး. . . ဒီကိစ္စမဖြစ်ဘူး. . . ရွာလူကြီးဆီ သတင်းပို့မယ်. . ." ဟု ဆိုကာ ဆရာမကြီးတော့ တပည့်ဟောင်းလေးအတွက် တာစူနေ၏။

× × × × ×

အခန်း(၆)

ဒေါ်ဖြူမသည် ယောကျ်ားများသူပီပီ အယုံလွယ်သူ။ ဒေါ်ဖြူမ၏ရှေ့ ငွေပြလိုက်သည်နှင့် လုပ်ချင်ရာလုပ်တော့သည်။ ယခု ဒေါ်ဖြူမက မေတ္တာကို ငွေဖြင့်ရောင်းချပေးလိုက်တော့၏။ ဒေါ်ဖြူမမှာ အခက်အခဲများရှိ၍ သည်လိုလုပ်သည်လည်း ဖြစ်နိုင်ပါ၏။ အလုပ်မလုပ်သော သုံးယောက်မြောက်ယောကျ်ားဖြစ်သူ ဦးချက်ကြီးက နေ့မူးညမူးမို့ အားမကိုးရသည်လည်း ပါမည်။ ကလေးတိုးလိုးတွဲလောင်းနှင့် အမျိုးသမီးတစ်ယောက်၏ အလုပ်ကား အဆင်မပြေ။ ထိုအခါ ရေငတ်တုန်းရေတွင်းထဲကျ ဆိုသည့်အတိုင်းပင်။ ဒေါ်ဖြူမကလည်း အပူများကြောင့် သည်လိုလုပ်သည်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ဆရာမကြီးကတော့ ဒေါ်ဖြူမကိုပဲ အပြစ်တင်ရင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးအိမ်သို့ သွား၍ အကြောင်းကြားလိုက်သည်။

"ဥက္ကဋ္ဌကြီး. . . ဒီလိုဆိုရင်တော့၊ လူကို ဝယ်သွားတာပဲ"

"ဟင်. . . အဲသည်လိုဆို ဒါနည်းလမ်းတစ်မျိုးသုံးသွားတာပဲ လိုက်မှဖြစ်မယ်"

ဒေါ်ဖြူမကတော့ "မလိုက်စေချင်ဘူး" ဟု ငြင်းသည်။ ထိုအခါ ဆရာမကြီး ဝင်အော်ရပြန်၏။

"ညည်းတို့ သမီးဘာဖြစ်သွားမလဲ စဉ်းစားကြည့်. . . ညည်းသမီးကို ပေါင်းမယ်ထင်လို့လား. . . ညည်းသမီးကို ပေါင်းလို့အားရရင် ရောင်းစားမှာဟဲ့"

"ရှင်. . . အမယ်လေး. . . ကိုယ်ကျိုးနည်းပါပြီတော့"

ဒေါ်ဖြူမ အော်ငိုလေ၏။ ငွေမြင်၍ အယုံလွယ်သော ဒေါ်ဖြူမ နောင်တရလေပြီ။ နောက်နေ့တွင် ငွေနှင့်သမီးကို ပြန်လဲသောအခါ သမီးက ထိုလူနှင့် ပေါင်းပြီးဖြစ်နေ၏။ ပြန်ခဲ့မည်ပြောသောအခါ သမီးကို ပြန်ခေါ်သွားပါ၊ ပိုက်ဆံကိုလည်း ပြန်မပေးတော့နှင့်ဟု ပြောလွှတ်လိုက်သေးသည်။ အေးလင်းခမျာတော့ မိဘ၏ငွေလောဘကြောင့် ရေတိမ်နစ်ရရှာလေ၏။ ထိုလူများကို မသင်္ကာ၍ စစ်ဆေးမေးမြန်းသောအခါ လူကုန်ကူးသူများဖြစ်နေ၍ တရားဥပဒေအရ အရေးယူလိုက်တော့သည်။ ယနေ့ခေတ်တွင် ငွေပြကာ လူကိုလူချင်းကုန်ကူးနေသူများသည် ဒေါ်ဖြူမတို့ရွာကလေးထိပင် ရောက်နေပြီဖြစ်သောကြောင့် ဆရာမကြီးဒေါ်ဌေးဝင်း တစ်ယောက်လည်း သူ့ကျောင်းက ကလေးများအတွက် ပူပင်နေရပြန်သည်။ သမီးထက်ငွေကို ပို၍ချစ်သော မိခင်ကြောင့် အေးလင်းခမျာ ငရဲတွင်း မည်သို့သက်ဆင်းခဲ့ရသည်ကို ဒေါ်ဖြူမ မသိချေ။ ။

ဆောင်းပါး

# ရယူလိုခြင်း ကင်းကြစေချင်

■ နှင်းနွယ်(ကလေး)

အမျိုးသားစာပေဆုရ ဆရာမယဉ်ယဉ်နု(မန္တလေး)ရဲ့ သဒ္ဓါဖျက်ပိုးဆိုတဲ့ ဝတ္ထုဖတ်ဖြစ်တယ်။ ဇာတ်ကောင်ရီရီချိုရဲ့ အဖေက စစ်မှုထမ်းဟောင်းတစ်ယောက်။ အလှူအတန်း ရက်ရောတယ်။ သံဃာတော်တွေနဲ့ လိုအပ်နေတဲ့လူတွေ သာမက တိရစ္ဆာန်လေးတွေ ဗိုက်ဆာနေတာကအစ စားစရာဝယ်ကျွေးတတ်သူ။ တစ်ရက် လမ်းလျှောက် ထွက်ရင်း ယောဂီအဘိုးတစ်ယောက်ကို ငွေငါးရာလှူခဲ့တယ်။ နောက်ရက်တော့ ယောဂီအဘိုးက မြေးရှင်ပြုအတွက်ဆိုပြီး သုံးထောင်အလှူခံလို့ထည့်လိုက်ပြန်တယ်။ အကြောင်းပြ ချက်တွေမျိုးစုံနဲ့ ယောဂီအဘိုးက ရီရီချိုရဲ့အဖေကို အလှူခံနေတော့တာပေါ့။ ရီရီချို့အဖေကလည်း လွန်လာ တော့ သဒ္ဓါပျက်လာပြီ။ ရွာပြန်ဘုရားတည်ဖို့ ငွေသုံးသောင်း လှူပါလို့ တောင်းလာတော့ ငြင်းလိုက်တယ်။ ဒါကိုအိမ်အထိ လိုက်ချောင်းနေလို့ ပုန်းနေရတဲ့အထိ ဖြစ်လာတယ်။ "သူ့အပေါ် အစက တကယ့်ကို သဒ္ဓါတရားထားခဲ့တာ၊ အဲဒီသဒ္ဓါတရားကို ဖေဖေ့နှမြောလိုက်တာကွယ်"လို့ ရီရီချို့ အဖေက ညည်းရှာတယ်။

ဒီဝတ္ထုလေးဖတ်ပြီး အတွေးများနေမိတယ်။ သဒ္ဓါဆို တဲ့ အဓိပ္ပာယ်က စေတနာအလျောက် ထည့်ဝင်ပေးလှူ သောငွေ။ သူတစ်ပါးတိုက်တွန်းချက်အရ၊ အကြောင်း တစ်ခုခုကြောင့် မလှူမဖြစ် လှူရတာမဟုတ်ဘဲ ကိုယ့် စေတနာအလျောက် လှူလိုက်တဲ့ငွေ။ လူအတော်များများမှာ သဒ္ဓါစိတ်ရှိကြတယ်။ အထူးသဖြင့် ကျွန်မတို့ မြန်မာလူမျိုး တွေမှာ သဒ္ဓါစိတ်ကို ပိုပြီးတွေ့ရတယ်။ တချို့လူတွေက ဒီသဒ္ဓါစိတ်ကို အသုံးချကြပြီး လိုချင်တာကိုယူဖို့ ကြိုးစား ကြပြန်တယ်။ ဆရာမရဲ့ ဝတ္ထုလေးမှာ ကိုယ့်ရဲ့ဖြူစင်တဲ့ သဒ္ဓါစိတ်ကို အသုံးချတတ်သူ ယောဂီအဘိုးကြောင့် ကိုယ် ထားမိတဲ့ သဒ္ဓါတရားကို ပြန်နှမြောရတဲ့အဖြစ်ကို တွေ့ရ တယ်။ ကျွန်မတို့လည်း အဲဒီလိုပဲ အကြောင်းအရာမတူပေ မယ့် ကိုယ့်သဒ္ဓါတရားကို အသုံးချတတ်သူ တချို့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတာတွေ မကြာခဏတွေ့ရ တယ်။

ကျွန်မတို့အိမ်မှာ အိမ်ဆိုင်ဖွင့်ဖူးတယ်။ အိမ်ဆိုင်ဆို တော့ ဆေးလိပ်ကွမ်းယာကအစ ရောင်းတာပေါ့။ အိမ်နီး ချင်းလူကြီးတစ်ယောက်က ဆေးလိပ်ဝယ်ချင်ရင် အိမ်ကို လာတယ်။ ဈေးတန်းမဝယ်ဘဲ အိမ်ပေါ်တက် ရေနွေး သောက်တာပေါ့။ သူလာတိုင်းလည်း ရောင်းတဲ့ဆိုင်ပေါ်က ဆေးလိပ်ကို တစ်လိပ်ယူသောက်မယ်နော်တဲ့။ ဆေးလိပ် သောက်တတ်သူလည်း ဖြစ်တယ်။ ကိုယ့်အိမ်အလည်လာ တာမို့ စေတနာရှိပါတယ်။ ယူသောက်ပါပြောတာပေါ့။ ပြန်တော့ ဆေးလိပ်နှစ်ရာဖိုးတဲ့။ ဈေးမကြီးတဲ့ ဆေးလိပ် အကြမ်းပါ။ နှစ်ရာဖိုး ငါးလိပ်ရတယ်။ တစ်လိပ်မှလေးဆယ် ကျတာ။ အဖိုးတန်လို့ မဟုတ်ဘူး။ အိမ်မှာ လက်ဖက်သုပ် ကအစ ရှိတဲ့မုန့်ကို လေးဆယ်ဖိုးမက ဧည့်ခံကျွေးမွေး နေကျပါ။ ဒါပေမယ့် အမြဲလိုလို ဆေးလိပ်ယူသောက်ပြီးမှ နှစ်ရာဖိုးဝယ်ပြန်တော့ ကျွန်မက သဒ္ဓါပျက်လာတယ်။ တကယ်ဆို ကိုယ်ဝယ်သောက်ရမယ့်အတူတူ ဝယ်ပြီးမှ သောက်တော့လည်း ရတာပဲ။ တစ်ခါတလေ ပိုက်ဆံမပါလို့ လမ်းကြုံသောက်တာက တစ်မျိုးပေါ့။ အခုတော့ နှစ်ရာဖိုး ဝယ်တိုင်း တစ်လိပ်ယူသောက်နေတော့ သဒ္ဓါပျက်လာ တယ်။ လူပါးဝတယ် ထင်လာတယ်။ တကယ်လည်း ဧည့်သည်ဆိုတဲ့အခွင့်အရေးကို အသုံးချပြီး ဆေးလိပ် တစ်လိပ်ပိုယူချင်တာပါပဲ။

နောက်ပြီး ဘုရားပွဲ အလှူပွဲတွေမှာ မကြာခဏ တွေ့နေရတာရှိသေးတယ်။ ဥပမာ-ဘုရားပွဲဆိုတာ ကိုယ့် အိမ်လာတဲ့ ဧည့်သည်ကို ဧည့်ခံကျွေးမွေးကြတဲ့ပွဲ။ ဒါကို အိမ်ပြန်ရင် မုန့်ထည့်ပေးပါဦးလို့ တောင်းတဲ့သူတွေရှိ တယ်။ အိမ်ရှင်ကိုယ်တိုင်က သဒ္ဓါစိတ်ကြောင့် ကိုယ်မ ပြောဘဲ ထည့်ပေးတာက ထားပါ။ ကိုယ်က အိမ်အတွက်ထိ တောင်းတာတော့ မဖြစ်သင့်ဘူး။ အိမ်ရှင်က မုန့်ကို ပိုပိုသာသာ လုပ်ချင်မှလုပ်ထားမှာလေ။ သူ့အတိုင်းအတာနဲ့သူ လုပ်ထားရင် တောင်းလို့ပေးလိုက်ရပေမယ့် စိတ်ထဲတော့ နည်းနည်းကသိကအောက်ဖြစ်မယ်။ နောက်လူတွေအတွက် လောက်ပါ့မလား စိုးရိမ်ရမယ်။ လာတဲ့သူကို မုန့်ကျွေးတာ။ အိမ်အတွက်အထိတော့ မတောင်းသင့်ဘူးထင်တယ်။

နောက်ပြီး ကျွန်မတို့မှာ သနားတတ်တဲ့စိတ်လည်း ရှိကြပြန်တယ်။ သနားတယ်ဆိုတာက ဒုက္ခရောက်နေသူကို စာနာစိတ်ဖြစ်တာ၊ ကရုဏာသက်တာပေါ့။ သနားစိတ်ဖြစ် လာရင် ပေးကမ်းချင်တယ်။ လှူဒါန်းချင်တယ်။ ဒီသနား စိတ်ကို အသုံးချပြီး လုပ်စားတတ်သူတချို့ကြောင့် ကိုယ် သနားစိတ်ဖြစ်လာရင်တောင် အစစ်အမှန်သနားစရာ ကောင်းတာမှ ဟုတ်ပါ့မလားလို့ သံသယဝင်လာကြရတယ်။ တောင်းရမ်းစားသောက်ကြတဲ့ အမျိုးသမီးအများစုက ကလေးငယ်လေးတွေ ကျောပိုးပြီးတောင်းကြတာ၊ ကလေး ငယ်တွေ လက်ဆွဲတောင်းကြတာ လူတိုင်းတွေ့ဖူးမှာပါ။ ဒီကလေးငယ်တွေကို ကြည့်ပြီး သနားစိတ်ဝင်ပြီး ပေးကမ်း တတ်ကြလို့လေ။ တချို့ကလေးမရှိသူတွေဆို ကလေးငယ် တွေကို နေ့စားခပေးပြီး ငှားရမ်းကြတယ်လို့ သိရတယ်။ ကလေးရှိသူကတော့ နေ့စားပေးငှားဖို့ မလိုဘူးပေ့ါ။ ဒါဟာ လူတွေရဲ့ သနားစိတ်ကို အသုံးချကြတာပါပဲ။

ကျွန်မအမြင်ကပဲ ကြမ်းတမ်းနေလို့လား မသိဘူး။ ငယ်ရွယ်သူအမျိုးသမီးတွေ ကလေးတွေကျောပိုး တောင်း ရမ်းနေကြရင် စိတ်ပျက်မိတယ်။ ယောကျ်ားယူ၊ ကလေး မွေးတဲ့အလုပ်တော့ လုပ်နေကြပြီး စားသောက်ဖို့တော့ အလွယ်တကူတောင်းရမ်းကြတာ သဘောမကျဘူး။ အလုပ်လုပ်လို့ရတဲ့ အခြေအနေတွေလေ။ တောင်းရမ်းတယ် ဆိုကတည်းက အဆင်မပြေလွန်းလို့၊ ခက်ခဲလွန်းလို့ တောင်းကြတာမှန်း သိပါတယ်။ စေတနာလည်း မပျက် ပါဘူး။ ဒါပေမယ့် ကလေးငယ်တွေကို အသုံးချပြီး လူတွေ ရဲ့ သနားတတ်တဲ့စိတ်ကို အသုံးချနေတာတော့ မကောင်း ဘူး။ အဲဒီလို လိမ်ညာနေကြသူတွေကြောင့် တကယ့်ကို ဒုက္ခရောက်နေသူကို လိမ်နေတယ်ထင်ပြီး မကူညီမိတာတွေ ဖြစ်လာတယ်။ နောက်တစ်ချက်က မိဘတစ်ယောက်ဖြစ်ပြီး ကိုယ့်ရဲ့ကလေးတွေရှေ့မှာ လူတွေကိုလိမ်ပြီး အကူအညီ တောင်းနေတာကို မရှက်တတ်တာပဲ။ မိဘဆိုတာ သားသမီးတွေအတွက် လက်ဦးဆရာပါ။ ခြေကောင်း၊ လက်ကောင်းနဲ့ ကိုယ့်သားသမီးကို အလုပ်လုပ်ပြီး ရှာမ ကျွေးဘဲ အလွယ်နည်းနဲ့ ရှာကျွေးနေတာ ရှက်စရာကောင်း တယ်။ ကိုယ့်ကလေးတွေလည်း ကိုယ့်လမ်းစဉ်အတိုင်း လိုက်လာမှာကို မိဘဖြစ်ပြီး စိတ်ပူရမှန်းမသိဘူး။ မိသားစု ကို ရှာကျွေးတယ်ဆိုပေမယ့် ကိုယ့်ကလေးရဲ့အနာဂတ်ကို ကိုယ်တိုင်သတ်လိုက်သလိုပဲဆိုတာ မတွေးဘူး။ အနေ အစားချောင်ရင်ပြီးရော အလွယ်လမ်းလိုက်တာ။ တချို့ မိဘတွေများ ကိုယ်လက်အင်္ဂါမသန်စွမ်းတာတောင် သားသမီးကို သမ္မာအာဇီဝအလုပ်လုပ်ပြီး ရှာကျွေးတယ်။ အလွယ်တကူ တောင်းရမ်းမကျွေးဘူး။ ချီးကျူးဖို့ကောင်း တယ်။

ကျွန်မတို့တွေမှာ ကောင်းမွန်တဲ့ သဒ္ဓါတရားတွေ၊ ကိုယ်ချင်းစာတရား၊ သနားကြင်နာတတ်တဲ့စိတ်တွေကို အရောင်ဆိုးတဲ့သူတွေကြောင့် ပျောက်ကွယ်သွားမှာ စိုးရိမ်တယ်။ အဲဒီစိတ်တွေကို အသုံးချတတ်သူ၊ လိမ်လည် ရယူတတ်သူတွေကြောင့် သဒ္ဓါစိတ်တွေ အရောင်ပြောင်း ကုန်မှာလည်း မဖြစ်စေချင်ဘူး။ မပြေလည်သူကို ပြေလည် သူက ကူညီမယ်။ ဒုက္ခရောက်နေသူကို ဘေးလူတွေက ဖေးမမယ်။ ကံကြမ္မာဆိုးကြောင့် သနားစရာကောင်းသူကို ကြင်နာသနားကြမယ်ဆို လူ့ပတ်ဝန်းကျင်က အလွန်လှပ နေမှာပါ။ အချောင်လိုချင်တဲ့စိတ်တွေ၊ လက်ကြောမတင်းတဲ့ စိတ်တွေနဲ့ လူတွေရဲ့ အကြင်နာတရားကို လိမ်လည်လှည့် ဖြားယူကြရင်တော့ အဆင်မပြေလှဘူး။ လူတော်တော်များ များက ကိုယ့်မှာ ပိုလျှံနေလို့ လှူဒါန်းတာမဟုတ်ဘဲ ကိုယ့် အသုံးစရိတ်ထဲက သဒ္ဓါစိတ်ကြောင့် ခွဲဝေလှူဒါန်းရတာပါ။ မကြာခဏ လိမ်ညာခံနေရရင်တော့ သဒ္ဓါပျက်လာလိမ့်မယ်။

တခြားနိုင်ငံတွေတော့ မသိပေမယ့် ကျွန်မတို့နိုင်ငံ မှာတော့ တောင်းရမ်းစားသောက်တဲ့လူ အများကြီးရှိ တယ်။ ဒီလူတွေထဲက တကယ်ကို မဖြစ်မနေလိုအပ်လို့ တောင်းရမ်းရသူတွေကို ကိုယ်ချင်းစာတယ်။ သနားပါတယ်။ အသက်အရွယ်ကြီးရင့်ပြီး ကျွေးမွေးသူမရှိတဲ့ အဘိုး၊ အဘွား တွေဆို တကယ့်ကို သနားဖို့ကောင်းတယ်။ နောက်ပြီး လုပ်ကိုင်စားသောက်လို့ မရအောင် ကိုယ်အင်္ဂါချို့ယွင်း နေသူမျိုးပေ့ါ။ ဒါပေမယ့် ကိုယ်အင်္ဂါလည်းပြည့်စုံတယ်။ ငယ်ရွယ်သူလည်းဖြစ်ပြီး တောင်းရမ်းသူမျိုးကိုတော့ အတော်လေးစိတ်ပျက်မိတယ်။ အထူးသဖြင့် တန်ခိုးကြီး ဘုရားကျောင်းကန်တွေမှာ တွေ့ရတတ်တယ်။ ဘုရားဖူး တွေရှေ့ တံမြက်စည်းလှည်းသလိုလို၊ မြက်နုတ်သလိုလိုနဲ့ ပိုက်ဆံတောင်းကြတဲ့ ငယ်ရွယ်သူယောကျ်ားပျိုတွေကို ဘယ်လိုမှ သဒ္ဓါစိတ်မထားနိုင်ဘူး။ လူတိုင်းက လူပင်ပန်း ရင်ပင်ပန်း၊ လူမပင်ပန်းရင် ဦးနှောက်သုံးပြီး စိတ်ပင်ပန်း ရတဲ့ အလုပ်တစ်ခုခုကိုတော့ ကိုယ့်ဘဝရပ်တည်မှုအတွက် လုပ်ရတာပါပဲ။ စားဝတ်နေရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ငွေကို ဘယ်သူမှ အလွယ်တကူရလာတာမဟုတ်ဘူး။ ထိုက်သင့်သလောက် အပင်ပန်းခံရတယ်။ လူ့တန်ဖိုးဆိုတာ အလုပ်ပဲလို့တောင် ပြောကြတယ်။ အလုပ်တစ်ခုခုကို လုပ်နေမှ ပတ်ဝန်းကျင်ရဲ့ လေးစားမှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတိုးလာတယ်။ အချိန်ကို အလုပ်လုပ်ပြီး တန်ဖိုး ရှိရှိ အသုံးချတယ်။ ဒါဟာ လူတစ်ယောက်ရဲ့ မဖြစ်မနေ ထမ်းဆောင်ရမယ့် တာဝန်ပါပဲ။

ဒီတော့ ကျွန်မတို့တွေဟာ ကိုယ့်မှာရှိတဲ့ ခန္ဓာကိုယ် ရဲ့အင်အား၊ ဦးနှောက်ရဲ့စွမ်းအားတွေကို အသုံးချပြီး မရှိမဖြစ်လိုအပ်တဲ့ ငွေကို သမ္မာအာဇီဝနည်းနဲ့ ရှာဖွေရ မယ်။ တကယ်အကူအညီလိုတဲ့သူတွေကို သဒ္ဓါတရား၊ မေတ္တာတရားနဲ့ ကိုယ့်ချွေးနဲ့စာထဲက မျှဝေလှူဒါန်းကြ မယ်ဆိုရင်တော့ ဒီဘဝအတွက်ကော၊ နောင်သံသရာအထိ ပါ ရိက္ခာရှာပြီးသား ဖြစ်မှာပါ။ စေတနာ၊သဒ္ဓါတရားကြောင့် ပွင့်လန်းလာတဲ့ကုသိုလ်အလှပန်းကို လိမ်လည်လှည့်ဖြားပြီး အဆိပ်ရည်လောင်းသူတွေ မရှိစေချင်တော့ပါဘူး။ ဒါမှလည်း လူအချင်းချင်း ယုံကြည်ခြင်းတွေ တိုးလာမှာလေ။ လောကကြီးမှာ သူတစ်ပါးဆီက ကိုယ်ရလိုက်လို့ ပျော်ရတာ ထက် ကိုယ်ပေးလိုက်ရလို့ ပျော်ရတဲ့အပျော်က ပိုပြီး ကျေနပ်စရာကောင်းပါတယ်။ ပေးဆပ်ခြင်းနဲ့ ပျော်ရွှင်နိုင် ကြပါစေ။ ။

## လွတ်လပ်ရေးနေ့ တို့မမေ့

လွတ်လပ်ရေးကို ရခဲ့တာ
ဇန်နဝါရီ လေးရက်ပါ
တစ်ထောင်ကိုးရာ လေးဆယ့်ရှစ်
ကမ္ဘည်းတင်ကျန်ရစ်။
သူ့ကျွန်အဖြစ် နှစ်ရာကျော်
ရောက်ခဲ့ရလို့ တို့မပျော်
ကျူးကျော်လာသူ နယ်ချဲ့ကျား
ဖိနှိပ်အုပ်စိုးသွား။
စုပေါင်းအားဖြင့် တွန်းလှန်သည်
တိုင်းရင်းသားတို့ လက်တွဲညီ
အနိုင်ရမည် ယုံကြည်မြဲ
တိုက်ပွဲ အကြိမ်ကြိမ်နွဲ။
ဖက်ဆစ်ကိုလည်း တွန်းလှန်ပြန်
လွတ်လပ်ရေး ရရန်။
မြန်မာ့သတ္တိ ထွန်းပြောင်ကြွား
ဗိုလ်အောင်ဆန်းနှင့် ဗနည်းများ။
ပင်လုံမြေအား သက်သေတည်
ငါတို့မြန်မာပြည်
သာယာဝေစည် ယခုက
အာဇာနည်တို့ ကျေးဇူးပျ။
ပြုံးပျော်ရွှင်ပျ နေ့သစ်ဝေ
အားလုံးကြည်နူးနေ
ပျော်ပွဲတွေကို ဆင်နွှဲကြ
လွတ်လပ်ရေးနေ့ ဒါသမယ။
စည်းကမ်းရှိမှ တိုးတက်မည်
တို့နိုင်ငံခေတ်မီ
ကမ္ဘာ့စွန့်ရှည် တည်သရွေ့
လွတ်လပ်ရေးနေ့ တို့မမေ့။

ကိုကျော်စွာ(ကျိုက်ပိ)

## စိမ်းလန်းစိုပြည် မြန်မာပြည်

○ တင့်တယ်လှပ သာယာဖွယ်
တောတောင်ရှုခင်း စိမ်းလန်းတယ်
ကြည်ညိုသပ္ပာယ် စေတီများ
တန်ခိုးကြီးလှ မြတ်ဘုရား။
○ အင်းအိုင်မြစ်ချောင်း စီးသွယ်နေ
လယ်ယာကိုင်းကျွန်း အဆင်ပြေ
သီးနှံရွှက်ဝေ ကောက်ပဲမျိုး
ရွှေငွေပေါလျှံလာဘ်ဖြာတိုး။
○ သာသနာလည်း ထွန်းလင်းဖြာ
ဘုရားတရား ကြည်ညိုစွာ
ဗုဒ္ဓဘာသာ အမွေနှစ်
ပြည်မြန်မာတွင် ပေါ်ထွန်းရစ်။
○ သဒ္ဓါတရား မြဲထက်သန်
ကုသိုလ်ဒါနပြုကြပြန်
ဘုရားကျောင်းကန် ဓမ္မတေး
ဥပုသ်သီလ ယူကြသေး။ ။

စိုးမင်းလွင်(ကညွတ်ကွင်း)

. . . . . . . . . . . .

## လူသားအကျိုးပြု

○ စာကြည့်တိုက်တွေ ဖွင့်ကြပေ
လူတို့အတွက် ကောင်းကျိုးဝေ။
သိပညာတွက် အားကိုးရ
စိမ်းသူကျက်သူ မရွေးပ။
○ အများကျိုးတွက် ဖွင့်ပါလေ
သူဌေးဆင်းရဲ မရွေးပေ။
ဖွင့်ကြသူတွေ နှလုံးလှ
ပညာရှင်တွေ ပေါ်ပေါက်စွ။
○ စာကြည့်တိုက်တွေ အသုံးဝင်
နိုင်ငံ့ နာဂတ် ကောင်းဖို့ပင်။
နိုင်ငံ့ နာဂတ် သာယာမှ
လူသားကောင်းကျိုးအပြည့်ရ။

ရဲမင်းဇော်(အမြင်သစ်)

. . . . . . . . . . . .

## စုပေါင်းအားနဲ့ အလှဆင်ပါ

○ စုပေါင်းအားနဲ့ အလှဆင်
တို့ကျောင်းပတ်ဝန်းကျင်။
○ အမှိုက်တွေ့လျှင် ကောက်ပါလေး
ကိုယ်စီပါဝင်ပေး။
○ ချုံနွယ်လေးများ ခုတ်ရှင်းကွာ
သန့်ရှင်းသာသာယာ။
○ ကျောင်းလမ်းလေးမှာ ဗွက်မထဖို့
မြေဖို့ကြပါစို့။
○ တို့ကျောင်းရှေ့က ဥယျာဉ်မှာ
ပန်းမျိုးစုံလင်စွာ။
○ ရေကြည်ပေးကာ ပေါင်းသင်မှ
ပွင့်လန်းစိမ်းစိုလှ။
○ စုပေါင်းအားနဲ့ အလှဆင်ကြ။

ဇော်မိုးသူ(နတ္တလင်း)

ဝတ္ထုတို

## လင်းညို(ရွှေလင်းမြေ)



(၁)

မွေးနေ့အလှူရှင်တွေကို မေတ္တာပို့တော့ ကျုပ်လည်ချောင်းထဲ စို့တက်လာတယ်။ အဲဒါကြောင့် လိုက်မဆိုဘဲ ခဏငြိမ်နေလိုက်တယ်။ ဟုတ်မှဟုတ်ပါလေစလို့လည်း တွေးရင်း မျက်ရည်လည်မိပါရဲ့။ ဘေးကလူတွေ ရိပ်မိမှာစိုးလို့ မျက်ရည်စတွေ တိတ်တိတ်လေးခိုးသုတ်လိုက်ရသေးတယ်။

အမှတ်မထင် သူတို့ ကျုပ်ကိုမြင်သွားမှာကြောက်လို့ တဘက်ကို ခေါင်းပေါ်ကနေ ခြုံလိုက်ပြီး ခေါင်းကိုင့်ထားလိုက်တယ်။တွေးမိလိုက်တိုင်း အခုထိလတ်ဆတ်နေတဲ့ အတိတ်တွေကို ကျုပ်မလိုချင်မိတာ အမှန်ပါ။

ကျုပ်မမြင်ချင် မကြားချင်ဟန်ဆောင်နေလိုက်ပါတယ်။ စိတ်သွားတိုင်းကိုယ်မပါ လိုရာမရောက်နိုင်တဲ့ဘဝကြီးမို့ ကိုယ့်ဘဝကိုယ် နားလည်ခဲ့ပါတယ်။ ဆရာတော်ကြီးတွေ တရားထဲကလို ဝသုံးလုံးနဲ့ နေနေရတဲ့ဘဝ။ အသက်ကြီးလာရင် သားသမီးမပြုငြင်ရအောင် ဝအောင်စား၊ ဝေးဝေးနေ၊ ဝင်မရှုပ်နဲ့တဲ့။ ကျုပ်အခု အဲဒီလို နေနေရတာ။

မနက်မနက်ဆို ကျုပ်ကစောစောထတယ်။ နောက်ဖေးရေကပြင်ဆင်း ဆားနဲ့ ပါးချိုးပါးချောင်တွေ ပြောင်အောင် ရေကိုခပ် ပလုတ်ကျင်း။ ပြီးရင် ခေါင်းပေါင်းနဲ့ မျက်နှာသုတ်ပြီး ခုနစ်အိမ် ရှစ်အိမ်ကြားအောင် ဘုရားရှိခိုးတော့တာပဲ။ ဟုတ်တယ်လေ ဒါက ဟိုးငယ်ငယ်လေး ဘုန်းကြီးကျောင်းမှာ နေကတည်းက အကျင့်ဖြစ်နေတာ။ တိုးတိုးလေးရွတ်ဖတ်နေရင်တယ်ပြီး အားမရလှဘူး။အဲ အမျှဝေပြီးတာနဲ့ ကြေးစည်ကို နောင်ခနဲ မြည်အောင် ထုလိုက်ရရင် အရုဏ်တက်မှာ ဘယ်လောက်ကျက်သရေ ရှိလိုက်သလဲလို့။

အဲဒါကိုဗျာ ကျုပ်က သက်သက်မဲ့ အိပ်ရေးဖျက်ပါတယ်တဲ့။ ဘယ်သူရှိရမတုံး ကျုပ်သမက်ကျုပ်သမက်။ သူက စီးပွားရေး စီးပွားရေးနဲ့ ညဉ့်နက်သန်းခေါင်မှ ပြန်လာတယ်။ အဲဒါကို ဟိုငအမက တံခါးစောင့်ဖွင့် ပေးသတဲ့။ ယောကျ်ားပျက်တော့ သန်းခေါင် သန်းလွဲတဲ့။ ခြေလှမ်းပျက်စပြုနေတာကို အလုပ်လုပ်တာဆိုလည်း ဟိုငအမက ယုံတာပဲ။ ကျုပ်အသက် ၆၀ ကျော်နေပြီ ဘယ်ခြေလှမ်းရင် ဘယ်ဆီမှန်းတယ်ဆိုတာ သိပြီးသား။

ကျုပ်လေ အမြင်မတော်တိုင်း ဝင်ဝင်ပြောချင်ပေမယ့် ကျုပ်သမီးလေး မျက်နှာငယ်မှာစိုးလို့ ဘာမှမပြောပဲနေတာ။ ကျုပ်သမီးကလည်း သမက်နဲ့ တစ်လေသံတည်းပါပဲ။ စားစားပြန်ပြီ။ ပြော ပြောပြန်ပြီ။ သမီးဆီကျူရှင်လာတတ်တဲ့ကလေးတွေက ဘဘကြီးဖို့ဆိုပြီး မုန့်တွေကျွေးတယ်။ စားချင်တယ်ရယ် ဘာရယ်မဟုတ်ပါဘူး။ ကိုယ်က ကလေးချစ်တတ်တော့ ဒီလိုအလိုက်သင့် စားလိုက်တာတွေပါ။ အဲဒါကို သမီးက သူ့တပည့်တွေဆီက တောင်းစားရပ့ါမလားတဲ့ သူငယ်ပြန်နေတာလားတဲ့ဆိုပြီး ပြောပြန်ရော။ အဲဒီလို နေရာတကာ လိုက်ပြောနေတာ။ ကျုပ် အနေအထိုင်တော်တော်လေးကျဉ်းကျပ်တယ်။

"သမီးရေ အဖေ ကောက်ညှင်းပေါင်းနဲ့ နှမ်းထောင်းလေး စားချင်လိုက်တာကွယ် အရုဏ်ဈေးမှာ ရရင်ဝယ်ခဲ့ပါဦး"

"အဖေရယ် ဒါအဖေနေခဲ့တဲ့ ရွာမဟုတ်ဘူး၊ ရန်ကုန်အဖေရဲ့ ရန်ကုန်၊ ဘယ်က ကောက်ညှင်းပေါင်းက လာရှိနေမှာလဲ တကတဲ"

"အေးပါ ဒါဆိုလည်း နေပါစေတော့"

အဲဒီလိုတွေပေါ့ဗျာ။ တကယ်တမ်းတော့ ကောက်ညှင်းပေါင်း ရှိပါတယ်ဗျာ။ ဘေးချင်းကပ်တိုက်ခန်းက မသန်းမြတောင် ဟိုနေ့က ဝယ်လာသေးတယ်။ ဘယ်ကဝယ်လာလဲဆိုတော့ အရုဏ်ဈေးမှာ ဗန်းကြီးတွေနဲ့ ရောင်းနေသတဲ့ဗျာ။ အဲဒီကတည်းက စားချင်နေတာ။ ရွာမှာဆို အလှူမင်္ဂလာဆောင်မကျွေးပ်ထိုးရင် ကောက်ညှင်းပေါင်းနဲ့ နှမ်းထောင်းကျွေးတာလေ။ အခုမှ သတိတရစားချင်လို့ မေးတော့ မရောင်းဘူးတဲ့။ ကျုပ်သမီးရဲ့ စေတနာတွေလေ။ ကျုပ်က သူတို့အိမ်မှာ လူပိုကြီးလို ဖြစ်နေတာပေါ့။ ဝတ္တရားရှိလို့သာ ကျွေးနေတာ စေတနာပါလို့မဟုတ်ဘူး။မိဘကျေးဇူးနားလည်လို့လည်း မဟုတ်ဘူး။မိဘတစ်ယောက်ဖြစ်နေပြီး ပေးတာယူ ကျွေးတာစားနေရတဲ့ ကျုပ်ဘဝ။ ကျုပ်မိန်းမ မသိန်းရင်သာသိခဲ့ရင် ဘယ်လောက် စိတ်နာလေမလဲ။ ကျုပ်တို့က ဒီသမီးလေးကို အခုလို ကျောင်းဆရာမကြီး ဖြစ်သည်အထိ ကျုပ် ဘယ်လောက်ရုန်းကန်ခဲ့ရလဲဆိုတာ တစ်ရွာလုံးသိတယ်။

(၂)

ကျုပ်သမီးလေးမွေးတော့ မသိန်းရင်ခင်မျာ နို့မထွက်ရှာဘူး။ ဘာကြောင့်လဲတော့ ကျုပ်လည်းမသိပါဘူး။ မသိန်းရင်ဆိုတာလေ သူ့သမီးကို နို့မတိုက်ရလို့ တအီအီငိုနေလို့ ကျုပ်မှာ မနည်းအားပေး ဖြေသိမ့်ပေးခဲ့ရတာ။ ကျုပ်လေ အိမ်မှာ ဆိတ်မတစ်ကောင်ဝယ်နို့ညှစ်။ ထမင်းကို ကစီဖြစ်အောင်တွန်းပြီး ဆိတ်နို့နဲ့ရောတိုက်ကာ မွေးလာခဲ့ရတာ။ မသိန်းရင်ကလည်း သူ့သမီးကို အလိုလိုက်တယ်။ ကျုပ်ကလည်း အလိုလိုက်တယ်။ အဲသမီးလေး ရှစ်တန်းတက်တဲ့နှစ်မှာ မိုးကလည်း ခေါင် စပါးလည်းအထွက်နည်းတော့ အဲဒီနှစ်က စီးပွားရေး အတော်လေး အကျပ်တွေ့သွားတယ်ပေ့ါ။ ဒီကြားထဲ သမီးက လေးဖက်နာဆိုလား ဘာဆိုလား အဲဒါဖြစ်လို့ ကုလိုက်ရတာ အတော်ကုန်သွားတယ်။

ဆယ်တန်းနှစ်ကျတော့လည်း အစာအိမ်ရောဂါတဲ့ ထပ်ဖြစ်တယ်။ သီးနှံကမကောင်း ကျန်းမာရေးတွေကလည်း မကောင်းတော့ နွားတစ်ရှဉ်းကုန်သွားတယ်။ မသိန်းရင်ကလည်း တရှောင်ရှောင်နဲ့ ချောင်းကလည်း တဟွတ်ဟွတ်ပဲ။ ရင်ကလည်း ကျပ်တယ်နဲ့ တူပါတယ်၊ သူ့ကြည့်ရတာ မောနေတာပဲ။ ကျုပ်ဆို ဆေးလိပ်ကလည်း သောက်တယ်လေ။ လင်မယားနှစ်ယောက် ကျားပျံတစ်ထုပ်ဝယ်ထား သုံးရက်ခံရင် တော်သေးတယ်ပြောရလောက်အောင် သောက်တာ။ အဲဒီလိုတွေ။

သိပ်မကြာပါဘူး မသိန်းရင်လည်း အဲဒီလို ပူချေ ပိန်ချေနဲ့ပဲ ဆုံးသွားတယ်ပေ့ါ။ မသိန်းရင်ဆုံးတော့ သမီးလေးဆိုတာ ငိုလိုက်တာလေ မျက်လုံးလေးတွေအစ်ပြီး အသံတွေတောင်ဝင်သွားတယ်။ ကျုပ်ဖြင့် ကြည့်ပြီး သနားလိုက်တာဆိုတာလေ ကျုပ်သမီးကို။ ကျုပ်လည်း ယောကျ်ားမျက်ရည် မြေပေါ်မကျစကောင်းဆိုလို့သာနေရတာ တစ်ချက်တစ်ချက် ခိုးခိုးပြီး ရှိုက်မိသေးတယ်။

အဲဒီအချိန်တည်းက သမီးအပေါ်မှာ စိတ်နှစ်ထားလိုက်တာ အခုထိဆိုပါတော့။ ဆယ်တန်းအောင်တော့ တက္ကသိုလ်စတက်တယ်။ ကျုပ်သမီးကို လိုလေသေးမရှိအောင်ထားတာ။ ရှိတာတွေ ရောင်းချလုပ်ကိုင်ပြီး ကျောင်းထားတာ ကျုပ်။

"ကိုထွန်းအောင်နော် ရှင့်သမီးကို အရမ်းလည်း အလိုမလိုက်နဲ့ ထိန်းမနိုင် သိမ်းမနိုင် ဖြစ်နေမယ်"

"ငါနားလည်ပါတယ် သိန်းရင်ရယ်။ နင်ဆိုတာလည်းလေ ပူတတ်ရန်ကောင်းသမီးလေးက အလိမ္မာလေးပါဟ ငါပြောရင် ရပါတယ်"

မသိန်းရင် မဆုံးခင်က သမီးကို သူ့ထက်အလိုလိုက်လို့ အဲဒီလို စကားတွေပြောရသေးတာ။ ဒါတွေက အခုအချိန်မှာ ဘာမှမဟုတ်တော့ပါဘူး။ ရေထဲမှာ အရုပ်ဆွဲသလို ဘာမှထင်မကျန်ခဲ့တော့ဘူး။ ကျုပ်တစ်ယောက်တည်း ထယ်ထိုး၊ ကိုင်းခုတ်၊ ဘာလာလာ အကုန် တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်ခဲ့တာ။ ကျုပ်ကတော့ သမီးလေးကို ဆရာဝန်ဖြစ်ဖို့ စိတ်ကူးယဉ်မိတာပါ။ အင်း ကျုပ်အသက်ကြီးလို့ မလုပ်နိုင်၊ မကိုင်နိုင်တော့ရင် သမီးဒေါက်တာမရဲ့ လုပ်စာလေးကိုစား အိမ်ဦးခန်းမှာ အခန့်သားနေမယ်ပေ့ါ။ နေမကောင်းလည်း ကိုယ့်သမီးတိုက်တဲ့ဆေးကို သောက် ယူပစ်သလိုပျောက်။ ဒီလိုတွေ ရှုးခဲ့တာ အခုတော့ တက္ကသိုလ်မှာ ချစ်တဲ့ချစ်သူက ကျောင်းဆရာမပဲ လုပ်ပါဆိုလို့တဲ့ တစ်သက်လုံးလုပ်ကျွေးလာခဲ့တဲ့ ဒီအဖေရဲ့ ရည်မှန်းချက်ကို အခုမှတွေ့တဲ့ချစ်သူစကား တစ်ခွန်းနဲ့ လဲပစ်လိုက်တာ ကျုပ်သမီးပေ့ါ။

(၃)

ကျုပ်ကလည်း ဆေးလိပ်ဆို တအားကြိုက်တာ။ မသိန်းရင်နဲ့ မညားခင်ကတည်းက သောက်လာတဲ့ဆေးလိပ်။ ဒါကိုလည်း သမက်က မကြိုက်ပြန်ဘူး။ သလိပ်တွေ လည်ချောင်းထဲ ထွေးနေပြန်ရင်လည်း ဟက်ထုတ်ပြီး ထွေးပစ်တာပေ့ါ။ အဲဒါလည်း ကြုံရာတွေ့ရာ ထွေးလို့တဲ့၊ ဉည့်သည်လာရင် ရှက်ဖို့ကောင်းတယ်တဲ့ လုပ်ပြန်ရော။အဲဒီအခါ မျှားဆိုပြန်ရင်လည်း သမီးနဲ့ စကားများကြပြန်ရော။ သမီးကလေ ငယ်ငယ်ကလို ကျုပ်စကားကို နားမထောင်တော့ဘူးဗျ။ သူ့ယောကျ်ားစကားပဲ ယုံတော့တာ။ ကျုပ်လေ သမီးလေးကိုချစ်လို့သာ သည်းခံနေတာ ဒီမှာ မနေချင်တော့ဘူးဗျာ။ ဒါပေမယ့် ကျုပ်အတွက် သံယောဇဉ်တစ်ခုက ထပ်တိုးလာပြန်ရော။ ကျုပ် မြေးချီရတော့မှာလေ သမီးလေးမှာ ကိုယ်လေးလက်ဝန်ဖြစ်နေပြီ။ ကျုပ်အဖြစ်ကလည်း ဘာနဲ့တူသလဲဆိုတော့ ပိုးစာကောင်လို ဖြစ်တာ ရုန်းလေနစ်လေပဲ။

ကျုပ်က မနက်စောစောဆို ဗိုက်အလွန်ဆာတာ။ ဘုရားရှိခိုးပြီးရင် တစ်ခုခုလေးတော့ စားလိုက်ရမှ အဆင်ပြေတာ။ သမီးကလည်း မပေ့ါမပါးဆိုတော့ ကျုပ်ကပဲထ ထမင်းချက်ဟင်းချက်လုပ်ရတာပေ့ါ။ အင်း ကျုပ်ချက်တဲ့ လယ်သမားချက်ကျပြန်တော့လည်း ဆီမပါသလေး၊ ဆားငန်သလေး လုပ်ပြန်ရော။ ကျုပ်သမက် ကျုပ်သမက်။ ဒီတော့လည်း သမီးကပဲ ထချက်ရပြန်ရော။ ကျုပ်ဖြင့်လေ ကျုပ်သမီးမပေ့ါမပါးကြီးနဲ့ လုပ်ကိုင်နေရတာ ကြည့်ပြီး သနားလိုက်တာ။ အဲဒါ ဟိုအကောင်ကြောင့် သူကြေး(ဂျီး)များလို့ သမီးလေးပင်ပန်းနေရတာ ကျုပ်ချက်တာသာ အေးအေးစားရင် သမီးလေး သက်သာမှာ။

"အဖေ ဘကြီးဖိုးထိ ဖုန်းဆက်တယ် ရွာမှာ စုပေါင်းရှင်ပြုရှိတယ်တဲ့ သူက မတည်တာတဲ့ အဖေ့ကိုလည်း ဆက်ဆက်လာခဲ့ပါဦးတဲ့"

"ဟုတ်လားသမီး အေးအေး သူ့မြေးတွေ ရှင်ပြုတာဖြစ်ရမယ် အေးအေး ဘယ်ရက်လဲ"

"အခုလဆန်း ၁၂ ရက် ၁၃ရက်တဲ့"

"နီးနေပြီပဲ ဒါဆို မနက်ဖြန် ပြန်မှရမယ်ထင်တယ်။ ရက်ကပ်မှ ရောက်သွားလို့ မကောင်းဘူး ရက်ကြိုကတည်းက သွားမှကောင်းမှာ"

"အင်းပေ့ါ ဒါဆိုသမီးအဝတ်တွေထည့်ထားပေးမယ်လေ"

"ရပါတယ် သမီးရယ်၊ နေသာသလိုနေပါ အဖေ့ဘာသာလုပ်ပ့ါမယ်"

သမီးရဲ့မျက်နှာက ရွှင်နေတာပဲ။ အရင်က ကျုပ်နဲ့ပတ်သက်ရင် ဘယ်တုန်းကမှ အခုလိုတက်ကြွမနေတတ်တဲ့ သမီး။ စေတနာမပါနဲ့ သိတတ်မှုပါလားလို့ နောက်မှသိခဲ့ရတာ ကျုပ်သမီးကို ဒီလိုလုပ်လိမ့်မယ်လို့ မထင်ရက်ခဲ့လို့ပါဗျာ။

ကျုပ် သမီးကို စိတ်မချတချနဲ့ပဲ ရွာကိုပြန်လာရတာ။ အလှူကလည်း စည်ကားလိုက်တာ။ ရွာကလည်း ဟိုတုန်းကလို မဟုတ်တော့ဘူး လျှပ်စစ်မီးတွေ ဘာတွေရလို့။ ဖိုးထိကလည်း မြေးတွေက မောင်ရင်လောင်း ဝတ်စုံနဲ့ ဘေးမှာ သပိတ်ကြီးကိုလွယ် မောင့်ကျက်သရေခေါင်းပေါင်းနဲ့ ခန့်နေတာပဲ။ ကျုပ်လည်း ကျုပ်သမီး သားလေးမွေးရင် အခုလိုရှင်ပြုမယ် သမီးမွေးရင် နားသမယ်။ ကျုပ်ရဲ့စိတ်ကူးထဲမှာတင် ကျုပ်တော်တော်ပီတိတွေဖြစ်နေပြီ။ ဖိုးထိကလည်း ကျုပ်သမီးအလိမ္မာလေး ရထားလို့ ကံကောင်းတယ်တဲ့။ ပြောသာပြောတာ ကျုပ်ရွာပြန်တာ လေးငါးရက်ရှိပြီ သမီးလေးကို နောက်ဆံတင်းမိတာတော့အမှန်ပဲ။ အင်း အလှူလည်းပြီးပြီဆိုတော့ မနက်ဖြန် ရန်ကုန်ပြန်ဆင်းမှ ဖြစ်မှာပါ။

(၄)

ရန်ကုန်ပြန်ရောက်တော့ အကုန်မွှန်းကျပ်နေတာပဲ။ ကားတွေရောလူတွေရော။သမီးလေးကို မခွဲနိုင်လို့သာ ရန်ကုန်ဆိုတာကြီးကို လိုက်နေရတာ စိတ်ကျဉ်းကျပ်ပါဘိသနဲ့။

နဖူးကချွေးတွေကို အင်္ကျီလက်မောင်းစနဲ့ သုတ်ပြီး လေးထပ်မြောက်ကို အပြေးတက်ခဲ့တာပေ့ါ။ သမီးလေးကို လွမ်းလှပြီလေ။ သူ့ဘာသာသူ လူလားမြောက်တယ်ပဲပြောပြော ဘာပဲပြောပြော ကျုပ်မျက်စိထဲတော့ အခုထိ ကလေးလေးပါပဲ။ ကျုပ်အခန်းရှေ့ရောက်တော့ အခန်းကြီးက သော့ခတ်ထားတယ်။

"ကိုထွန်းအောင်ကြီး ပြန်လာပြီလား"

ကျုပ်ကို နှုတ်ဆက်လို့ လှည့်ကြည့်တော့ မသန်းမြရယ်။

"ဟုတ်တယ်မသန်းမြရဲ့ သမီးတို့ရော"

"ဟယ် သူ့ယောက္ခမအိမ်ကို ပြောင်းသွားတယ် မပေ့ါမပါးကြီးနဲ့မို့လို့ဆိုလား"

"ဗျာ"

ကျုပ်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားတယ်။ ဘုရား ဘုရား ဘုရား။ ဘုရားအလီလီတရင်း ကျုပ်စိတ်ကို မနည်းငြိမ်အောင်ပြန်ထိန်းရတယ်။ သြော် လုပ်သွားရက်လေခြင်း သမီးရယ်။အဖေ တစ်ယောက်တည်းပါ။ သမီးတို့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေမှန်း အဖေမသိခဲ့လို့ပါ။ သားသမီးသံယောဇဉ်တစ်ခုတည်းနဲ့ သမက်ရဲ့ အငြူစူခံပြီးနေလာခဲ့တာပါ။ ကျုပ်ရင်ထဲမှာ စကားလုံးတွေ ပြည့်သိပ်သွားပေမယ့် အသံထွက်မလာခဲ့ပါဘူး။ဘဝမှာ တွယ်တာစရာဆိုလို့ သမီးနဲ့ လူမဖြစ်သေးတဲ့ ကျုပ်ရဲ့မြေးကလေးပါပဲ။ ကျုပ်ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားပေမယ့် လှေကားထစ်တွေကို ထိန်းဆင်းရင်း အောက်ထပ်ကိုရောက်ခဲ့ပါပြီ။ မသန်းမြလည်း ကျုပ်အဖြစ်ကိုကြည့်ပြီး ကရုဏာသက်နေမယ် ထင်ပါတယ်။

(၅)

"ဒေါင် ဒေါင် ဒေါင်"

အချက်ပေးသံကြားတော့ အိပ်ရာလိပ်ကလေးသိမ်း။ ကိုယ်လက်သန့်စင်ပြီးတော့ ဘုရားရှိခိုး တရားထိုင်ရတယ်။

"ဝင်လေ ထွက်လေ ဝင်လေသိ ထွက်လေသိ"

ဝင်နေ ထွက်နေတာက ရုပ်။ ဝင်နေတာ ထွက်နေတာကို သိတာက နာမ်။ ဝင်လေလေးကလည်း ခိုင်မြဲခြင်းမရှိ ထွက်လေအစားထိုးတာပဲ။ ထွက်လေလေးကလည်း တည်တံ့ခြင်းမရှိ ပျက်စီးပြီး ဝင်လေအစားထိုးနေတာပဲ။ အားလုံးက ငါမရှိ၊ သူမရှိ၊ သားမရှိ၊ သမီးမရှိ၊ ယောကျ်ား မရှိ မိန်းမ မရှိ နာမ်နဲ့ ရုပ်ချည်းသာရှိတာ။ နာမ်ရုပ်သည်လည်း ခိုင်မြဲတည်တံ့ခြင်းမရှိ ပျက်စီးရပါလား။ အနိစ္စ အနိစ္စ။ အတိတ်ကပြုခဲ့တဲ့ သမုဒယသစ္စာအကြောင်းတွေကြောင့် ယခုပစ္စုပ္ပန် ဒုက္ခသစ္စာအကျိုးတွေဖြစ်နေတာပါလား။

ငြိမ်းချမ်းလိုက်တာ၊ အေးချမ်းလိုက်တာ။ ကျုပ်ဒီဘိုးဘွားရိပ်သာကို မသန်းမြကျေးဇူးနဲ့ ရောက်လာတာ သုံးနှစ်ပြည့်တော့မယ်။ ကျုပ်လေ အရင်တုန်းကလောက် မတုန်လှုပ်တော့ဘူး။ ကိုယ်နဲ့ ဘဝတူတွေလည်း အများကြီး။ တကယ်အေးချမ်းရာကို တွေ့နေတာတောင် သမီးကို ကျုပ်အာရုံထဲမှာ ဖျောက်လို့မရဘူး။

မနေ့က သမီးတို့လာပြီး မြေးလေးရဲ့ နှစ်နှစ်ပြည့်မွေးနေ့အလှူ လာလုပ်သွားတုန်းက ကျုပ်လေ ဝမ်းနည်း ဝမ်းသာဖြစ်သွားမိတာ။ ကျုပ်ခိုးကြည့်တာ ကျုပ်မြေးကလေးကလေ ဝဝကစ်ကစ်လေးနဲ့ ချစ်စရာလေးဗျာ။ကျုပ်ဖြင့် ပြေးသွားပြီး နမ်းရှုပ်ချင်မိပါရဲ့။ ဒါပေမယ့် ကျုပ် ဒီရိပ်သာမှာရှိတာသိရင် နောက်လှူချင်မှလှူတော့မှာလေ။ ကျုပ် အတတ်နိုင်ဆုံး တရားနဲ့ ဖြေနိုင်ခဲ့ပါတယ်။ အလှူရှင်ဂုဏ်ပြုလွှာမှာ "ကွယ်လွန်သူ ဘိုးဘိုး ဦးထွန်းအောင်အား ရည်စူး၍ မွေးနေ့ရှင်မြေးလေး ဘုန်းထက်အောင်မှ အလှူငွေ သုံးသိန်း"တဲ့။ သြော် အားလုံးက ကျုပ်ကို သေပြီလို့သတ်မှတ်လိုက်ကြပြီကိုး။ ကျုပ်ခပ်တိုးတိုးလေး သာခုခေါ်ရင်း မချိပြုံးလေး ပြုံးမိပါရဲ့။

"တို့ဖေဖေ
စားဝတ်နေရေး
ငွေရှာပေး ကျေးဇူးကြီးပေ တို့ဖေဖေ။
ဝတ်စားဆင်ယင် မြတ်နိုးကြင်
ချစ်ခင်ရှာပေ တို့ဖေဖေ"

ကလေးတွေကို အိမ်မှာကျူရှင်သင်နေတဲ့ သမီးရဲ့အသံလေးတွေ ကျုပ်နားထဲမှာ အခုထိ ခပ်ဝါးဝါး ကြားမိနေတုန်း။ ။

ဆောင်းပါး

# မသိသူကျော်သွား သိသူဖော်စား

ချစ်ခိုင်စံ(ဘီအီးဒီ)

(က)

ဆရာကြီး မဟာဆွေသည် နေသူရိန်ဟူသော ကလောင်အမည်ခွဲဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါ၏။ ထိုဆောင်းပါး၏ခေါင်းစဉ်မှာ "အိမ်ရှေ့ကိုယ်တော်ကြီး" ဖြစ်ပါသည်။ ဤသို့ဆိုလျှင် အထက်ပါဆောင်းပါးအား ကျွန်တော်တို့နိုင်ငံရှိ ဒသမတန်းတက်ရောက်ဖူးသော လူငယ်လူရွယ်တိုင်း သင်ကြားဖူးမည်ဖြစ်ပါ၏။ ထိုဆောင်းပါးထဲတွင် ဆရာကြီးက အိမ်ရှေ့ကိုယ်တော်ကြီးဖြစ်သည့် ကနောင်မင်းသားကြီး၏ ရဲစွမ်းသတ္တိနှင့် နိုင်ငံအတွက် လုပ်ကိုင်ပေးခဲ့ပုံ၊ စိတ်ဓာတ်အင်မတန်ပြင်းထန်ပုံတို့ကို ဖတ်ချင်စဖွယ် ရေးသားထားပါသည်။

ဖတ်ရသည်မှာ အရသာတွေ့လှ၏။ အဆီအနှစ် ပြည့်ဝလှ၏။ တပည့်များကို ပြန်လည်သင်ကြားပေးသည့်အခါတွင်လည်း အတော်ပင်သင်ပြ၍ကောင်းသော စာပေလက်ရာဖြစ်ခဲ့ပါသည်။ ထိုအထဲတွင် ဆရာကြီးက စာဖတ်သူအား ဆုံးမသွန်သင်မှုများ၊ သတိပေးစေ့ဆော်မှုများလည်း အခါအားလျော်စွာ ထည့်သွင်းထားပါသေး၏။ ထိုအထဲတွင်မှ ကျွန်တော်မှတ်မိလွယ်သော စာသားတစ်ကြောင်းရှိပေသည်။ ၎င်းမှာ ဤသို့တည်း။

"စစ်သားမရှိသော တိုင်းပြည်သည် ခြေထောက်နှစ်ဖက်ပြတ်သော တိုင်းပြည်နှင့်တူ၍ သူများကို တိုက်ရည်လည်းမရှိ၊ ခံရည်လည်းမရှိ၊ အဘက်ဘက်က ရှုံး၍နေတော့၏။"ဟူ၍သာ။

ထိုစာသားလေးအား ဖတ်ပြီးသောအခါ ကျွန်တော့်စိတ်အာရုံဝယ် အတွေးတို့ ခက်ဖြာလာပေသည်။ ဟုတ်သည်။ ဆရာကြီးတို့ခေတ်က အင်္ဂလိပ်ကိုလိုနီကို အပြီးသတ်နိဂုံးချုပ်ပေးတော့မည့်အချိန်ဖြစ်၍ ထိုစာသားသည် ပြည်သူတို့၏ ရဲစွမ်းသတ္တိအား နှိုးဆွရာတွင် အားအကောင်းဆုံးစာသားဖြစ်ခဲ့ပါသည်။ သို့အတွက် သူ့ခေတ်သူ့ကာလနှင့် သဟဇာတဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါ၏။ တစ်ဆက်တည်းတွင်လည်း ခေတ်ကာလအခြေအနေပေါ်လိုက်၍ စာပေဖန်တီးရာ၌ သင့်တော်ရာစကားလုံးကို ရွေးချယ်သုံးနှုန်းတတ်သော ဆရာကြီး၏ ပညာဉာဏ်ကြီးမှုအား ဦးခိုက်မိခဲ့ပါသည်။

သည့်အပြင် ကျွန်တော်လည်း ဆရာကြီး၏ အတွေးကို ကိုးကား၍ ယနေ့ခေတ်နှင့် ချိန်ဆကြည့်မိပါ၏။ ယနေ့ခေတ်သည် ၂၁ ရာစု။ ဂလိုဘယ်လိုက်ဇေးရှင်းဟု တစ်ကမ္ဘာလုံးက ကြွေးကြော်နေသောကာလ။ တစ်နည်းအားဖြင့် အသိပညာနှင့် အတတ်ပညာတို့ မီးတောင်ပေါက်ကွဲသည့်အလား ဝုန်းဒိုင်းကြဲပေါက်ကွဲ ထွန်းကားနေသော ပညာ့ခေတ်ဖြစ်ပေ၏။ သည့်အတွက် ယနေ့ခေတ်ထဲတွင် ကျွန်တော်တို့ နိုင်ငံသားတိုင်း မည်သည့်အရာလိုအပ်ပါသနည်း။

ပညာလိုအပ်သည်ဟု တွေးထင်ထားလျှင် သင့်အဖြေသည် လုံးဝဥသုံ ငြင်းချက်မရှိမှန်ကန်ကြောင်း ကျွန်တော်ထောက်ခံပါရစေ။ ဟုတ်ပါသည်။ ယနေ့ခေတ်တွင် အများတကာနှင့် ရင်ပေါင်တန်းဖို့ရန် "ပညာ" လိုအပ်ပါ၏။ သည့်အတွက် ဆရာကြီး၏ စာသားလေးကိုသာ အသွင်ပြောင်း၍ ငှားရမ်းလိုက်ချင်ပါသည်။

"ပညာမရှိသော တိုင်းပြည်သည် ခေါင်းမပါသော တိုင်းပြည်နှင့်တူ၍ သူတကာတို့ ရှင်သန်ချိန်၌ အလောင်းကောင်ပမာ လောက်ထိုးပိုးကိုက်ဖြစ်နေပေလိမ့်မည်။"ဟူလို။

(ခ)

၂၁ ရာစုသည် ပညာ့ခေတ်၊ ပညာကို လိုလားတောင့်တသော ကာလဖြစ်ပါသည်။ လိုချင်လျှင် ပညာရနိုင်သော ဌာနေများ အလွန်ပေါ၏။ ငယ်ရွယ်စဉ်တွင် ကျောင်းတွင်း၌ ပညာရှာနိုင်သည်။ အရွယ်ရောက်လာလျှင် လူမှုပတ်ဝန်းကျင်၌ ပညာရှာနိုင်သည်။ ယခုဆိုလျှင် တိုးတက်လာသော ခေတ်အခြေအနေအရ လက်ထဲတွင် ဖုန်းလေးတစ်လုံးရှိရုံဖြင့် လိုချင်သည့်ပညာရပ်များကို ရှာဖွေလာနိုင်သည်။ အင်တာနက်တစ်ချက်ခေါက်ရုံဖြင့် သိချင်သမျှ သိနိုင်မည်။ ဝက်ဘ်ဆိုက်များကို ဝင်မွှေ၍ သင့်တော်ရာ နိုင်ငံခြားကျောင်းများ၏ မေးမြန်းမှုများကို ဖြေနိုင်ပြီး အောင်မြင်လျှင် ပညာသင်အဖြစ် ကျောင်းသွားတက်နိုင်မည်။

အခုဆိုလျှင် အွန်လိုင်းပေါ်မှပင် အဝေးသင်ပညာရေး တက်လှမ်းခွင့်ရနေပေပြီ။ ပညာသင်ယူဖို့အတွက် ဤမျှအဆင်သင့်သောခေတ် ရှေးယခင်က မရှိခဲ့ချေ။ နှောင်းလူငယ်လေးတို့အတွက် အဘယ်မျှ ကောင်းလိုက်သနည်း။ ကမ္ဘာကြီးက ရွာကြီးတစ်ရွာဖြစ်လာချိန်၌ အစစအရာရာသော သတင်းအချက်အလက်တို့သည် နေ့ချင်းညချင်း ပေါက်ဖွားနေပေပြီ။

ပညာဟုပြောလျှင်လည်း အသိပညာနှင့် အတတ်ပညာဟူ၍ နှစ်မျိုးရှိပေ၏။ မည်သည့်ပညာကို သင်ယူလိုပါသနည်း။ ယခုခေတ်တွင် အသိပညာသင်ယူလိုလျှင်လည်း လွယ်သည်။ အတတ်ပညာ သင်ယူလိုလျှင်လည်း လွယ်သည်သာ။ ဤသည်ကို အင်တာနက်အသုံးပြုနေသူတိုင်း သိပါ၏။ နေ့စဉ်နှင့်အမျှ အင်တာနက်ပေါ်၌ အသိတရားဆိုင်ရာ အဆိုအမိန့်များ၊ ဗဟုသုတရစရာ အတွေးအခေါ်အယူအဆများ၊ လေ့လာမှတ်သားစရာစာပေများ ပေါ်ထွန်းနေပေ၏။ သည့်အပြင် အတတ်ပညာဆိုင်ရာများလည်း အင်တာနက်ပေါ်၌ တွေ့မြင်နေရပါသည်။ မကြာခဏဆိုသလိုပင် နိုင်ငံအသီးသီးမှ တီထွင်ဖန်တီးမှုအမျိုးမျိုးအား ဗီဒီယိုများအနေဖြင့် တွေ့နေရသည် မဟုတ်ပါလော။ အသုံးချတတ်ဖို့သာ လိုသည်။

သိပ္ပံလိုလျှင် သိပ္ပံ၊ ဝိဇ္ဇာလိုလျှင် ဝိဇ္ဇာ လိုတာရှာအကုန်ရနိုင်သောခေတ်ဖြစ်သည်။ သို့သော် ကျွန်တော်တို့နိုင်ငံသားများ အသုံးချပါ၏လော။ ခေတ်ကြီးကိုကပင် "မသိသူကျော်သွား သိသူဖော်စား"သော ခေတ်ဖြစ်ပါ၏။ ကျွန်တော်တို့အားလုံး ညံ့လျှင်ခံရမည်သာ။ တစ်ပါးသောနိုင်ငံတို့ ပညာတောင်ထိပ်သို့ အလျှိုလျှိုရောက်နေချိန်၌ ကျွန်တော်တို့နိုင်ငံသည် မသိခြင်းပင်လယ်၌ စုန်ဆန်မျောနေရပေလိမ့်မည်။ ကျွန်တော်တို့ နိုင်ငံသားတိုင်း သတိရှိဖို့လိုနေပြီဖြစ်သည်။

(ဂ)

အမှန်ပြောရလျှင် ယခုခေတ် လူငယ်လေးများကို မြင်ရတွေ့ရသည်မှာ ရင်နာလှသည်။ ငယ်ရွယ်စဉ်တွင် ကြိုးစားရမည့်အစား အပျော်အပါးမက်လွန်းနေသည်။ ဟေးလားဝါးလားလုပ်ရန် မည်သည့်နေရာ၌ အဘယ်သို့သော ပွဲလမ်းသဘင်များရှိသည်ကိုသာ အာရုံစိုက်သည်။ အဘယ်မျှသော အချိန်လေးအတွင်း မည်သို့အားစိုက်ကြိုးစားလိုက်မည်ဟူသောအတွေးက ရေးရေးမျှပေါ်မလာ။

တချို့ဆိုလျှင် အသက်ကလေး လက်တစ်ဆစ်လောက်ဖြင့် ဆေးလိပ်ကလေး လက်ကြားညှပ်လျက် ကွမ်းကလေးမြုံ့လျက်။ သည့်ထက်ပိုဆိုးသည်မှာ တချို့လူငယ်လေးများသည် ဘီယာကလေးတမြမြ၊ မျက်လုံးကလေး ယစ်ထွေထွေဖြင့် အင်မတန် နှမြောစရာကောင်းပါပေ့။ ရှိပါသေးသည်။ တချို့လူငယ်များကျပြန်တော့ ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် ရည်းစားသနာထားကာ လင်ယူသားမွေး လုပ်ပစ်ကြလေသည်။ ကြိုးစားသင့် ကြိုးစားထိုက်သောအရွယ်၌ သူ့ထက်ငါဦးအောင် လင်ယူသားမွေး အပြိုင်လုပ်နေကြသည်မှာ နိုင်ငံတော်အတွက် လူငယ်စွမ်းအင် လျော့ပါးလွန်းပါ၏။ မသိလျှင် ယခုအချိန် အိမ်ထောင်မပြုပါက တစ်သက်လုံး ယောက်ျား၊ မိန်းမ မရတော့မည့်အတိုင်းပင်။ ဩော်. . . ခက်ပါပေ့။

ဖြစ်နိုင်လျှင် ကျွန်တော်တို့နိုင်ငံအတွင်းမှ လူငယ်လေးများကို ကြိုးစားစေချင်သည်။ အများနည်းတူ ဖုန်းတစ်လုံးကိုင်ခွင့်ရချိန်၌ အများအချိန်ဖြုန်းသကဲ့သို့ အချိန်မဖြုန်းစေလိုပေ။

ဆရာကြီးဇော်ဂျီကပင် လူငယ်တို့ နောင်တစ်ချိန်၌ ပျက်စီးကိန်းစိုက်မည်ကို မလိုလားသဖြင့် သူ၏ "တက်လူတို့"ကဗျာတွင် "ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟု သတိပေးထားခဲ့သည် မဟုတ်ပါလော။ ဟုတ်သည်။ ယနေ့လူငယ်တို့သည် နောင်များမကြာမီ ကျွန်တော်တို့နိုင်ငံက အားကိုးရမည့်လူကြီးများ ဖြစ်လာကြပါလိမ့်မည်။ သို့သော် ငယ်စဉ်ကတည်းက ပညာမရှာဖွေထားသောလူငယ်များကို နောင်တစ်ချိန်တွင် နိုင်ငံတော်က အဘယ်ပုံအဘယ်နည်း အားကိုးရမည်နည်း။ ငယ်ငယ်က အပျော်လွန်သောသူသည် အရွယ်ရောက်လာပါက "ကြီးပေါ" ဖြစ်သွားမည်သာတည်း။ လူငယ်တို့ သတိမူသင့်သည်။

ယခုခေတ်သည် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်များကဲ့သို့ နိုင်ငံအချင်းချင်း လက်နက်အားကိုးဖြင့် သိမ်းပိုက်နယ်ချဲ့သောခေတ် မဟုတ်တော့ပေ။ နိုင်ငံအချင်းချင်းလည်း တရားဝင်နယ်မချဲ့တော့ချေ။ သို့သော် စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့ဖြင့်သာ အသွင်ပြောင်း၍ နယ်ချဲ့ကြပါတော့သည်။ အဘယ်မျှ အန္တရာယ်ကြီးပါသနည်း။ လက်နက်ဖြင့်လာတိုက်လျှင် ပြန်တိုက်ဖို့အခွင့်ရှိပါ၏။ သို့သော် စီးပွားရေးဖြင့် လာတိုက်လျှင်သော်လည်းကောင်း၊ ပညာရပ်ပိုင်းဆိုင်ရာဖြင့် လာတိုက်လျှင်သော်လည်းကောင်း၊ လူမှုရေးဖြင့် လာတိုက်လျှင်သော်လည်းကောင်း အဘယ်သို့ ကျွန်တော်တို့ ပြန်လည်ခုခံကြပါအံ့။ မိမိတို့တွင် လုံလောက်သော ပညာအရည်အချင်းမရှိပါက မည်သည့်အရာကိုမျှ ခုခံနိုင်လိမ့်မည်မဟုတ်။

သို့အတွက် လူငယ်တိုင်း ပညာကြိုးစားရှာဖွေသင့်ပါသည်။ သည့်အပြင် လူကြီးများကလည်း လူငယ်များ လမ်းမှန်ရောက်အောင် ပြုပြင်ပေးသင့်သည်။ ငါ့သား မဟုတ်၊ ငါ့သမီးမဟုတ်ဟု သဘောပိုက်ကာ လူငယ်များကိုပစ်မထားသင့်။ မိမိသားသမီးမဟုတ်သော်လည်း နိုင်ငံ့ရင်သွေးများ ဖြစ်နေသည်မို့ နိုင်ငံသားပီသစွာ လူငယ်များကို ထိန်းသိမ်းစောင့်ရှောက်ပေးသင့်သည်။ သို့မှသာ နိုင်ငံ့အနာဂတ်အတွက် ရင်အေးရမည်ဖြစ်ပါကြောင်း . . ။ ။

# ရဲဆေး မဟုတ်ပါ

ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

မူးယစ်ဆေးဝါးဆိုသည်မှာ အဘယ်နည်း။ မူးယစ်ဆေးဝါးဆိုသည်မှာ လူသားတို့၏ ဗဟိုနာ့ဗ်ကြောအဖွဲ့(အာရုံကြောစနစ်အဖွဲ့)ကို ထုံထိုင်းစေခြင်းဖြင့် လူသားတို့အား မူးယစ်ထုံထိုင်း၍ အသိဉာဏ်မဲ့စေတတ်သော ဆေးဝါးများကို မူးယစ်ဆေးဝါးဟု နားလည်ရပေသည်။ ကျွန်ုပ်တို့ ပုထုဇဉ်လူသားများသည် မွေးဖွားလာချိန်မှစ၍ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ စသည်တို့မှာ အနည်းနှင့်အများဆိုသလို ပါလာကြသည်ပင်ဖြစ်သည်။ ဥပမာဆိုရသော် ကလေးအရွယ်ကဆိုလျှင် အထူးအဆန်း ကစားစရာများ၊ ချစ်စရာအရုပ်ကလေးများ၊ ပစ္စည်းများဆိုလျှင် ချစ်ခင်တွယ်တာကြပါသည်။ ထိုလောဘတရားသည် မည်သူကမှ သင်မပေးပါဘဲ ကိန်းအောင်းတည်ရှိနေတတ်သည်။ မကျေနပ်ခြင်းဖြစ်ပေါ်သည့်အခါတွင်လည်း ကလေးအရွယ်ကဆိုလျှင် တစ်ခါတစ်ရံ ငိုတတ်သည်။ တစ်ခါတစ်ရံ စိတ်ဆိုးတတ်သည်။ တစ်ခါတစ်ရံ ကြမ်းကြမ်းတမ်းတမ်း ပြုမူတတ်သည်။ ထိုဒေါသတရားများကိုလည်း သင်မပေးရပါဘဲ ရှိနေတတ်ပါသည်။

ပုထုဇဉ်လူသားတို့မှာ သာမန်အားဖြင့်ပင်လျှင် မကောင်းမှုအမှောင်တည်းဟူသော အကုသိုလ်တရားကို ရှေးရှုတတ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ စသည်တို့က ပိတ်ဖုံးနေတတ်ပါသည်။ ပုထုဇဉ်လူသားတို့သဘာဝ ထိုလောဘ၊ ဒေါသ၊ မောဟ တရားတို့ကို သင့်တင့်ရုံရှိပါက အကြောင်းမဟုတ်သော်လည်း လွန်ကဲလာပါက ကျိုးကြောင်းဆင်ခြင်တုံတရားမှာ ပျောက်ကွယ်သွားတတ်ပါသည်။ ထိုအဝိဇ္ဇာတရားများအပေါ် မူးယစ်ဆေးက ထပ်လောင်းဖြည့်လိုက်မည်ဆိုလျှင် ပုထုဇဉ်လူသားတို့အဖို့ "မီးလောင်ရာ လေပင့်"ဆိုသလို အမှားပေါင်းရာထောင်ကို ကျူးလွန်မိကြပေတော့မည်။

မူးယစ်ဆေးဝါးဆိုသည့်အထဲတွင် ထန်းရည်၊ အရက်၊ ဆေးလိပ်မှစ၍ ဘိန်းဖြူနှင့် ဘိန်းအနွယ်ဝင်ဆေးဝါးများအားလုံး ပါဝင်သည်။ မည်သည့်မူးယစ်ဆေးမဆို သုံးစွဲလိုက်သည်နှင့်တစ်ပြိုင်နက် ပုံမှန်စိတ်အနေအထားမှ ယိမ်းယိုင်သွေဖည်ပြီး ကျိုးကြောင်းဆင်ခြင်တုံတရားမှာ ပျောက်ကွယ်သွားတတ်လေသည်။ အချို့သောလူတို့ဆိုလျှင် မူးယစ်ဆေးဝါးများ သုံးစွဲခြင်း၊ အရက်သေစာများ သောက်စားခြင်းကိုပင် "ရဲဆေးတင်သည်"ဟု ဂုဏ်ယူဝင့်ကြွားတတ်ကြသေးသည်။ ဤ "ရဲဆေးတင်သည်"ဟူသော စကားကိုလည်း ရှေးယခင်ကပင် ကြားဖူးကြရသည် မဟုတ်ပေ။ ယနေ့ခေတ် လူငယ်များအကြားမှာပင် မကြာခဏဆိုသလို ကြားနေရ၊ မြင်နေရသည်မှာ ထိတ်လန့်ဖွယ်ပင်ဖြစ်သည်။

ပုထုဇဉ်လူသားများအဖို့ အရက်ကလေး နည်းနည်းသောက်လိုက်ချိန်တွင် သာမန်အခြေအနေမှာထက် သွက်သွက်လက်လက်ဖြင့် ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲဖြစ်လာသည်။ ဤအချက်ကလေးနှင့်ပင် အချို့သောလူတို့မှာ မူးယစ်ဆေးဝါးအနွယ်ဝင် အရက်သေစာများကို သုံးစွဲအပ်သော အရာတစ်ခုပမာထားပြီးလျှင် "ရဲဆေးတင်သည်" ဟု ခေါင်းစဉ်လှလှတပ်၍ ဂုဏ်ယူဝင့်ကြွားခြင်းဖြစ်လေသည်။ သေသေချာချာ ဝေဖန်ဆန်းစစ်ကြည့်ပါလျှင် "ရဲဆေးတင်သည်"ဟူ၍ အရက်သေစာသောက်စားကြခြင်းမှာ အဓိပ္ပာယ်မရှိပေ။ အကြောင်းမှာ အရက်သေစာသောက်ပြီးချိန်တွင် သာမန်အခြေအနေမှာထက် ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲ ဖြစ်လာသည်မှာ မှန်သော်လည်း ထိုသို့ ဖြစ်လာရခြင်းမှာ ပုံမှန်စိတ်အနေအထားမှ ယိမ်းယိုင်သွေဖည်ပြီး ကျိုးကြောင်းဆင်ခြင်တုံတရား လျော့နည်းသွားခြင်းကြောင့် ဖြစ်သည်ကို သံသယဖြစ်ဖွယ် မလိုပေ။

အရက်သေစာ မသောက်စားမီ ပုံမှန်စိတ်အနေအထားရှိစဉ်မှာ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကထိန်းကျောင်းပေးနေသောကြောင့် မပြောသင့်သည်များကို မပြော၍၊ မလုပ်သင့်သည်များကို မလုပ်ဘဲ ဆင်ခြင်၍ နေနိုင်ကြခြင်းဖြစ်လေသည်။ အရက်သေစာသောက်စားပြီးချိန်တွင်ကား ထိုသို့မဟုတ်ချေ။ လူအများက ကဲ့ရဲ့ဖွယ်ဖြစ်မည်ကိုလည်း မကြောက်တော့ပေ။ ပြုအပ်သည်၊ မပြုအပ်သည်တို့ကို သတိမမူတော့ဘဲ ကျိုးကြောင်းဆင်ခြင်တုံတရား ပျောက်ကွယ်၍ သာမန်အခြေအနေမှာထက် ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲရှိလာခြင်းသာ ဖြစ်လေသည်။

ထို့ကြောင့် "ရဲဆေးတင်သည်"ဆိုသောစကားမှာ အဓိပ္ပာယ်မရှိသောစကား၊ အနှစ်သာရမရှိသောစကားသာလျှင်ဖြစ်သည်။ အမှန်တကယ် ရဲရင့်လာသည်မဟုတ်ဘဲ ဟီရိ ဩတ္တပ္ပတရားတည်းဟူသော အရှက်အကြောက်တရား ကင်းမဲ့သွားခြင်း၊ ကျိုးကြောင်းဆင်ခြင်တုံတရား ကင်းမဲ့သွားခြင်းသာ ဖြစ်လေသည်။

အထက်ပါ အရှက်အကြောက်တရားနှင့် ပတ်သက်၍ စာဖတ်သူများသို့ အနည်းငယ်တင်ပြလိုသည်မှာ အရာရာတိုင်းကို အရှက်အကြောက်တရားထားရမည်ဟု ဆိုလိုရင်း မဟုတ်ပါ။ ဥပမာအားဖြင့်ဆိုရသော် အရက်သေစာသောက်စားခြင်းကို မကောင်းမှုတစ်ခုဟုသိရှိပြီး မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ မကောင်းမှုပြုရမည်ကို ကြောက်ခြင်း ရှိစေရန်ကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့လူသားများအဖို့ မူးယစ်ဆေးဝါးဟု ဆိုလိုက်လျှင် အရက်သေစာအမျိုးမျိုး၊ ဘိန်းဖြူနှင့် ဘိန်းအနွယ်ဝင်ဆေးဝါးများကိုပင် ပြေးမြင်မိတတ်ကြသည်။အသေးအဖွဲလေးဟု မှတ်ယူ၍နေကြသော ဆေးလိပ်သောက်ခြင်းကိုမူ မေ့လျော့နေတတ်ပါသည်။ ဆေးလိပ်သောက်ခြင်းကို အစပျိုးမိလျှင် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ဆိုးကျိုးတရားသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းဆီကိုသာ ဦးတည်နေသောကြောင့် သတိပြုရှောင်ရှားသင့်ပါသည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးကပင် မူးယစ်ဆေးဝါး၏အန္တရာယ်ကို ကာကွယ်တားဆီးလျက်ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် အလေးထားကာကွယ်ပေးလျက်ရှိသည်။ ထိုအချက်ကိုကြည့်လျှင် မူးယစ်ဆေးဝါးများ၏ အန္တရာယ်သည် မည်မျှအထိ ကြီးမားသည်ကို လူသားတိုင်းနားလည်သင့်ပေသည်။ မူးယစ်ဆေးဝါးများသည် သုံးစွဲသူတစ်ဦးတည်းကို ထိခိုက်စေသည် မဟုတ်ပေ။ ၎င်း၏မိသားစု၊ ဆွေမျိုး၊ ပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသော ကဏ္ဍအသီးသီးကို ထိခိုက်ပျက်စီးစေပါသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ကာယစွမ်းအားနှင့် ဉာဏစွမ်းအားများ လျော့နည်းသွားစေသည်။ နိုင်ငံတိုင်းက ဤသို့ဖြစ်နေလျှင် ကမ္ဘာကြီးလည်း သာယာလှပနိုင်တော့မည် မဟုတ်ပေ။

ကျွန်ုပ်တို့လူသားများအဖို့ သင့်တင့်မျှတသော လောဘ၊ ဒေါသ၊ မောဟများရှိနေခြင်းသည် အပြစ်ဆိုဖွယ်ရာ မရှိပေ။ သို့သော်လည်း ထိုတရားများအပေါ် မူးယစ်ဆေးများ ထပ်လောင်းဖြည့်စွက်၍ လောကကြီးကို အမှောင်ဖုံးစေခြင်း၊ လောကကြီးကို ဒုက္ခများရောက်စေခြင်းတို့မှ ကင်းဝေးကြစေရန် ကာကွယ်တားဆီးကြရမည်မှာ လူသားတိုင်းတွင် တာဝန်ရှိပါသည်။

မူးယစ်ဆေးသည် သုံးစွဲမိသောအခါ လူသားတို့၏စိတ်ကို အမှန်တကယ် ရဲရင့်လာစေခြင်းမဟုတ်ဘဲ ကျိုးကြောင်းဆင်ခြင်တုံတရားများကို ပျောက်ကွယ်စေခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့် အရက်အပါအဝင် မူးယစ်ဆေးများသည် "ရဲဆေးမဟုတ်ဘဲ" အရှက်တရား၊ အကြောက်တရားများ ပျောက်ကွယ်၍ ကျိုးကြောင်းဆင်ခြင်တုံတရားကင်းမဲ့စေသော ဆေးများသာ ဖြစ်သည်ဟု မှန်ကန်စွာသိမြင်ကြပြီး လောကကောင်းကျိုးကို ဖြည့်ဆည်းသယ်ပိုးနိုင်သော ပုဂ္ဂိုလ်များဖြစ်ကြပါစေဟု ဆန္ဒပြုရင်း ရေးသားလိုက်ရပါသည်။ ။

